ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 November 2021 ၁၀၅၄၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။


၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံအတွက် အမေရိကန်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများအား အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာဘီလ်ရစ်ချတ်ဆန်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော်** နိုဝင်ဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ နယူးမက္ကဆီကို ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာဘီလ်ရစ်ချတ်ဆန်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနေမှုအခြေအနေ၊ ယခုအခါ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာပြီဖြစ်သဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိမှုအခြေအနေ၊ မြန်မာနိုင်ငံအတွက် အမေရိကန်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာသက်ခိုင်ဝင်းတို့ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကျန်းမာသုခပြည့်စုံစေဖို့ ဆေးလိပ်ဆေးရွက်ကြီး ရှောင်ကြဉ်စို့**

စာမျက်နှာ » ၆



**ကမ္ဘာတည်သရွေ့**

စာမျက်နှာ » ၁၁

**အများပြည်သူသို့ အသိပေးကြေညာချက်**

စာမျက်နှာ » ၈

**ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၀၀၂ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၇၄ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၅

# တိုင်းပြည်တိုးတက်ရေးကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၉) လပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောကြားသည့်မိန့်ခွန်းတွင် "ကျွန်တော်တို့ရဲ့ရည်မှန်းချက်က တစ်အနေနဲ့ တစ်နိုင်ငံလုံးသာယာဝပြောမှုရှိရမယ်။ နှစ်အနေနဲ့ကတော့ စားရေရိက္ခာပေါများရမယ်ဆိုပြီး ရည်ရွယ်ပြီးဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့် ဒီစိုက်ပျိုးရေးနဲ့ မွေးမြူရေးထုတ်ကုန်တွေကို ဒီထက်ပိုပြီးတော့ထွက်အောင်လို့ နိုင်ငံတော်အစိုးရအနေနဲ့ နည်းလမ်းပေါင်းစုံကနေ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ထားရှိသောရည်မှန်းချက်နှစ်ရပ်သည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့် တစ်ထပ်တည်းပင်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး၏ အဓိကလိုအင်ဆန္ဒမှာ တစ်နိုင်ငံလုံး သာယာဝပြောပြီး အေးချမ်းသာယာစွာနေထိုင်နိုင်ရေးဖြစ်ပြီး ဒုတိယအချက်အနေဖြင့် စားနပ်ရိက္ခာများ ဖူဖူလုံလုံပေါပေါများများရရှိနိုင်ရေးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့ရာ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုကြောင့် ယခုအခါ အချို့ဒေသအနည်းငယ်မှလွဲ၍ တစ်နိုင်ငံလုံးတွင် တည်ငြိမ်အေးချမ်းနေပြီကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝကောင်းမွန်သည့် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ နိုင်ငံရှိပြည်သူအများစုသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူအများစုသည် မိရိုးဖလာနည်းလမ်းနှင့် မိမိတို့ဘာသာ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ကြသောကြောင့် ဈေးကွက်လိုအပ်ချက်နှင့် တွက်ခြေကိုက်မှုတို့ဘက်တွင် လိုအပ်ချက်များရှိနေသဖြင့် စီးပွားရေးတိုးတက်မှုတွင် အားနည်းနေသည်။ ယင်းအချက်ကို ပြည်ပမှ စားသုံးကုန်များ နှစ်စဉ်တင်သွင်းနေရမှုများက သက်သေပြနေသည်။ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုပါကိစ္စကို မီးမောင်းထိုးပြပြီး ပြည်ပသွင်းကုန်လျှော့ချရေးနှင့် ပြည်တွင်းထုတ်ကုန် ပိုမိုတိုးတက်ထုတ်လုပ်တင်ပို့နိုင်ရေးကို အားပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါနှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုကြောင့် နိုင်ငံတော်နှင့်ပြည်သူများ၏ လူမှုစီးပွားရေးနယ်ပယ်တွင် အခက်အခဲများစွာရှိနေသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်သော်လည်း ပြည်ပပို့ကုန်များ ပိုမိုတင်သွင်းနေရမှုကြောင့် နိုင်ငံ့စီးပွားလိုအပ်ချက်များရှိနေသည်။ ထို့ကြောင့် ပြည်တွင်းထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်တင်ပို့ပြီး ပြည်တွင်း၌ သုံးစွဲမှုကို ခြိုးခြံချွေတာသုံးစွဲကြရန် တိုက်တွန်းနှိုးဆော်နေရသည်။ အဓိကမှာ ပြည်သူပြည်သားအားလုံးဖြစ်ပြီး ပြည်သူများက ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် ပြည်ပသွင်းကုန်လျော့ကျလာမည်ဖြစ်သည်။ ဥပမာ မြန်မာနိုင်ငံ၌ ပြည်တွင်းဆီစားသုံးမှုမြင့်မားနေသဖြင့် ကျန်းမာရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ဆီစားသုံးမှုကိုလျှော့ချပြီး ပြည်တွင်းဆီထုတ်လုပ်မှုကို တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်လာမည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ပိုမိုအားပေးလျက်ရှိပြီး ဥပမာအားဖြင့် မြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်မှုများကို နိုင်ငံတော်က ကျပ်သန်းပေါင်းများစွာ အကုန်အကျခံဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့် နေထိုင်စားသောက်မှုပုံစံများအား ပြုပြင်ဆောင်ရွက်လုပ်ကိုင်ကြမည်ဆိုလျှင် ပြည်သူများအတွက်ရော နိုင်ငံအတွက်ပါ စီးပွားတိုးတက်လာမည်ဖြစ်သည်။ လူတစ်ယောက်သည် တစ်နေ့လျှင် ဆန်နို့ဆီဘူး နှစ်ဘူးခွဲခန့် စားသုံးကြရာ ယင်းကို ၁၀ ရာခိုင်နှုန်းခန့် လျှော့ချစားသုံးကြည့်လျှင် ကျန်းမာရေးအတွက် အထောက်အကူပြုမည့်အပြင် စီးပွားဥစ္စာတိုးတက်ရေးအတွက်ပါ အကျိုးရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အတိုင်း နိုင်ငံကို တိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသား ပြည်သူများ တိုင်းပြည်ချစ်စိတ်ဖြင့်ဆောင်ရွက်ကြလျှင် အောင်မြင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်ပမှ မြန်မာနိုင်ငံကို ပျက်စီးစေလိုသူများက ဖိအားအမျိုးမျိုးပေးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေး၊ စီးပွားဥစ္စာတိုးတက်ရေးအတွက် ပြည်သူပြည်သားအားလုံးတို့က နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ဖြင့် မိမိတို့ဘဝတိုးတက်ရေးနှင့် တိုင်းပြည်တိုးတက်ရေးကို ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက် ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက် ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ်သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံ ပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ၂၀၂၂ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၂၂ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။ ၂၀၂၂ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို စက္ကူဖြူချောဖြင့် တစ်စောင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး၊ နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်-၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့်အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စိန်နဂါးစက်မှုကုန်ထုတ်သမဝါယမအသင်းမှ ကြွေထည်၊ မြေထည်၊ ဖန်ထည်ပစ္စည်းများ ထုတ်လုပ်

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စိန်နဂါးကြွေမြေ/ဖန်ထည်စက်မှုကုန်ထုတ် သမဝါယမအသင်းသည် သဘာဝဓာတ်ငွေ့အသုံးပြု၍ မီးခံအုတ်၊ လျှပ်စစ်သုံးကြွေသီးမျိုးစုံ၊ မီးခံမြေမှုန့်များ၊ ဘိုင်အိုဒီဇယ်သုံးဖန်ပုလင်းများ၊ ဆေးဝါးစက်ရုံသုံး ဆေးပုလင်းများနှင့် အလှဆင်ဖန်ထည်ပစ္စည်းတို့ကို ထုတ်လုပ်လျက်ရှိပြီး နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ဆေးဝါးစက်ရုံများနှင့် ပုဂ္ဂလိကစက်ရုံများသို့ ရောင်းချဖြန့်ဖြူးလျက်ရှိသည်။ ယခုအခါ ကိုဗစ်-၁၉ ကာလအပြီး ပြန်လည်ထူထောင်ရေးကာလတွင် မီးခံအုတ်နှင့် ကြွေသီးထုတ်လုပ်သည့်လုပ်ငန်းများအနက် မီးခံအုတ်ဖုတ်သည့်လုပ်ငန်းကို ပြန်လည်ဆောင်ရွက်လျက်ရှိပြီး အုတ်ဖိုရုံနှစ်ရုံမှ တစ်လလျှင် မီးခံအုတ်ရေ ၃၂၀၀၀ လုံးခန့် ထုတ်လုပ်လျက်ရှိကြောင်းနှင့် ပိုမိုထုတ်လုပ်ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂ - ၁၁ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၄၆၁ | ၄,၀၁၀,၇၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၂,၀၀၂ | ၆,၄၃၂,၄၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၂ | ၅၉,၄၀၀ |
| EFR | ၂,၈၅၀ | ၃,၁၀၀ | ၁,၆၀၀ | ၄,၈၁၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၆၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၄၀.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၁၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၉၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၂၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၅၄၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၄.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၆.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၀.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၇၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

## ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်

**မိမိတို့နိုင်ငံလျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် အသိပညာ အတတ်ပညာပေါ်ကြွယ်ဝသည့် လူသားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သဖြင့် ပညာရေးနှင့်ပတ်သက်သည့် အားနည်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးမြင့်မားမှသာ အသိပညာနှင့်အတတ်ပညာများ တတ်မြောက်လာပြီး ဒီမိုကရေစီကိုနားလည်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည် လာမည်ဖြစ်ကြောင်း။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပါက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို အမြင့်ဆုံးကာကွယ်စောင့်ရှောက်မှုများ ပြုလာနိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂**

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Mrauk – U COM) ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Mrauk – U COM ) ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပါက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို အမြင့်ဆုံးကာကွယ်စောင့်ရှောက်မှုများ ပြုလာနိုင်ပြီး မိမိနိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ဒေသ၏ ဂုဏ်သိက္ခာမြင့်မားတိုးတက်မှုများနှင့်အတူ ဒေသ၏စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးမှုများသည်လည်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီအနေနှင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်လာစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၊ မြောက်ဦးဒေသရှိ ဆက်စပ်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသည့် မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးထွန်းအုံက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် အဆိုပြုစာတွဲ အပြည့်အစုံ (Nomination Dossier–Complete) ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြရေးနှင့် ပတ်သက်၍ လိုအပ်သည်များဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည့် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ထံမှ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါ သာသနာပြုဌာနများနှင့် သာသနာပြုပုဂ္ဂိုလ်တို့အတွက် လိုအပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများကို အပတ်စဉ်၊ လစဉ် ရုံးထိုင်ဆောင်ရွက်နိုင်ရန်နှင့် သာသနာပြုသင်တန်းများ ဖွင့်လှစ်နိုင်ရန်အတွက် ရုံးခန်းနှင့် သင်တန်းခန်းမများ အထူးလိုအပ်လျက်ရှိကြောင်း၊ အထူးအားဖြင့် သာသနာပြုလုပ်ငန်းများအတွက် လိုအပ်သည်များကို လေ့လာသုံးသပ်ပြီး ပြည့်စုံအောင် ပံ့ပိုးဆောင်ရွက်ပေးရန် မေတ္တာရပ်ခံကြောင်း ဩဝါဒမြွက်ကြားသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ဇမ္ဗူသီရိဗိမာန်တော် သာသနာ့မြေသမိုင်းကြောင်းနှင့် ဇမ္ဗူသီရိဗိမာန်တော်တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ရန်ပုံငွေအတွက် ငွေကျပ်သိန်း ၅ဝ ကို ပေးအပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

အခမ်းအနားပြီးဆုံးပြီးနောက် ပြည်ထောင်စုဝန်ကြီးက ဇမ္ဗူသီရိဗိမာန်တော်ကြီး တရားဟောခန်းမ၊ ဆရာတော်ကြီးများသီတင်းသုံးနားနေခန်းများ၊ ဆွမ်းပြင်ဆောင်နှင့် အုပ်ချုပ်မှုရုံးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ ၌ ဖော်ပြထားသည့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၉)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်** ပြောကြားသည့်မိန့်ခွန်း ပထမကော်လံ ဒုတိယပိုဒ် စာကြောင်းရေ ၂၇ တွင် **တစ်အချက်ကတော့ စီးပွားရေးမပြည့်စုံမှု** အစား **တစ်အချက်ကတော့ ဆေးဝါးမပြည့်စုံမှု** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ထန်းတပင် နိုဝင်ဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက် ပြီးစီးခဲ့သည့် လုပ်ငန်းများအား ယနေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူနှင့်ဝန်ထမ်းများက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ညောင်ကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ စန္ဒယော်ရွာမကျေးရွာတွင် သောက်ရေကန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် ပက်အင်းကလေးကျေးရွာတွင် ကုန်ထုတ်မြေသားလမ်းဆောင်ရွက်မည့် နေရာတို့ကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် စန္ဒယော်ကျေးရွာ ရေသန့်စင်စနစ် တည်ဆောက်ခြင်း၊ ပက်အင်းကလေးကျေးရွာ မြေသားလမ်းခင်းခြင်းလုပ်ငန်းနှင့် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်**

# အာဆီယံအသင်းကြီးရဲ့ ဆက်စပ်အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ ASEANSAI ဟာ အာဆီယံအသိုက်အဝန်းကြီးရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေ အကောင်အထည်ပေါ်ရေးအတွက် ဆက်လက်ပြီး ပါဝင်သွားမယ်ဆိုတာကို မိမိအနေနဲ့ ယုံကြည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာစာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် မိန့်ကြားသည့် မိန့်ခွန်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၆) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး အထူးဧည့်သည်တော်အဖြစ် ဗီဒီယိုမက်ဆေ့ မိန့်ခွန်းပြောကြားစဉ်။

မင်္ဂလာပါ။

ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား–

မြန်မာနိုင်ငံအနေနဲ့ ASEANSAI ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူပြီး (၆) ကြိမ်မြောက် ASEANSAI Summit ကို ဦးဆောင်ကျင်းပခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မလေးရှားနိုင်ငံအနေနဲ့ လွန်ခဲ့တဲ့နှစ်များမှာ ASEANSAI ကို အတူယှဉ်ဖွယ် ဦးဆောင်မှုပေးခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

(၆) ကြိမ်မြောက် ASEANSAI Summit ကို တက်ရောက်လာကြတဲ့ SAI အသီးသီးမှ အကြီးအကဲများ၊ ကိုယ်စားလှယ်တော်များကို နွေးထွေးပျူငှာစွာ ကြိုဆိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအစည်းအဝေးကို နေပြည်တော်မှာ လက်ခံကျင်းပဖို့ရည်ရွယ်ခဲ့ပေမယ့် ကိုဗစ်အခြေအနေကြောင့် မကျင်းပနိုင်တာဖြစ်ပါတယ်။

တကယ်တော့ ASEANSAI အထွေထွေညီလာခံဟာ ASEAN ဒေသအတွင်း ကောင်းမွန်တဲ့ အုပ်ချုပ်မှုကို တိုးမြှင့်စေဖို့ စဉ်ဆက်မပြတ် ကတိကဝတ်ပြုမှုနဲ့ ခိုင်မာတဲ့တိုးတက်မှုကို ထင်ဟပ်ပေါ်လွင်စေပါတယ်။

**အာဆီယံအသင်းကြီးရဲ့ ဆက်စပ်အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ ASEANSAI ဟာ အာဆီယံအသိုက်အဝန်းကြီးရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေ အကောင်အထည်ပေါ်ရေးအတွက် ဆက်လက်ပြီး ပါဝင်သွားမယ်ဆိုတာကို မိမိအနေနဲ့ ယုံကြည်ထားပါတယ်။**

အဆွေတော်များခင်ဗျား ဒီလိုအခွင့်ကြုံတုန်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ ပတ်သက်လို့ အကျဉ်းမျှ ရှင်းလင်းပြောကြားလိုပါတယ်။ ပြီးခဲ့တဲ့ NLD အစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မဲစာရင်း လွဲမှားမှုတွေ၊ မဲမသမာမှုဖြစ်နိုင်တဲ့ မဲအရေအတွက်တွေ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ပြီး ဒါတွေကိုဥပဒေနှင့်အညီ ဖြေရှင်းပေးဖို့ ပျက်ကွက်ခဲ့ပြီး နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ရယူရန် ဆောင်ရွက်ခဲ့တာကြောင့် တပ်မတော်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေတဲ့ အချိန်အခါဖြစ်ပါတယ်။

ဒီလို ထိန်းသိမ်းဆောင်ရွက်ရာမှာလည်း မြန်မာပြည်သူတစ်ရပ်လုံးရဲ့ဆန္ဒနဲ့ မျှော်လင့်ချက်ဖြစ်တဲ့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် တည်ဆောက်နိုင်ဖို့အတွက် ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။

ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရာမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေက **"အဲဒီစနစ်တွေရဲ့အသက်"**ပဲ ဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်လာစေဖို့ အခြေခံလိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။

နိုင်ငံရေးအရ၊ လုံခြုံရေးအရ၊ စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုတွေရရှိအောင်၊ တရားဥပဒေစိုးမိုးရေး၊ တည်ဆဲဥပဒေတွေ လေးစားလိုက်နာရေးစတဲ့ အလေ့အထကောင်းကို ပိုမိုဖြစ်ထွန်းတိုးတက်လာစေဖို့အတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေနဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံရေး စီးပွားရေး လူမှုရေးဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်လုပ်ဆောင်လျက် ရှိပါတယ်။

ဒီအချက်တွေကို ပိုမိုထိရောက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကိုရယူကာ လုပ်ငန်းစဉ်တွေအားလုံးကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့ကျင့်သုံးတဲ့ နိုင်ငံခြားရေးမူဝါဒက လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒဖြစ်ပါတယ်။ နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာ ကျင့်သုံးလျက်ရှိပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း တရားမျှတခြင်း၊ တန်းတူတန်ဖိုးထားခြင်းနဲ့ ညီညွတ်မျှတတဲ့ နိုင်ငံတကာဥပဒေများကို အခြေခံပြီး လုပ်ဆောင်တဲ့ ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိတာကို ပြောကြားလိုပါတယ်။

ဒီဒေသအတွင်းမှာ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေဟာ အာဆီယံရဲ့ ပေါင်းစည်းမှုအောက်မှာ စီးပွားရေးဖွံ့ဖြိုးမှု၊ လူနေမှုဘဝတိုးတက်မှုနဲ့ ယဉ်ကျေးမှုဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်လာအောင်၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး တိုးမြှင့်လာအောင် စည်းလုံးညီညွတ်စွာ ကြိုးပမ်းလျက်ရှိကြပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံတွင် ၁၉၉၇ ခုနှစ်က အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကတည်းက ကျွန်တော်တို့ဟာ ASEAN Centrality, ASEAN Unity နဲ့ ASEAN Way စတဲ့ ASEAN ပဋိညာဉ်များအတိုင်း Consensus မူ၊ ပြည်တွင်းရေး ဝင်မစွက်ဖက်သည့်မူ၊ တစ်ခုတည်းသော အာဆီယံမိသားစုစိတ်ဓာတ်များနဲ့ လက်တွဲခဲ့တာဖြစ်ပါတယ်။

ယနေ့ ASEAN Summit နှင့် PLUS အစည်းအဝေးများမှာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ တောင်းဆိုမှုတွေဟာ ASEAN ရဲ့ စည်းလုံးညီညွတ်မှု၊ ASEAN Centrality, ASEAN Unity နဲ့ ASEAN Way စတဲ့ပုံရိပ်တွေကို ထိပါးနေပြီလားဟု သံသယဖြစ်စရာတွေ့ရပါတယ်။ အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံလာရောက်ဖို့ကိစ္စမှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်မှ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့ ဂျကာတာ အစည်းအဝေးမှာ မြန်မာနိုင်ငံအတွက် အာဆီယံသဘောတူညီချက် (၅)ရပ်အပေါ် ပြည်တွင်းမှာ လတ်တလောဖြစ်ပျက်နေတဲ့ အခြေအနေများနှင့်ဆက်စပ်၍ အလေးပေး ထည့်သွင်းစဉ်းစားသွားမည်၊ ပြည်တွင်းတည်ငြိမ်မှုအပေါ်မူတည်၍ အာဆီယံ၏ အဆိုပြုချက်များ ခရီးစဉ်များကို စဉ်းစားသွားပါမည်၊ အာဆီယံ၏ အပြုသဘော ပါဝင်ကူညီပံ့ပိုးလိုမှုနှင့် စပ်လျဉ်း၍ အာဆီယံပဋိညာဉ်၊ အာဆီယံလမ်းစဉ်၊ အာဆီယံစိတ်ဓာတ်အပေါ် အခြေခံမည်ဆိုပါက နိုင်ငံ့ကောင်းကျိုးအတွက် စဉ်းစားပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အာဆီယံအထူး ကိုယ်စားလှယ် လာရောက်ရေးနှင့်ပတ်သက်၍လည်း အမျိုးမျိုးသော ညှိနှိုင်းမှု၊ တောင်းဆိုမှုနှင့် အပြောင်းအလဲများအပြင် တည်ဆဲဥပဒေအရ တရားရင်ဆိုင်ဆဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို မည်သည့်ပုဂ္ဂိုလ်အဖွဲ့ အစည်းကမျှ တွေ့ခွင့်မရှိသည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျော်လွန်လျက် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်တောင်းဆိုချက်များပါ ကြုံတွေ့ခဲ့ရပါတယ်။ မည်သည့်နိုင်ငံမဆို ယခုလိုပဲ တည်ဆဲတရားဥပဒေကို မည်သူကမျှ ကျော်လွန်ခွင့်ပြုပေးနိုင်မည်မဟုတ်ဟု ယုံကြည်ပါတယ်။ နိုင်ငံတော်ပိုင်းကလည်း တည်ဆဲဥပဒေ ကန့်သတ်ချက်မှလွဲ၍ ကျန်လိုက်လျောနိုင်သမျှ လိုက်လျောခဲ့သော်လည်း အာဆီယံအထူးကိုယ်စားလှယ် ဝင်ခွင့်မရမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံကို အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများမှာ ချန်လှပ်ခဲ့တာဟာ အာဆီယံရဲ့ ပဋိညာဉ် အပိုဒ် ၂၀(၁)၊ အပိုဒ် ၈ (၂)(က)နှင့် အပိုဒ် ၂(၂)(က)၊ (င)၊ (စ)တို့နှင့် ဆန့်ကျင်နေတာကိုလည်း ဝမ်းနည်းစိတ်မကောင်းဖွယ် ကြုံတွေ့ရပါတယ်။

ယခုလို ASEAN Centrality, Unity, Way တွေအပေါ် ကျော်လွန်ဆောင်ရွက်လာတာဟာ မြန်မာနိုင်ငံတစ်ခုတည်းပေါ်မှာသာ သက်ရောက်မှာမဟုတ်ဘဲ ကျန်အဖွဲ့ဝင်နိုင်ငံများအပေါ်မှာလည်း အချိန်ကာလတစ်ခု၊ အခြေအနေတစ်ခုခုတို့တွင် ယခုလိုပဲ အာဆီယံ ပြင်ပအသိုက်အဝန်းတွေရဲ့ လိုရာဆွဲ စီမံဆောင်ရွက်ခံရမှု၊ တွန်းအားပေးခံရမှုနဲ့ သပ်လျှိုမှုများကိုလည်း စည်းလုံးညီညွတ်သော အာဆီယံနိုင်ငံများအတွင်း ရောက်ရှိလာနိုင်ပါကြောင်း၊ တစ်နည်းအားဖြင့် အာဆီယံနိုင်ငံများ အချင်းချင်း မျက်နှာထက်ကျော်လွန်ကြည့်ရတဲ့ သက်ရောက်မှုများ ရှိလာနိုင်ကြောင်း သတိပြုစေလိုပါတယ်။

### အဆွေတော်များခင်ဗျား

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ကောင်းမွန်တဲ့ အုပ်ချုပ်မှု အစီအမံတွေဟာ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ မှာ ဖော်ပြပါရှိတဲ့ ဦးတည်ချက်များ ပြည့်မီနိုင်ရေး အခြေခံကျတဲ့အတွက် ASEANSAI အနေနဲ့ ဒီမျှော်မှန်းချက်တွေကို လက်တွေ့လုပ်ငန်းရပ်များအဖြစ် ချမှတ်အကောင်အထည်ဖော်ပြီး ကောင်းမွန်တဲ့ အုပ်ချုပ်မှု အစီအမံတွေ၊ ပိုမိုတည်ငြိမ်၊ အေးချမ်းဖွံ့ဖြိုးမှုတွေကတစ်ဆင့် အာဆီယံနိုင်ငံသားတွေရဲ့ နေ့စဉ်ဘဝတွေမှာ အကျိုးကျေးဇူးတွေဖန်တီးပေးပြီး၊ လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေ ခံစားနိုင်စေဖို့၊ ကြံ့ခိုင်မှုနဲ့ လူမှုဘဝမြှင့်တင်ပေးဖို့ လိုပါတယ်။

စာမျက်နှာ ၅ သို့

**အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ကောင်းမွန်တဲ့ အုပ်ချုပ်မှုအစီအမံတွေဟာ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ မှာ ဖော်ပြပါရှိတဲ့ ဦးတည်ချက်များ ပြည့်မီနိုင်ရေး အခြေခံကျတဲ့အတွက် ASEANSAI အနေနဲ့ ဒီမျှော်မှန်းချက်တွေကို လက်တွေ့ လုပ်ငန်းရပ်များအဖြစ် ချမှတ်အကောင်အထည်ဖော်ပြီး၊ ကောင်းမွန်တဲ့အုပ်ချုပ်မှု အစီအမံတွေ၊ ပိုမိုတည်ငြိမ်၊ အေးချမ်းဖွံ့ဖြိုးမှုတွေကတစ်ဆင့် အာဆီယံနိုင်ငံသားတွေရဲ့ နေ့စဉ်ဘဝတွေမှာ အကျိုးကျေးဇူးတွေဖန်တီးပေးပြီး၊ လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေ ခံစားနိုင်စေဖို့၊ ကြံ့ခိုင်မှုနဲ့ လူမှုဘဝမြှင့်တင်ပေးဖို့လို။**

❂ စာမျက်နှာ ၄ မှ

ASEANSAI ဟာ စတင်တည်ထောင်ခဲ့တဲ့ ၂၀၁၁ ခုနှစ်ကစပြီး သိသာထင်ရှားတဲ့ အောင်မြင်မှုတွေ ရရှိနေတာကို ကျွန်တော့်အနေနဲ့ အသိအမှတ်ပြုပါတယ်။ ASEANSAI ရဲ့ ဗျူဟာမြောက် လုပ်ငန်းစဉ် အဆက်ဆက်ကို အကောင်အထည်ဖော်ခြင်းက တစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးရှိ SAI များ ရဲ့ စွမ်းဆောင်ရည်ကိုသာမက ASEANSAI အဖွဲ့ တစ်ရပ်လုံးရဲ့ အရည်အသွေးကိုပါ မြှင့်တင်နိုင်လျက်ရှိတာကို ဝမ်းမြောက်စွာတွေ့ရပါတယ်။

ဒါကြောင့် ASEANSAI အနေနဲ့ အဖွဲ့အစည်း တည်ထောင်စဉ်က သဘောတူစာချုပ်ပါ အခြေခံဦးတည်ချက်များ ပြည့်မီစေရေး၊ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံများမှာ မှန်ကန်သည့် ဘဏ္ဍာရေးရှင်းတမ်းများဆောင်ရွက်နိုင်ရေး၊ အလွဲသုံးစားမှုများ ဟန့်တားရေးနဲ့ လိမ်လည်မှုကင်းတဲ့ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုများကို ဖော်ဆောင်သွားနိုင်ဖို့၊ ကောင်းမွန်သော အုပ်ချုပ်မှုစွမ်းရည် မြှင့်တင်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြဖို့ မိမိအနေနဲ့ တိုက်တွန်းလိုပါတယ်။

ဒါ့အပြင် အာဆီယံရဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့နဲ့ ASEANSAI ရဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမိတ်ဖက်အစီအစဉ်များ ဆောင်ရွက်နိုင်ဖို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ ဦးတည်ချက်များ ပြည့်မီစေရေးမှာ ASEANSAI ရဲ့ အခန်းကဏ္ဍကို မြှင့်တင်သွားဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

ASEAN နိုင်ငံများရှိ နိုင်ငံသားများနဲ့ အခွန်ထမ်းပြည်သူများရဲ့ အကျိုးအတွက် ပြည်သူ့ဘဏ္ဍာငွေကို စွမ်းရည်ပြည့်ဝပြီး မှန်ကန်စွာ အသုံးပြုကြောင်း သေချာစေအောင် SAI Myanmar အနေနဲ့ ၂၀၂၁ မှ ၂၀၂၃ ခုနှစ်အထိ ကာလတာအတွင်း ASEANSAI ဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ယခု(၆)ကြိမ်မြောက် ASEANSAI Summit မှာ ဆွေးနွေးမှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါတယ်။ **ကျေးဇူးတင်ပါတယ်။**



ပြည်ထောင်စုစာရင်းစစ်ချုပ် ပါမောက္ခဒေါက်တာကံဇော် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့(ASEANSAI)၏ (၆)ကြိမ်မြောက်ထိပ်သီးအစည်းအဝေး (6th ASEANSAI Summit) သို့ တက်ရောက်စဉ်။

❍ ကျောဖုံးမှ

ဗီယက်နမ်နိုင်ငံစာရင်းစစ်ချုပ် Mr. Tran Sy Thanh၊ လာအိုနိုင်ငံ ဒုတိယစာရင်းစစ်ချုပ် Mr. Toy Phonthilath၊ မလေးရှားနိုင်ငံ ဒုတိယစာရင်းစစ်ချုပ် Mr. Rosalan Abu Bakar တို့ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ ASEANSAI ၏ အထွေထွေအတွင်းရေးမှူး Mr. Bahtiar Arif နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

### ဂုဏ်ပြုဖွင့်လှစ်

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ASEANSAI သီချင်းတို့ကို ဂုဏ်ပြုဖွင့်လှစ်သည်။

ထို့နောက် ASEANSAI ၏ (၂၀၂၁-၂၀၂၃) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် ပြည်ထောင်စုစာရင်းစစ်ချုပ် ပါမောက္ခ ဒေါက်တာကံဇော်က နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားပြီး မလေးရှားနိုင်ငံဒုတိယစာရင်းစစ်ချုပ်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ASOSAI ဥက္ကဋ္ဌဖြစ်သူ ထိုင်းနိုင်ငံစာရင်းစစ်ကော်မရှင်ဥက္ကဋ္ဌ Gen. Chanathap Indamra နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr.Dato' Paduka Lim Jock Hoi တို့က ဗီဒီယိုမက်ဆေ့ဖြင့် အမှာစကားများ ပြောကြားကြသည်။

### အဖွင့်မိန့်ခွန်းပြောကြား

အစီအစဉ်အရ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး အထူးဧည့်သည်တော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဗီဒီယိုမက်ဆေ့ပေးပို့၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ မိန့်ခွန်းကို စာမျက်နှာ-၄ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ASEANSAI အဖွဲ့ဝင် ၁၀ နိုင်ငံမှ စာရင်းစစ်ချုပ်များနှင့် ASEANSAI အတွင်းရေးမှူးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ထိပ်သီးအစည်းအဝေး ပထမပိုင်းကို ဆက်လက်ကျင်းပရာ လက်ရှိ ASEANSAI ဥက္ကဋ္ဌ ကိုယ်စား ပြည်ထောင်စုစာရင်းစစ်ချုပ် ပါမောက္ခ ဒေါက်တာကံဇော်က အဖွင့်မိန့်ခွန်းပြောကြားပြီး မလေးရှားနိုင်ငံ ဒုတိယစာရင်းစစ်ချုပ်က ASEANSAI ကော်မတီများနှင့် အတွင်းရေးမှူးရုံးတို့၏ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာပေါင်းချုပ်၊ ကော်မတီများ၏ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းစီမံချက်ပေါင်းချုပ်နှင့် ASEANSAI ၏ မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)၊ ASEANSAI ၏ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ(ပြင်ဆင်ချက်)၊ အသိပညာမျှဝေရေး ကော်မတီ၏ လုပ်ငန်းနှင့်တာဝန်များ (ပြင်ဆင်ချက်) နှင့် ASEANSAI ၏ ဥပဒေရေးရာ စွမ်းဆောင်ရည်နှင့် စပ်လျဉ်းသည့် အဆိုပြုချက်တို့ကို အစီအစဉ်အတိုင်း ဆွေးနွေးအတည်ပြုကြသည်။

### ခန့်အပ်ကြောင်း ကြေညာ

ယင်းနောက် ASEANSAI ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ်က ASEANSAI စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းအရ မြန်မာနိုင်ငံ ပြည်ထောင်စုစာရင်းစစ်ချုပ်အား ASEANSAI ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဖိလစ်ပိုင်စာရင်းစစ်ချုပ်အား ASEANSAI ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်ကြောင်း ကြေညာပြီး လက်ရှိဥက္ကဋ္ဌကိုယ်စား မလေးရှားနိုင်ငံ ဒုတိယစာရင်းစစ်ချုပ်က နှုတ်ဆက်မိန့်ခွန်းပြောကြားကာ ASEANSAI ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် ယခင်နှစ်နှစ်တာကာလအတွင်း မလေးရှားနိုင်ငံစာရင်းစစ်ချုပ်၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများ၊ ASEANSAI ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၏ ဆောင်ရွက်မှုအစီအစဉ်များနှင့် လှုပ်ရှားမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ စိန်ခေါ်မှုများနှင့် မဟာဗျူဟာများ ပါဝင်သည့် ဥက္ကဋ္ဌတာဝန်ယူခြင်း အထိမ်းအမှတ်စာအုပ် (၂၀၁၉-၂၀၂၁)ထုတ်ဝေခြင်း Video Clip ကို ထုတ်လွှင့်ပြသသည်။

ထို့နောက် ASEANSAI ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မလေးရှားနိုင်ငံစာရင်းစစ်ချုပ်က မြန်မာနိုင်ငံ ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ ASEANSAI အလံနှင့် ထိပ်သီးအစည်းအဝေး၌ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ASEANSAI ဥက္ကဋ္ဌအသုံးပြုသည့် "တူ" လွှဲပြောင်းအပ်နှင်းသည့်အခမ်းအနား Video Clip ကို ပြသသည်။

### ရုပ်သိမ်း

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ဥက္ကဋ္ဌတာဝန် လွှဲပြောင်းလက်ခံရရှိခြင်းအတွက် မိန့်ခွန်းပြောကြားပြီး ASEANSAI အဖွဲ့ဝင်နိုင်ငံများမှ စာရင်းစစ်ချုပ်များ၊ ASEANSAI အတွင်းရေးမှူးတို့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အစည်းအဝေးပထမပိုင်း အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

**ASEANSAI ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့၏ ထိပ်သီးအစည်းအဝေးများကို နှစ်နှစ်တစ်ကြိမ်ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးက (၂၀၁၂-၂၀၁၃) ခုနှစ်တွင်လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ စာရင်းစစ်ချုပ်ရုံးက (၂၀၁၃-၂၀၁၅)ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘောဒီးယား နိုင်ငံစာရင်းစစ်ချုပ်ရုံးက (၂၀၁၅-၂၀၁၇) ခုနှစ်တွင်လည်းကောင်း၊ လာအို နိုင်ငံစာရင်းစစ်ချုပ်ရုံးက (၂၀၁၇-၂၀၁၉)ခုနှစ်တွင်လည်းကောင်း၊ မလေးရှား နိုင်ငံစာရင်းစစ်ချုပ်ရုံးက (၂၀၁၉-၂၀၂၁)ခုနှစ်တွင်လည်းကောင်း ASEANSAI ဥက္ကဋ္ဌတာဝန်ကို အလှည့်ကျထမ်းဆောင်ခဲ့ကြသည်။ ယခု (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက(၂၀၂၁-၂၀၂၃) ခုနှစ် နှစ်နှစ်ကာလအတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်**

ASEANSAI ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့၏ ထိပ်သီး အစည်းအဝေးများကို နှစ်နှစ်တစ်ကြိမ်ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးက(၂၀၁၂-၂၀၁၃) ခုနှစ်တွင်လည်းကောင်း၊ ဘရူနိုင်းနိုင်ငံစာရင်းစစ်ချုပ်ရုံးက (၂၀၁၃-၂၀၁၅) ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံစာရင်း စစ်ချုပ်ရုံးက (၂၀၁၅-၂၀၁၇) ခုနှစ်တွင် လည်းကောင်း၊ လာအိုနိုင်ငံစာရင်းစစ်ချုပ်ရုံးက (၂၀၁၇-၂၀၁၉) ခုနှစ်တွင်လည်းကောင်း၊ မလေးရှားနိုင်ငံစာရင်းစစ်ချုပ်ရုံးက (၂၀၁၉-၂၀၂၁)ခုနှစ်တွင် လည်းကောင်း ASEANSAI ဥက္ကဋ္ဌတာဝန်ကို အလှည့်ကျထမ်းဆောင်ခဲ့ကြသည်။ ယခု (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက (၂၀၂၁-၂၀၂၃) ခုနှစ် နှစ်နှစ်ကာလအတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။

### ဆက်လက်ကျင်းပ

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းကို ASEANSAI ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ပါမောက္ခဒေါက်တာကံဇော်က ဦးဆောင်၍ ဆက်လက်ကျင်းပရာ ASEANSAI ဥက္ကဋ္ဌပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယဥက္ကဋ္ဌတို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြသည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ကာလအတွက် ASEANSAI ကော်မတီ(၄)ရပ်၏ ဥက္ကဋ္ဌများ အတည်ပြုခန့်အပ်ခြင်း၊ ကော်မတီများ၏ လုပ်ငန်းစီမံချက်ပေါင်းချုပ် (၂၀၂၂-၂၀၂၃)ကို အတည်ပြုခြင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် ဘဏ္ဍာရေးရှင်းတမ်းများစစ်ဆေးရန် စာရင်းစစ်ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း၊ လာမည့် နှစ်နှစ်တာကာလအတွက် ဘတ်ဂျက်လျာထားချက်များ အတည်ပြုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ASEANSAI ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်ကြသည့် ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အိမ်ရှင်အဖြစ် ဦးဆောင်၍ ယမန်နေ့ကလည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ ဒုတိယအမြဲတမ်းအတွင်းဝန် တက်ရောက်ခဲ့သည်။ ထို့အတူ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်က ASEANSAI အတွင်းရေးမှူးရုံးက အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ASEANSAI ၏ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာသုခပြည့်စုံစေဖို့ ဆေးလိပ်ဆေးရွက်ကြီးရှောင်ကြဉ်စို့

**မေယု-မျိုးအောင် (MANA)**



မြောက်အမေရိကတိုက်သည် ဆေးရွက်ကြီး၏ မူရင်းဒေသဖြစ်၍ ၁၆ ရာစုခန့်က ဥရောပတိုက်သို့ ရောက်ရှိကာ ဆေးငုံခြင်း၊ ဆေးဝါးပြုလုပ် အရသာခံခဲ့ကြရာမှတစ်ဆင့် အေဒီ ၁၈၀၀ နောက်ပိုင်းမှ ဆေးတံသောက်ခြင်းနှင့် ဆေးပြင်းလိပ်သောက်ခြင်းတို့ ပေါ်ပေါက်လာခဲ့သည်။ စီးကရက်လုပ်ငန်းမှာမူ အေဒီ ၁၉၀၉-၁၉၁၈ ကြားတွင် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ၂၀၁၀ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖော်ပြချက်အရ လူပေါင်း ၁ ဒသမ ၂ ဘီလီယံသည် ဆေးလိပ်ဆေးရွက်ကြီးနှင့် ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်သုံးစွဲမှုအရ ၅၀ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၁ ဒသမ ၆ ဘီလီယံအထိ သောက်သုံးလာနိုင်ကြောင်း ဖော်ပြထားသည်။ ဆေးရွက်ကြီးစိုက်ပျိုးသည့်နိုင်ငံ ၁၀၀ ကျော်ရှိပြီး တရုတ်နိုင်ငံသည် အများဆုံးစိုက်ပျိုးသည့်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင် အရွယ်ရောက်လူဦးရေထက်ဝက်ကျော်က ဆေးလိပ်နှင့်ဆေးရွက်ကြီးကို သုံးစွဲနေကြရာ အဓိကကျန်းမာရေးပြဿနာဟု ဆိုနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးတို့ကို ထိခိုက်စေသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် လူတိုင်းက အလေးအနက်ဆင်ခြင်ကြရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရ ဆေးလိပ်သောက်သုံးပြီး အန္တရာယ်ကို ဖိတ်ခေါ်နေသလို ဖြစ်နေသည်။ မြန်မာ့ရိုးရာဓလေ့အရ မြန်မာလူမျိုးများသည် စဉ်းခုတ်ထားသောဆေးရွက်ကြီးများ၊ ဆေးရိုးနှင့်အခြားရနံ့တို့ကို အသုံးပြုထားသော ဆေးပေါ့လိပ် သောက်သုံးမှုပမာဏသည် အလွန်များပြားသည်။ ဆေးရွက်ကြီးဝါးခြင်းအမျိုးအစားမှာပါဝင်သည့် ကွမ်းစားခြင်းသည် တိုးပွားလာလျက်ရှိသည်။

### လူပေါင်းသုံးသန်း အသက်ဆုံးရှုံး

ဆေးလိပ်ဆေးရွက်ကြီး အသုံးပြုမှုကြောင့် နှစ်စဉ် လူပေါင်းသုံးသန်း အသက်ဆုံးရှုံးနေပြီး ၂၀၂၀ ပြည့်နှစ်မှာ လူပေါင်း ၁၀ သန်းခန့် အသက်ဆုံးရှုံးနိုင်သည့်အတွက် လူသားများ၏ ကျန်းမာရေးအတွက် ကြောက်စရာအကောင်းဆုံးဟု သတ်မှတ်ထားသည်။ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းနှင့် နီးနွယ်သောရောဂါကြောင့် သေဆုံးရသူများမှာ ကမ္ဘာတစ်ဝန်း ၄ ဒသမ ၉ သန်းကျော်ရှိနေပြီး တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်ရမှုကြောင့် သေဆုံးနေသူမှာ ခြောက်သိန်းကျော်ရှိနေသည်။

### ဓာတ်ပစ္စည်းများ အမျိုးပေါင်း ၄၀၀၀ ကျော်

ဆေးရွက်ကြီးနှင့် ဆေးလိပ်မီးခိုးငွေ့များတွင် အဓိကအားဖြင့် အဆုတ်ကင်ဆာဖြစ်စေတတ်သော ဓာတုပစ္စည်းများနှင့် လူတို့အား အန္တရာယ်ဖြစ်စေသည့် ကတ္တရာ၊ နီကိုတင်းနှင့် ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယား အစရှိသော ဓာတ်ပစ္စည်းများ အမျိုးပေါင်း ၄၀၀၀ ကျော် ပါဝင်သည်။ ဆေးရွက်ကြီးထွက်ပစ္စည်းကို အငွေ့ထွက်စေသော စီးကရက်များ၊ ဆေးပေါ့လိပ်များ၊ ဆေးပြင်းလိပ်၊ ပြောင်းဖက်လိပ်၊ ရေပြောင်း၊ ရှီရှား၊ ပွတ်ချွန်း၊ ဘီဒီ စသည်တို့ အသုံးပြု ရှူရှိုက်ရသည်။

အငွေ့မထွက်သော ဆေးရွက်ကြီးစားသုံးမှုအဖြစ် ကွမ်းယာ၊ မြန်မာဆေး၊ နှပ်ဆေး၊ ဆေးပေါင်း၊ အိန္ဒိယနိုင်ငံထုတ် ပြုပြင်ထားသော ကွမ်းစားဆေးမျိုးစုံနှင့် အဆိုပါဆေးများကို မြန်မာပြည်တွင် အတုအပပြုလုပ်ကာ 92၊ ဘုရင်မ၊ စီကနက်၊ ဘာဘာနှင့် မြေပုံဆေးမျိုးစုံကိုလည်း ကွမ်းစားသူများ အကြိုက် ရနံ့မျိုးစုံပေါင်းစပ်ကာ ထုတ်လုပ်ရောင်းချနေပြီး အန္တရာယ်လည်း မသေးပါ။ ဆေးထည့်၍ စားခြင်း၊ ဆေးရွက်ကြီးငုံခြင်းဟူ၍ ဆေးရွက်ကြီးကို အသုံးပြုကြသည်။

ဆေးလိပ်သောက်သုံးသူ အမျိုးသား ၂၂ ရာခိုင်နှုန်း၊ အမျိုးသမီး နှစ်ရာခိုင်နှုန်းတွေ့ရှိရပြီး ဆေးရွက်ကြီးသုံးစွဲသူ အမျိုးသား ၁၁ ရာခိုင်နှုန်း၊ အမျိုးသမီး နှစ်ရာခိုင်နှုန်းကို တွေ့ရှိရသည်။ ကျောင်းသားလူငယ်သုံးဦးအနက် တစ်ဦးမှာ နေအိမ်တွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်နေရပြီး အသက် ၁၃နှစ်နှင့် ၁၅နှစ်ကြား ကျောင်းသားလူငယ် ၁၀ ဦးအနက် သုံးဦးမှာ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်နေရကြောင်း သိရသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော် အသက်ဆုံးရှုံးနေရကာ ထိုတစ်သန်းကျော်သည် တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် အသက်ဆုံးရှုံးနေရပြီး အများစုမှာ အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ကြကြောင်း သိရသည်။

မိမိကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် တတိယတစ်ဆင့်ခံ ဆေးလိပ်ငွေ့အဖြစ် ဆေးလိပ်သောက်တတ်သူများ နေထိုင်ကျက်စားရာ အဆောက်အအုံ၊ အခန်း၊ နေအိမ် စသည်တို့အတွင်း အဝတ်အထည်၊ အသုံးအဆောင်၊ ခန်းဆီးစသည်တို့အထိ ထိတွေ့စွဲကျန်ရစ်သော ဆေးလိပ်နှင့်ဆက်နွယ်သော ရောဂါများဖြစ်ပွားနိုင်မှု အန္တရာယ်ရှိသည်။ အထက်ဖော်ပြပါ ဖြစ်ပွားနိုင်သောနည်းလမ်းများမှ မရှောင်ရှားနိုင်ဘဲ နှစ်ရှည်လများ ဆေးလိပ်ငွေ့ရှူရှိုက်နေရသူများတွင် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပွရင်ကျပ်ရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ ခြေပုပ်၊ လက်ပုပ်ရောဂါမှ အစပြုပြီး ပန်းသေ၊ ပန်းညှိုးရောဂါများအထိ ဖြစ်ပွားနိုင်သည်။

### ကမ္ဘာ့လူဦးရေ သန်းတစ်ထောင်ကျော်မှ ငါးသန်းနီးပါး

ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်း၊ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းတို့ကြောင့် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ ပေါင်ချိန်မပြည့်၊ လမစေ့ကလေးမွေးခြင်း၊ မွေးရာပါကိုယ်လက်အင်္ဂါချို့ယွင်းသည့် ကလေးမွေးဖွားခြင်းနှင့် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်းတို့အထိ ဖြစ်ပွားနိုင်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးခြင်း၊ တစ်ဆင့်ခံရှူရှိုက်ရခြင်း၏အန္တရာယ်နှင့် ကျန်းမာရေးချို့ယွင်းမှုပြဿနာနောက်ဆက်တွဲများကြောင့် ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ကျော်မှ ငါးသန်းနီးပါးမှာ ဆက်စပ်ရောဂါများကြောင့် သေဆုံးနေရသဖြင့် ဆေးလိပ်သောက်ခြင်းအား ကမ္ဘာတစ်ဝန်းကျန်းမာရေးဆိုးကျိုးဖြစ်နိုင်သည့်အပြုအမူအဖြစ် လျှော့ချနိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် ပြည်သူ့ကျန်းမာရေးကို များစွာထိခိုက်စေပြီး ပြည်သူလူထုအား ဆင်းရဲတွင်းပိုနက်စေရုံသာမက နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီရေးအတွက် ကြီးမားသော အဟန့်အတားတစ်ခုဖြစ်နေကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP) ၏ အစီရင်ခံစာများတွင် အတိအလင်းဖော်ပြထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူများ၏ ၅၄ ဒသမ ၄ ရာခိုင်နှုန်းသည် ဆေးလိပ်၊ ဆေးရွက်ကြီး တစ်မျိုးမျိုးကို သုံးစွဲနေကြပြီး ၂၆ ဒသမ ၁ ရာခိုင်နှုန်းမှာ လတ်တလော ဆေးလိပ်သောက်သုံးနေသူများဖြစ်၍ ၄၃ ဒသမ ၂ ရာခိုင်နှုန်းမှာ ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကွမ်းယာထဲတွင်ထည့်၍ စားသုံးနေကြောင်း စစ်တမ်းများအရ သိရသည်။

ဆေးလိပ်ဘူးများတွင် ကျန်းမာရေးဆိုးကျိုးအန္တရာယ်ရှိကြောင်း ဖော်ပြခြင်း၊ အရွယ်မရောက်သေးသူများအား ဆေးလိပ်ရောင်းချခွင့်မပြုရန်၊ ဆေးလိပ်မသောက်ရန်နေရာများ သတ်မှတ်ရန်၊ အချို့သော ကမ္ဘာ့နိုင်ငံကြီးများတွင် ကျောင်းသားအများစုဝေးသည့် တက္ကသိုလ်ပရဝဏ်အတွင်း ဆေးလိပ်သောက်သုံးခွင့်၊ ရောင်းချခွင့်မပြုရန် သတ်မှတ်ခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်များအား အခွန်တိုးမြှင့်ကောက်ခံရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

### နှစ်စဉ်လူ ၆၄၀၀၀ ခန့်ရောဂါဖြစ် သေဆုံး

မြန်မာတို့က ကွမ်းစားဆေးလိပ်သောက်သည့် အပြုအမူကို အလွယ်တကူ ပေါ့ပေါ့ပါးပါးအဖြစ် သဘောထားကြသည်။ မိမိအတွက်၊ နိုင်ငံအတွက် အကျိုးယုတ်လျော့ထိခိုက်စေသည်ဟု မယုံကြည်ကြသလို သုံးစွဲမိပါကလည်း ရှောင်ကြဉ်လိုခြင်း မရှိကြ။ မြို့ရွာရပ်ကွက် ကျေးလက်မကျန် နေရာတိုင်းတွင် ဆေးလိပ်၊ ကွမ်းယာဆိုင်ကြီး၊ ဆိုင်ငယ်များစွာ မရေမတွက်နိုင်အောင် ရောင်းသူများသလောက် စားသုံးအားလည်း ကောင်းကြသည်။ ရလဒ်အားဖြင့် နှစ်စဉ်လူ ၆၄၀၀၀ ခန့်ရောဂါဖြစ် သေဆုံးနေကြရပြီး နိုင်ငံ့ဘဏ္ဍာလည်း ဘီလီယံများစွာ ထိခိုက်ဆုံးရှုံးလျက်ရှိရာ ကိုယ့်ကျန်းမာရေး ကိုယ်တိုင်စောင့်ရှောက်ကြပြီး ကိုယ့်အသက်ကိုယ် မွေးမြူကြခြင်းဖြင့် ကိုယ်တိုင်လည်း သက်ရှည်ကျန်းမာ၊ နိုင်ငံ့ဝန်ထုပ်ဝန်ပိုးကိုလည်း လျော့ပါးနိုင်ကြပါစေကြောင်းနှင့် အသိသတိဖြင့် ရှောင်ကြဉ်သင့်သည်။

စာမျက်နှာ ၇ သို့ ■

**မြန်မာတို့က ကွမ်းစားဆေးလိပ်သောက်သည့် အပြုအမူကို အလွယ်တကူ ပေါ့ပေါ့ပါးပါးအဖြစ် သဘောထားကြသည်။ မိမိအတွက်၊ နိုင်ငံအတွက် အကျိုးယုတ်လျော့ထိခိုက်စေသည်ဟု မယုံကြည်ကြသလို သုံးစွဲမိပါကလည်း ရှောင်ကြဉ်လိုခြင်း မရှိကြ။ မြို့ရွာ ရပ်ကွက် ကျေးလက်မကျန် နေရာတိုင်းတွင် ဆေးလိပ်၊ ကွမ်းယာ ဆိုင်ကြီး၊ ဆိုင်ငယ်များစွာ မရေမတွက်နိုင်အောင် ရောင်းသူများသလောက် စားသုံးအားလည်း ကောင်းကြသည်။ ရလဒ်အားဖြင့် နှစ်စဉ်လူ ၆၄၀၀၀ ခန့်ရောဂါဖြစ် သေဆုံးနေကြရပြီး နိုင်ငံ့ဘဏ္ဍာလည်း ဘီလီယံများစွာထိခိုက်ဆုံးရှုံးလျက်ရှိရာ ကိုယ့်ကျန်းမာရေး ကိုယ်တိုင်စောင့်ရှောက်ကြပြီး ကိုယ့်အသက်ကိုယ်မွေးမြူကြခြင်းဖြင့် ကိုယ်တိုင်လည်း သက်ရှည်ကျန်းမာ၊ နိုင်ငံ့ဝန်ထုပ်ဝန်ပိုးကိုလည်း လျော့ပါးနိုင်ကြပါစေကြောင်းနှင့် အသိသတိဖြင့် ရှောင်ကြဉ်သင့်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပြည်တွင်း၌ အစအဆုံးထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

## ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စက်မှုသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံသို့ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုကို တင်ပြခဲ့ရာ ရေတို၊ ရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ ရေတိုစီမံကိန်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို Ready to fill bulk အနေဖြင့် ဝယ်ယူ၍ ပုလင်းသွင်း ဖြည့်တင်းထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုလင်းသွင်းဖြည့်တင်းခြင်းအဆင့် ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုကျင့်စဉ် (GMP) နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းစဉ်များသာမက ထုတ်လုပ်မှုနည်းစဉ်နှင့် အရည်အသွေးစစ်ဆေးခြင်း နည်းစဉ်များကိုပါ လွှဲပြောင်းရရှိထားပြီးဖြစ်ကြောင်း၊ RTF Bulk ဝယ်ယူထုတ်လုပ်ခြင်းဖြင့် ယခုဝယ်ယူအသုံးပြုနေရသည့် ဈေးနှုန်းထက် လျော့နည်း၍ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း။



စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

### ပူးပေါင်းဆောင်ရွက်သွားမည်

ရေရှည်ဆောင်ရွက်ရမည့် စီမံကိန်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်တွင်း၌ အစအဆုံးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပြည်တွင်း၌အစအဆုံး ထုတ်လုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်တွင်ရှိသော သုတေသနဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်ကာကွယ်ဆေးများကို ပြည်တွင်း၌ ထုတ်လုပ်မည်ဆိုပါက အအေးသိုလှောင်ရေးစနစ်၊ သယ်ယူပို့ဆောင်ရေးစနစ် စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ RTF Bulk ပြုလုပ်၍ ထုတ်လုပ်မည်ဆိုပါက ကာကွယ်ဆေးများ ပြတ်လပ်မှုမရှိအောင် ကြိုတင်ညှိနှိုင်းထားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် ကာကွယ်ဆေးများသည် Antibody ထွက်ရှိမှုမည်မျှရှိသည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ အချို့နိုင်ငံများတွင် အသက်ငါးနှစ်နှင့်အထက် ကလေးငယ်များအား ကာကွယ်ဆေးများ စတင်ထိုးနှံနေပြီဖြစ်ကြောင်း၊ Booster အတွက်ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိစေရေး အတွက်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းနိုင်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ အထွေထွေမန်နေဂျာ ဒေါက်တာအောင်ဇော်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှု နည်းပညာများနှင့်ပတ်သက်၍ ရုရှားနိုင်ငံထုတ် Sputnik ကာကွယ်ဆေးနှင့် တရုတ်နိုင်ငံထုတ် Sinopharm ကာကွယ်ဆေးများအပေါ် နှိုင်းယှဉ်သုံးသပ်ခြင်းနှင့် အိန္ဒိယနိုင်ငံဈေးငွေဖြင့် တည်ထောင်မည့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးစီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တပ်မတော်ဆေး သုတေသနတပ်မှ ဒုတိယဗိုလ်မှူးကြီးခိုင်ဇော်ဦးက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍သုတေသနပြုလုပ်နေမှုကိုလည်းကောင်း၊ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံခွဲ၊ တာဝန်ခံမှ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး (RTF)Bulk ဝယ်ယူရေးကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ၌ ထုတ်လုပ်သင့်သည့် ကာကွယ်ဆေးများကိုလည်းကောင်း တက်ရောက်လာသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### ကျင်းပ

မွန်းလွဲပိုင်းတွင် ကုန်ထုတ်လုပ်မှုဆိုင်ရာ အညွှန်းကိန်း အကောင်အထည်ဖော်နိုင်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ရှေးဦးစွာ ကုန်ထုတ်လုပ်မှုဆိုင်ရာ အညွှန်းကိန်း အကောင်အထည်ဖော်နိုင်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသန်းခေါင်စာရင်း ကောက်ယူခြင်းကို စီမံကိန်း၏ ပထမအဆင့် ဦးစားပေးလုပ်ငန်းစဉ်အဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတ်သတ္တုတူးဖော်ခြင်းနှင့် ကျောက်တူးခြင်းလုပ်ငန်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးပေးမှုလုပ်ငန်း၊ ရေဖြန့်ဝေခြင်း၊ မိလ္လာစနစ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းနှင့် ကုစားခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို စက်မှုသန်းခေါင်စာရင်း စတင်ကောက်ယူမည်ဖြစ်ကြောင်း။

### စက်မှုသန်းခေါင်စာရင်း

စက်မှုသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြပါရန်နှင့် မြန်မာနိုင်ငံအတွက် စက်မှုသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှု အညွှန်းကိန်း အကောင်အထည်ဖော်နိုင်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်တို့က ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း အကောင်အထည်ဖော်နိုင်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ အတွင်းရေးမှူးက စက်မှုသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ တက်ရောက်လာကြသည့်အဖွဲ့ဝင်များက ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များ၊ စက်မှုသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးရွက်ကြီးထိန်းချုပ်မှု အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (WHO Framework Convention on Tobacco Control– WHO FCTC)ကို ၂၀၀၃ ခုနှစ်အောက်တိုဘာလတွင် လက်မှတ်ရေးထိုး၍ ၂၀၀၄ ခုနှစ် ဧပြီလတွင် ၁၁ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေးထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုရှောင်ကြဉ်နိုင်စေရန်၊ ဆေးလိပ်ငွေ့ ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်၊ ကလေးသူငယ်များ အပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းအလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသောနေထိုင်မှုဘဝရရှိစေရန်၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးအတွက် အထိရောက်ဆုံးနည်းလမ်းများအဖြစ် အကြံပြုထားသည့် MPOWER လုပ်ထုံးလုပ်နည်းများ အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

### အရွယ်မတိုင်မီ သေဆုံးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်း

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှုကြောင့် နှစ်စဉ်လူဦးရေ ၆၄၀၀၀ ခန့် ရောဂါများဖြစ်ပွား၍ အသက်ဆုံးရှုံးနေရကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ဖြစ်ပွားသော ရောဂါများအတွက်ကြောင့် အရွယ်မတိုင်မီ သေဆုံးခြင်းနှင့် မသန်စွမ်းဖြစ်နေရသည်ကို သတိပြုရန် လိုအပ်သည်။

ကမ္ဘာ့ကျန်းမာရေးစောင့်ကြည့်ရေးအဖွဲ့ကြီးက လျှပ်စစ်စီးကရက် (Electronic Cigarettes) ခေါ် အီးစီးကရက်များ (toxicant) ခေါ် အဆိပ်အတောက်ဖြစ်စေသောအငွေ့များ ပါဝင်နေနိုင်ကြောင်း သတိပေးချက် ထွက်ပေါ်လာပြီးနောက် လျှပ်စစ်ပစ္စည်းဖြစ်သော အီးစီးကရက်များအပေါ် လုံခြုံမှု ရှိ၊ မရှိ စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာပြီး အီးစီးကရက်များ အသုံးပြုခြင်းအား ထိန်းချုပ်ရန် လိုအပ်ကြောင်း၊ အိမ်တွင်းအသုံးပြုမှုပိတ်ပင်ရန်နှင့် အရွယ်မရောက်သေးသူ လူငယ်များအား ရောင်းချခွင့်ပိတ်ပင်ရန်အထိ UN agencyမှ တင်ပြခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHOမှလည်း အီးစီးကရက်များ အိမ်တွင်းအသုံးပြုခြင်း ပိတ်ပင်ရန်၊ လုံခြုံမှု ရှိ၊ မရှိ ဆန်းစစ်ရန် WHO က ညွှန်ကြားခဲ့သည်။ အီးစီးကရက်များအား ဆေးလိပ်ဖြတ်လိုသူများအတွက် အထောက်အကူဖြစ်စေမည့် ပစ္စည်းအဖြစ် ညွှန်ကြားခြင်းမပြုရန်နှင့် အီးစီးကရက်များအား လူငယ်များကို သောက်သုံးရန် တွန်းအားပေးမည့် သစ်သီးနံ့၊ အချိုအအီအနံ့နှင့် အယ်လကာဟောလစ် အရည်သဏ္ဌာန်အနံ့များ ထည့်သွင်းထုတ်လုပ်ခြင်းများအတွက် ဥပဒေများ ထုတ်ပြန်ပေးရန် WHOက နှိုးဆော်ထားသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ သန့်ရှင်းပြီးစိတ်ချရသော ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စားသုံးနိုင်မှုမရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ကြောင့် ကင်ဆာ၊ သွေးတိုး၊ ဆီးချို၊ နှလုံးအပါအဝင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းကြောင့်ဖြစ်ပေါ်နိုင်သော ရောဂါအန္တရာယ် သတိပေးနှိုးဆော်ချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ အသားငါးကဏ္ဍဆိုင်ရာ ပို့ကုန်တိုးမြှင့်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ အသားငါးကဏ္ဍဆိုင်ရာ ပို့ကုန် တိုးမြှင့်ရေးအတွက် မွေးမြူထုတ်လုပ်မှုစနစ်၊ တိရစ္ဆာန်အစာကျွေးမွေးမှုစနစ်နှင့် တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်တားဆီး နှိမ်နင်းရေးစနစ်များကို ခေတ်ကာလနှင့်အညီ ဖြစ်စေရေး ပြောင်းလဲကျင့်သုံးနိုင်ရန် မိမိတို့ဝန်ကြီးဌာနက အားပေးကူညီလျက်ရှိသကဲ့သို့ မွေးမြူထုတ်လုပ်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ သက်ဆိုင်သူအားလုံးတို့ကလည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသားငါးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တာဝန်ရှိသူများအား ဆွေးနွေးပြောကြားသည်။



### ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ နတ်ရေကန်ငါးလုပ်ငန်းစခန်းသို့ ရောက်ရှိကြပြီး ငါးသားဖောက်သရုပ်ပြကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ငါးအစာကျွေးစနစ်နှင့် ငါးစာအရည်အသွေးစစ်ဆေး တိုင်းတာခြင်းလုပ်ငန်း၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးမျိုးများ ဆေးထိုးသားဖောက်ခြင်းနှင့် ရွှေဝါငါးကြင်းအား သဘာဝနည်းဖြင့် သားဖောက်ခြင်းအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန စီးပွားရေးရာ အထောက်အကူပြုဌာနခွဲ မန္တလေး အစာချက်စပ်စက်ရုံကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ကြူဝန်းကျေးရွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ထုံးဘိုဝက်မွေးမြူရေးခြံတွင် အသားတိုးဝက် မွေးမြူထုတ်လုပ်နေမှုကိုလည်းကောင်း၊ ကြူဝန်းနွားခြံ၏ အသားတိုးနွားမျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်နှင့် နည်းပညာသရုပ်ပြလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) မျိုးမြှင့်တင်ရေးနှင့် မွေးမြူရေးတောင်သူ နည်းပညာပေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး) သို့ရောက်ရှိကြပြီး မွေးမြူရေး ဒီပလိုမာသင်တန်း တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ သင်ကြားရေးအထောက်အကူပြု တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Ascortain–C–Vitamin C 500 MG ၄၉၇၃ ခု၊ Zinda–20MG Tablet ၂၉၆၇ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Medical Equipment ၂၈၄၈ ခု၊ Oxygen Generator တစ်ခု၊ Oxygen Plant Spare Part ငါးခုနှင့် ဆေးဝါးမျိုးစုံ ၅၁ မျိုး (၁၅၅၆၁၄ ဒသမ ၀၇ ကီလိုဂရမ်)၊ နယ်စပ် ( မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ငါးခုမှ နှာခေါင်းစည်း ၃၀၇၉၈ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၂၀ ကုဗမီတာ၊ Vitamin B Complex softgel Capsules ၅၇၇၂၀၊ Vitamin C Tablets အခု ၉၄၄၀၊ Sodium Chloride Injection အခု ၃၃၈၈၈၀၊ Glucose Injection အခု ၁၂၆၂၄၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ရေဖူလုံစွာပေးဝေနိုင်ရေး လုပ်ငန်းများဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်အနီး (၁၃၁)ရပ်ကွက် ရေသန့်လမ်းရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးဇုန် (၇) ရေစုကန်နှင့် ရေတွန်းစက်ရုံသို့ ရောက်ရှိစစ်ဆေးသည်။



### ရှင်းလင်းတင်ပြ

ထိုသို့စစ်ဆေးစဉ် တာဝန်ရှိသူများက စက်ရုံတည်ဆောက်ထားရှိမှု၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်များအတွင်း လက်ရှိရေပေးဝေနေမှုနှင့် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းမှ တိုးချဲ့ပေးဝေရန် ပင်မရေပို့ပိုက်လိုင်း တပ်ဆင်ပြီးစီးမှု၊ District Metering Area(DMA) သို့ ရေပို့ပိုက်လိုင်းများ သွယ်တန်းရန် တပ်ဆင်ထားရှိမှု၊ ပိုက်ဆက်များ ပြုလုပ်တပ်ဆင်နေမှုနှင့် စီမံကိန်းလုပ်ငန်း ရည်မှန်းချက်များ ရှင်းလင်းတင်ပြပြီး မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရေစုကန်နှင့် ရေတွန်းစက်ရုံအတွင်း ၁ မိနစ် ၄၄ ကုဗမီတာ၊ ကီလိုဝပ် ၆၀၀ ရေတွန်းစက် နှစ်လုံးနှင့် ၁ မိနစ် ၂၁ ကုဗမီတာ၊ ကီလိုဝပ် ၃၀၀ ရေတွန်းစက် နှစ်လုံး တပ်ဆင်ထားရှိမှု၊ ရေဂါလန် ၄ ဒသမ ၆ သန်းဆံ့ ရေစုကန် တည်ဆောက်ထားရှိမှုနှင့် ရေပေးဝေရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းတစ်လျှောက် 710 HDPE ရေပိုက်လိုင်း သွယ်တန်းနေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်၌ ကျောင်းသား ကျောင်းသူပေါင်း ၁၀၁၂၂၁ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ နိုဝင်ဘာ ၁ ရက်မှစတင်၍ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိပြီး ကျောင်းအပ်နှံမှုလုပ်ငန်းစဉ်များလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ယမန်နေ့က ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅၁၆၁ ဦး တက်ရောက်ပညာသင်ကြားခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူပေါင်း ၁၀၁၂၂၁ ဦး ပညာသင်ကြားလျက်ရှိသည်။

အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းရီက "ကျွန်မတို့ ကျောင်းဖွင့်လှစ်နိုင်ဖို့ အများကြီး ပြင်ဆင်ခဲ့ရပါတယ်။ ဇမ္ဗူသီရိတစ်မြို့လုံးစာကာကွယ်ဆေးထိုးနှံပေးခြင်းကိုလည်း ကျွန်မတို့ကျောင်းမှာပဲ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ စာသင်ခုံတွေ နေရာချရေးတွေကို ပြင်ဆင်ခဲ့ရပါတယ်။ ကျောင်းမှာရှိတဲ့ ဝန်ထမ်းအားလုံး စည်းစည်းလုံးလုံးနဲ့ ဝိုင်းဝန်းဆောင်ရွက်ခဲ့ရပါတယ်။ ကလေးတွေ ကျောင်းတက်နိုင်ဖို့ ပထမဆုံးကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရပါတယ်။ ကျွန်မတို့ကျောင်းက ကျောင်းသား ကျောင်းသူတွေအနေနဲ့ ၈၇ ရာခိုင်နှုန်းကာကွယ်ဆေးထိုးနှံခဲ့ပြီး ဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးရသေးတဲ့သူတွေကိုလည်း စုစည်းပြီး ဆက်လက်ထိုးနှံပေးမှာဖြစ်ပါတယ်။ နောက်ပြီး ကျောင်းသား ကျောင်းသူတွေအတွက် နှာခေါင်းစည်းတွေကိုလည်း ကျောင်းကနေပဲ ဝေငှပေးပါတယ်။ ကျောင်းလျှောက်လမ်းတွေကို ခြောက်ပေခြား သွားလာနိုင်ဖို့ စီစဉ်ပေးထားပြီး စာသင်ခန်းတွေမှာလည်း လေးပေခြား သတ်မှတ်ထားပါတယ်။ ပိုးသတ်ဆေးတွေကိုလည်း တစ်ကျောင်းလုံး ဖျန်းထားပြီးသား ဖြစ်ပါတယ်။

"ကျောင်းချိန်အနေနဲ့ တစ်ချိန်တည်းပဲ သတ်မှတ်ထားပါတယ်။ ကျောင်းလုံခြုံရေးအပိုင်းကိုလည်း တာဝန်တွေချထားပြီး ဆောင်ရွက်ထားပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်ရသေးတဲ့ ကလေးတွေရှိရင်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးကနေ တစ်ဆင့် ကျောင်းလာအပ်ဖို့ တိုက်တွန်းစေပါတယ်။ ကျောင်းလာအပ်တဲ့သူတွေကိုလည်း စနစ်တကျ ကျောင်းအပ်လက်ခံပေးပါတယ်။ နိုဝင်ဘာ ၁ ရက်က ကျောင်းတက်လူဦးရေအနေနဲ့ ၄၃၉ ဦးဖြစ်ပြီး ၄၂ ရာခိုင်နှုန်းရှိပါတယ်။ ဒီနေ့မှာတော့ ကျောင်းတက်လူဦးရေ ၆၄၈ ဦးဖြစ်ပြီး ၆၀ ရာခိုင်နှုန်းရှိပါတယ်"ဟု ပြောသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ဆရာ ဆရာမများက ကျောင်းအတွင်းသို့ မဝင်ရောက်မီ နှာခေါင်းစည်းများ၊ မျက်နှာအကာများ တပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ တပ်ဆင်ထားခြင်းမရှိပါက အဆင်သင့်ပြင်ဆင်ထားသည့် နှာခေါင်းစည်းများ ဝေငှ၍ တပ်စေခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်းနှင့် လက်ဆေးဘေစင်များတွင် စနစ်တကျတန်းစီ၍ လက်ဆေးစေခြင်းများကို သေချာစွာ စောင့်ကြပ်ကြည့်ရှုပေးကြသည်။

အလားတူ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေစဉ်အချိန်အတွင်း ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက PPE ဝတ်စုံနှင့် ဆေးပစ္စည်းများပါဝင်သည့် ကျောင်းကျန်းမာရေးအခန်းများ အဆင်သင့်ပြင်ဆင်ထားကာ ကျန်းမာရေးစောင့်ရှောက်မှုပေးထားပြီး လိုအပ်ပါက ဆက်သွယ်ရမည့် တာဝန်ရှိသူများ၏ ဆက်သွယ်ရမည့်လိပ်စာနှင့် ဖုန်းနံပါတ်များကိုလည်း ထားရှိပေးထားသည်ကိုလည်း တွေ့မြင်ရသည်။

အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယမင်းသူက " ကျွန်မတို့ကျောင်းမှာတော့ ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေး နည်းလမ်းတွေနဲ့အညီ ကျောင်းတက်စေပါတယ်။ စာသင်ခန်းတွေမှာလည်း တစ်ခန်းကို ကျောင်းသား ၃၀ သာ ထားရှိပြီး စာပေသင်ကြားစေပါတယ်။ ကျောင်းစဖွင့်တဲ့ နိုဝင်ဘာ ၁ ရက်က ကျွန်မတို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၄၈၅ ဦး ကျောင်းတက်ရောက်ပါတယ်။ ဒီနေ့မှာတော့ ကျောင်းသား ကျောင်းသူ ၆၇၉ ဦးကျောင်းတက်ရောက်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်ရသေးတဲ့ သူတွေကိုလည်း ကျောင်းအပ်လက်ခံနေပြီး ဒီနေ့ဆို ကျောင်းလာအပ်တဲ့သူ ၄၀ ရှိပါတယ်။ ကျောင်းမအပ်ရသေးတဲ့သူတွေကိုလည်း အမြန်ဆုံး ကျောင်းလာအပ်ကြပါလို့ ပြောလိုပါတယ်"ဟု ပြောသည်။

စာသင်ခန်းများ အတွင်း၌လည်း ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အညီ တစ်ခန်းလျှင် လူဦးရေ ၃၀ နှင့် ၄၀ အကြားသာ ထားရှိ၍ တစ်ဦးလျှင် လေးပေခြားစီဖြင့် စနစ်တကျ စာပေသင်ကြားစေမှုကိုလည်း တွေ့မြင်ရသည်။

အလားတူ ကျောင်းသား ကျောင်းသူများ ကိုဗစ် - ၁၉ ကပ်ရောဂါကူးစက်မှု မရှိစေရေးအတွက် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ကောင်စီနယ်မြေအတွင်းရှိ ဆေးထိုးစုရပ်နေရာများ၌ ဆောင်ရွက်ပေးခဲ့ပြီး ဆေးထိုးရန် ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ထိုးနှံနိုင်ရေး ကျန်းမာရေးဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ကျောင်းသား ကျောင်းသူများ စာပေသင်ကြားရာတွင် အထောက်အကူဖြစ်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းပြ ဆရာ ဆရာမများနှင့် ကျောင်းအုပ်ကြီးများအားလုံးကိုလည်း မွမ်းမံသင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများ တက်ရောက်နိုင်စေရန် ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက်လည်း ကျောင်းစဖွင့်သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကတည်းကပင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ ဘောပင်များ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း - အောင်သန့်**

**ဓာတ်ပုံ - ကိုကိုထိန်**

## ဆရာ ဆရာမများသို့ ဂါရဝကဗျာ

**ဝလုံးကလေးဝိုင်းဝိုင်းရေးကွဲ့လို့၊ သင်ပေးခဲ့ဖူးပါတယ်။**
**ကျေးဇူးရှင်ဆရာမကို အောက်မေ့လှတယ်။**
**ဝလုံးကလေးကျေးဇူးရယ် ခုခါဝယ်ဝန်ကြီးဖြစ်၊**
**ဝလုံးကလေးကျေးဇူးရယ် ခုခါဝယ် ဆရာဝန်ဖြစ်၊**
**ဆရာမသင်ပေးခဲ့တဲ့ ကျေးဇူးအစစ်။**
**စလုံးကလေးမှန်မှန်ရေးကွဲ့လို့၊ သင်ပေးခဲ့ဖူးပါတယ်။**
**စေတနာမေတ္တာစကားကြားယောင်မိတယ်။**
**စလုံးကလေးကျေးဇူးရယ် ခုခါဝယ် စာရေးဆရာဖြစ်၊**
**စလုံးကလေးကျေးဇူးရယ် ခုခါဝယ် စစ်ဗိုလ်ဖြစ်၊**
**စလုံးကလေးကျေးဇူးရယ် ခုခါဝယ် စက်မှုအင်ဂျင်နီယာဖြစ်၊**
**စလုံးကလေးကျေးဇူးရယ် ခုခါဝယ် စိုက်ပျိုးပညာရှင်ဖြစ်၊**
**ဆရာမသင်ပေးခဲ့တဲ့ ကျေးဇူးအစစ်။**
**ဝလုံးမှစလုံး ကကြီးမှ အ, အဆုံး**
**တစ်လုံးချင်း တတ်အောင်သင်၊**
**ဘယ်လိုနေ ဘယ်လိုပြောရ ဆုံးမပဲ့ပြင်။**
**ဆရာမ သက်ရာကျော်ရှည်စေသော် မျှော်ရည်ကိုး၊**
**လက်ဆယ်ဖြာ ထိပ်မှာမိုးကာ ဦးချရှိခိုး။ ။**

ချစ်နိုင်(စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုး

## ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေး




**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရန် ကြိုတင်စာရင်းပေးထားသူ ၅၃ ဦးကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်္ဂလာဒုံမြို့နယ်ရုံးမှ ဒုလဝကမှူး ဒေါ်မြတ်မြတ်သွယ်နှင့် ဝန်ထမ်းများက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို အတည်ပြုဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူ အသက် ၁၀ နှစ်ပြည့် လျှောက်ထားသူ ၃၁ ဦး၊ အသက် ၁၈ နှစ်ပြည့် လျှောက်ထားသူ ၁၇ ဦးနှင့် အသက် ၁၀ နှစ်ပြည့်မှ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်လျှောက်ထားသူ ငါးဦး စုစုပေါင်း ၅၃ ဦးတို့ကို သတ်မှတ်ချက်များနှင့်ကိုက်ညီ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ရန် အတည်ပြုလက်ခံခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ရန်ကုန်ဘူတာကြီးမှ မီးရထားဝန်ထမ်း သတင်းနှင့်ပြန်ကြားရေးတွဲဖက် ဦးထိန်ဝင်း (ခ)ရန်ကင်းမောင်အား လုပ်ကြံပစ်ခတ်သတ်ဖြတ်ခဲ့သူ ၁၅ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်ဘူတာကြီးမှ သတင်းနှင့် ပြန်ကြားရေးတွဲဖက်ဖြစ်သူ ဦးထိန်ဝင်း (ခ) ရန်ကင်းမောင်သည် ဗိုလ်တထောင်မြို့နယ် ဝန်ထမ်းအိမ်ရာမှ တိုင်း(၆) ရုံးသို့ ဗိုလ်မင်းရောင်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့် သွားရောက်စဉ် ယာဉ်အမှတ်(စိစစ်ဆဲ)ပေါ်မှ ဆင်းလာသူ အကြမ်းဖက်သမား တစ်ဦးမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ဒဏ်ရာများရရှိကာ သေဆုံးမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ဦးထိန်ဝင်းအား လုပ်ကြံပစ်ခတ်သတ်ဖြတ်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ စုံစမ်းဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အခင်းဖြစ်စဉ်အတွင်း အကြမ်းဖက်သူများ အသုံးပြုခဲ့သည့် NPW 1Q/5868 ဟိုက်ဂျက်အဖြူရောင်ယာဉ်အား ထက်အောင်ကျော်(ခ)92 (၂၇)နှစ်(ဘ)ဦးအောင်ငွေးနှင့် ဇော်ရိန်ထွန်း(ခ)Tissue တို့နှင့်အတူ နိုဝင်ဘာလ ၁ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံ မီးပွိုင့်တွင် တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ထက်အောင်ကျော်၏ ထွက်ဆိုချက်အရ သတင်းပေးစေခိုင်းသူ ရန်ကုန်ဘူတာကြီး စက်ပြင်လုပ်သား ဗိုလ်တထောင်မြို့နယ် (၁၀)ရက်ကွက် သိမ်ဖြူလမ်းသွယ် တိုက်(ဘီ) အခန်း(၇)နေ သူရအောင် (ခ)စောငမန်း(၂၉)နှစ်အား နိုဝင်ဘာလ ၁ ရက် မွန်းလွဲ ၁ နာရီ ၅၀ မိနစ်တွင် ရန်ကုန်ဘူတာကြီး အငယ်တန်းအင်ဂျင်နီယာ(၂)၊ ကြိုးမဲ့ဆက်သွယ်ရေးရုံးခန်းတွင် တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ထက်အောင်ကျော် ငှားရမ်းနေထိုင်ခဲ့သည့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက် ဗိုလ်စောနောင်လမ်း အမှတ်(၂၃) သို့ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်သည့် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဦးမောင်စိုးလမ်း အမှတ်(၁၀၈)နေ ထွဋ်မြတ်ဘုန်းကျော်(ခ)အိုမက်(၂၃)နှစ်နှင့် မင်္ဂလာဒုံမြို့နယ် ဈေးပိုင်းရပ်ကွက် ထောက်ကြံ့လမ်းဆုံနေ မျိုးပိုင်(၁၆)နှစ်တို့ နှစ်ဦးအား ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ LUGER ကျည် ၃၁ တောင့်၊ 9 MM ကျည်ရှစ်တောင့်၊ စတီးဘောစ့ ၁၀၀၀ ခန့်ပါ ခဲရောင်ကော်ဘူး တစ်ဘူး၊ လက်လုပ်ဗုံး တစ်လုံး၊ 91 လက်ပစ်ဗုံး သုံးလုံးနှင့် ငွေရောင်စနက်တံ သုံးချောင်း၊ အစိမ်းရောင်ကော်ဗုံးသီးခွံ ၁၃ လုံး၊ ယမ်းမှုန့် တစ်ထုပ်၊ ကီးပက်ဖုန်း ခြောက်လုံး၊ လက်တောပွဲတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ထက်အောင်ကျော်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၁)ရပ်ကွက် သစ္စာလမ်းနေ ကျော်လွင်ဦး(ခ)ရွှေလေး(၂၆)နှစ်အား ယင်းနေ့ ညနေ ၄ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ပြည်ထောင်စုလမ်းမဘေးရှိ ဆောက်လုပ်ရေးမှတ်တိုင်အနီး၌ ဖမ်းဆီးရမိခဲ့ပြီး လုပ်ကြံသတ်ဖြတ်မှုအား စီစဉ်ညွှန်ကြားသူ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်း ပထမထပ် အခန်း(ဘီ)နေ အောင်ကြီး(ခ)လှိုင်ထူးအောင် (၃၆)နှစ်အား ၎င်း၏ဇနီးဖြစ်သူ မဆုရည်လှိုင်(ခ)ဆုလှိုင်(၃၂)နှစ်နှင့်အတူ သုဝဏ္ဏမြို့နယ် ကမာကြည်မီးပွိုင့်အနီးတွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပြစ်မှု ကျူးလွန်စဉ်တွင် အသုံးပြုခဲ့သည့် လက်ကိုင်စကားပြောစက် တစ်လုံးနှင့် အားသွင်းခွက် တစ်ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်သည့် မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာနေ Dragon (ခ)ထွန်းမင်းလတ်(၂၄)နှစ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၃)ရပ်ကွက် စံရိပ်ငြိမ်လမ်း အမှတ်(၆၃၂)



တရားခံ ထက်အောင်ကျော်(ခ) 92 ပါ ၁၅ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

(ခ)နေ မိုင်းနပ်(ခ)အောင်ကိုသော် (၂၂)နှစ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ်(၁၁၈)နေ စောကလျာ (၂၂)နှစ်နှင့် မင်္ဂလာဒုံမြို့နယ် အေကရစ်ရပ်ကွက် စာရိတ္တလမ်း အမှတ်(၂၀)နေ အေးသန္တာ(၃၇)နှစ်တို့အား ယင်းနေ့ ညနေ ၅ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက် ဗိုလ်စောနောင်လမ်း အိမ်အမှတ်(၂၃)တွင် လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈)ရပ်ကွက် ကျွန်းရွှေမြိုင်လမ်းနေ ရဲထက်ဦး(ခ)YZ(၂၁)နှစ်အား ညနေ ၅ နာရီ ၅၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၈) ရပ်ကွက် မောင်းမကန်လမ်းတွင် လည်းကောင်း၊ ရဲထက်ဦးအား ယာဉ်နှင့်နေထိုင်ရန် ကူညီပေးခဲ့သူ ကြည့်မြင်တိုင်မြို့နယ် ဦးမြရပ်ကွက် ဦးမြငါးစင်လမ်း အမှတ်(၉၆)နေ ကြည်မင်းဟန်(၃၀)နှစ်အား ည ၇ နာရီ ၃၅ မိနစ်တွင် အလုံမြို့နယ် ကမ်းနားလမ်းနှင့် သစ်တောလမ်းထိပ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ထွက်ဆိုချက်များအရ ည ၇ နာရီ မိနစ် ၄၀ တွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဦးထွန်းရှိန်လမ်း တိုက်အမှတ်(၅၅၂) (၄)လွှာယာခန်းတွင် လက်လုပ်ဗုံးများ သိုဝှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် CROWN ယာဉ်တွင် တပ်ဆင်ခဲ့သောယာဉ်နံပါတ်ပြား တစ်ခု၊ အစိမ်းရောင် ကော်လက်ပစ်ဗုံးခွံ ၈၈ လုံး၊ ပိုတက်စီယမ်ကလိုရိုက် ၂၉ ထုပ်၊ မီးရှို့ယမ်း အချောင်း ၄၀၊ ကော်မောင်းတုန်း တစ်ချောင်း၊ ကီးပက်ဖုန်းခြောက်လုံး၊ မီးရှို့ဒီတိုနေတာ ခုနစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်တရားခံ စိုးဝင်းအောင်(ခ) ပြောင်ကြီး(ခ) 21 (၃၉)နှစ်အား ည ၈ နာရီ ၄၅ မိနစ်အချိန်တွင် လသာမြို့နယ်၊ (၁၉)လမ်း၌ LUGER ကျည်ခုနစ်တောင့် ပစ်ခတ်မှုဖြစ်စဉ်အတွက် ကြိုတင်ရေးဆွဲထားသည့် မြေပုံတစ်ခုပါရှိသည့် စာအုပ်တစ်အုပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထက်အောင်ကျော်၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း SATURN အဖွဲ့အား ဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့အတွင်း အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်ရန်နှင့် အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် တိုက်ခိုက်ရေးနှင့် ဖောက်ခွဲရေးပစ္စည်းများကို အခြားသူများအား ဖြန့်ဝေပေးရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်သည့် ကိုအောင်ကြီး(ခ)လှိုင်ထူးအောင်က အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ ထက်အောင်ကျော်က ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း ဦးဆောင်ခဲ့ကြပြီး အဖွဲ့ဝင်များအဖြစ် စောကလျာမောင်(ခ)Rayar၊ အေးသန္တာ(ခ) အန်တီမေ၊ ထွဋ်မြတ်ဘုန်းကျော်(ခ)အိုမက်၊ မျိုးပိုင်(ခ)SA-2၊ ဇော်ရိန်ထွန်း(ခ)Tissue၊ ရဲထက်ဦး(ခ) YZ၊ အောင်ကိုသော် (ခ)မိုင်းနပ်၊ ကျော်လင်းဦး(ခ)ရွှေလေး၊ ထွန်းမင်းလတ်(ခ)နဂါးတို့ဖြစ်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအပေါ် စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းတို့အနေဖြင့် စိတ်ကြွမူးယစ်ဆေးဝါးများသုံးစွဲပြီး အကြမ်းဖက်မှုလုပ်ရပ်များအား ကျူးလွန်ခဲ့ကြကြောင်း တွေ့ရှိရပြီး မီးရထားဝန်ထမ်း ဦးထိန်ဝင်း(ခ) ရန်ကင်းမောင်အား လုပ်ကြံသတ်ဖြတ်မှုတွင် နောက်ကွယ်မှ ပါဝင်ကြသူများမှာ CDM ပြုလုပ်ထားသူ အောင်သူ ရန်ကုန်ဘူတာကြီး(မီးရထားရုံပိုင်အထူး) (ဖမ်းဆီးရန်ကျန်)နှင့် CDM ပြုလုပ်ထားသူ စန်းလွင်ဦး ရန်ကုန်ဘူတာကြီး(မီးရထားရုံပိုင်အထူး) (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ပြီး ၎င်းတို့ကျူးလွန်သူများအား လက်နက်ပံ့ပိုးပေးရန် ဒေါ်လှဲ့လှဲ့ဝင်း (NLD)ပါတီမှ ဗိုလ်တထောင်မြို့နယ် တိုင်း-၂ လွှတ်တော်ကိုယ်စားလှယ်ဟောင်း (ဖမ်းဆီးရန်ကျန်)က မောင်ကျော်(ခ)ဇေယျာသော်တို့အဖွဲ့နှင့် ဆက်သွယ်ပေးခဲ့ကြောင်း၊ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်များအား ပံ့ပိုးပေးသူမှာ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဟောင်း မောင်ကျော်(ခ)ဇေယျာသော်(NLD)ပါတီဝင်ဖြစ်ပြီးလုပ်ကြံရန် ယာဉ်အား စီစဉ်ပေးသူမှာ မကေ (ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရကာ ကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်သည့် ဇော်ထွန်း (ဖမ်းဆီးရန်ကျန်) နှင့် ယာဉ်မောင်းနှင်ပေးသူ ထွန်းထွန်း (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကာ ဖမ်းဆီးရမိထားသူ တရားခံ ၁၅ ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုများအနေဖြင့်လည်း ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ ဖမ်းဆီးရန်ကျန် တရားခံပြေးများအား တွေ့မြင်သိရှိရပါက သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များအား လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၊ ကျုံပျော်မြို့၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၊ ချင်းပြည်နယ် ပလက်ဝမြို့၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၊ ရွှေတောင်မြို့နှင့် ပေါင်းတည်မြို့တို့၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကိုစောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG၊ CRPH ၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ CRPH၊ PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုးပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလုပ်ငန်းစဉ် (၅) ရပ်အား ထောက်ခံပါသည်၊ ဒီမိုကရေစီ အရေခြုံကွန်မြူနစ်



ရသေ့တောင်မြို့အတွင်းရှိ ပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲ ပြုလုပ်စဉ်။

လုပ်ရပ်ကျဆုံးပါစေ၊ NUG၊ PDF အကြမ်းဖက်မှု အမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှုချက်ချင်းရပ်'' စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာတည်သရွေ့

မြင့်ထွေး(ဟိုတယ်/ခရီး)

**ဆင့်ကဲဖြစ်စဉ်**

ခရီးသွားလာခြင်းကို လေ့လာရာတွင် (၂၀) ရာစု၊ (၂၁) ရာစုမှ စတင်ခဲ့ခြင်းမဟုတ်ဘဲ သမိုင်းမတင်မီကာလ ခရီးသွားခြင်း (Travel in Prehistoric Times. B.C 32000–10000)၊ ကျောက်ခေတ်နှောင်းပိုင်းကာလ ခရီးသွားခြင်း (Travel in Neolithic Times, Begin B.C 10000)၊ ရှေးကျသော လူ့အဖွဲ့အစည်းတွင် ခရီးသွားခြင်း (Travel in Ancient Civilization– B.C–3200 to AD 476)၊ အလယ်ခေတ်တွင် ခရီးသွားခြင်း (Travel in the Middle Ages. – AD 476 to 1300)၊ တစ်ကျော့ပြန်ခေတ်တွင် ခရီးသွားခြင်း (Travel in the Renaissance – AD. 14 to 17 Centuries)၊ စက်မှုခေတ်တွင် ခရီးသွားခြင်း (Travel in the Industrial Age (18 Century)၊ ၁၉ ရာစု ခရီးသွားလုပ်ငန်းများ ပေါ်ပေါက်လာခြင်း (Travel in the 19 Century)၊ ၂၁ ရာစု ခေတ်သစ်ခရီးသွားခြင်း (Travel in the 21 Century) ဟူ၍ ခေတ်အပိုင်းအခြားလိုက်တွေ့ရှိရပါသည်။

သမိုင်းမတင်မီခေတ် (Travel in Prehistoric Times) မှစ၍ လူသားများသည် အသက်ရှင် ရပ်တည်ရေးအတွက် အစားအစာရရှိရန်အတွက် အမဲလိုက်ခြင်း၊ ရေရရှိရန် ရှာဖွေခြင်း၊ စုပေါင်းနေထိုင်၊ စုပေါင်းသွားလာခြင်းဖြင့် စတင်ခဲ့ကြပြီး ကျောက်ခေတ်နှောင်းပိုင်းကာလ (Travel in Neolithic Times) တွင် နတ်ကွန်းများ၊ ဂူသချိုင်းများ၊ လျှို့ဝှက်ဆန်းကြယ်သောနေရာများသို့ သွားလာခြင်းဖြင့် တဖြည်းဖြည်းပြောင်းလဲလာခဲ့သော ခရီးသွားခြင်းသည် (၂၁) ရာစုအထိ ခရီးဆက်မပျက်၊ အရှိန်အဟုန်ကောင်းကောင်းဖြင့် သွားလာနေကြဆဲဖြစ်ပါသည်။ (ခေတ်အလိုက် ခရီးသွားမှု ပုံသဏ္ဌာန်များ ပြောင်းလဲလာပုံကို နောင်အလျဉ်းသင့်ချိန်တွင် တင်ပြသွားပါမည်။) ခရီးသွားလာမှုပုံသဏ္ဌာန်ပြောင်းလဲလာခြင်းကလွဲ၍ နောင်ဆက်၍လည်း ခရီးသွားလာခြင်းများ ရှိနေဦးမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် ပင်လယ်ရေကဲ့သို့ ခပ်ယူသုံးစွဲသော်လည်း မကုန်နိုင်သည်ဖြစ်၍ သဘာဝ\အရင်းအမြစ်များကို မျှဝေရယူခံစားခြင်း၊ ပျက်စီးဆုံးရှုံးမှုများမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

**တွင်ကျယ်လာသည့် ခရီးသွားလုပ်ငန်း**

(၂၁) ရာစု ခေတ်သစ်ခရီးသွားလုပ်ငန်းများတွင် အပန်းဖြေခရီးစဉ် (Recreation Tourism)၊ ယဉ်ကျေးမှုခရီးစဉ် (Cultural Tourism)၊ လူမျိုးစုလေ့လာရေးခရီးစဉ် (Ethnic Tourism)၊ အားကစားအခြေပြုခရီးစဉ် (Sport Tourism)၊ စိုက်ပျိုးရေးအခြေပြုခရီးစဉ် (Agriculture Tourism)၊ ရပ်ရွာလူထုအခြေပြုခရီးစဉ် (Community Based Tourism)၊ စေတနာ့ဝန်ထမ်းခရီးစဉ် (Volunteer Tourism)၊ သဘာဝအခြေခံခရီးစဉ် (Eco Tourism)၊ လောင်းကစားအခြေခံခရီးစဉ် (Gambling Tourism)၊ စွန့်စားမှုခရီးစဉ် (Adventure Tourism)၊ အဏ္ဏဝါခရီးစဉ် (Marine Tourism)၊ ပညာရေးအခြေပြုခရီးစဉ် (Educational Tourism)၊ နယ်စပ်ဖြတ်ကျော်ခရီးစဉ် (Caravan Tourism) တို့သည် နိုင်ငံတကာဧည့်သည်များ ကြိုက်နှစ်သက်သည့် ထင်ရှားသောခရီးသွားအမျိုးအစားများပင်ဖြစ်ပါသည်။



သို့အတွက် ဝန်ဆောင်မှုဖြင့် စီးပွားရေးလုပ်ကိုင်လိုကြသောသူများသည် ခရီးသွားလုပ်ငန်း နယ်ပယ်သို့ အလျှင်အမြန် ဝင်ရောက်လာကြပြီး ဟိုတယ်လုပ်ငန်း၊ မိုတယ်လုပ်ငန်း၊ အပန်းဖြေ ဧည့်ရိပ်သာလုပ်ငန်းများတွင်လည်းကောင်း၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရပစ္စည်းရောင်းချရေး လုပ်ငန်းများတွင်လည်းကောင်း၊ ဘဏ်လုပ်ငန်းများတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများကို အပြိုင်အဆိုင်ပြုလုပ်လာကြပါသည်။

**ဖန်တီးမှုပညာ**

ယနေ့ (၂၁) ရာစုခေတ်တွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသာမက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများကိုပါ ဆင့်ကဲအကျိုးသက်ရောက်မှုရှိခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်လာကြပါသည်။

ခရီးသွားလုပ်ငန်းအား ဝန်ဆောင်မှုပေးသော စီးပွားရေးလုပ်ငန်းဟု ခေါ်ဆိုသတ်မှတ်ကြသကဲ့သို့ နိုင်ငံ၏ထုတ်ကုန်တစ်ခုအနေဖြင့်လည်း သတ်မှတ်ကြပါသည်။ ဝန်ဆောင်မှုလုပ်ငန်းဖြစ်၍ ဧည့်သည် (တစ်နည်းအားဖြင့်) စားသုံးသူများ၏ စိတ်ကျေနပ်မှုကို ရရှိစေရန်အတွက် သမားရိုးကျပုံစံများဖြင့် ဝန်ဆောင်မှုပေးနေခြင်းအစား တီထွင်ဆန်းသစ်သော အတွေးအခေါ်၊ ဖန်တီးမှုများဖြင့် ခရီးသွားပုံစံ အမျိုးမျိုးကို ဖော်ထုတ်ကာ ဝန်ဆောင်မှုပေးနိုင်ရန်လိုအပ်ပါသည်။ ထို့အတူ ထုတ်ကုန်ပစ္စည်းတစ်ခုအဖြစ် စားသုံးသူ ကမ္ဘာလှည့်ခရီးသည်များမှ ဝယ်ယူသုံးစွဲကြမည်ဖြစ်ရာ ဝယ်ယူစားသုံးသူ၏ ပေးချေသော တန်ဖိုးနှင့် ထိုက်တန်သည့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းတစ်ခုလည်းဖြစ်ရန် လိုအပ်ပါသည်။ နိုင်ငံတကာသို့ လှည့်လည်သွားလာနေကြသော ကမ္ဘာလှည့်ခရီးသည်များ၏ ကြိုက်နှစ်သက်မှုများကို လေ့လာဆန်းစစ်သုံးသပ်ပြီး ဖန်တီးမှုများဖြင့် ပေါင်းစပ်ဆောင်ရွက်ထားကြသဖြင့် ယခုအခါ ခေတ်သစ်ခရီးသွားလုပ်ငန်း အမျိုးအစားများစွာ ခရီးသွားဧည့်သည်များနှင့် ရင်းနှီးနေကြပြီဖြစ်ပါသည်။

**ခရီးသွားအတ္တ**

ခရီးသွားလုပ်ငန်းအရင်းအမြစ်များသည် ထုတ်ယူသုံးစွဲ၍ မကုန်နိုင်သော သဘာဝအရင်းအမြစ်များဖြစ်၍ ခရီးသွားလုပ်ငန်းနယ်ပယ်အပြင် ဆက်စပ်လုပ်ငန်းနယ်ပယ်များပါ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်သဖြင့် လူနှင့် လူ့ပတ်ဝန်းကျင်ကို အကျိုးရှိစေပါသည်။ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် အမှတ်တရပစ္စည်းအရောင်းလုပ်ငန်း၊ စားသောက်ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်း စသည့်လုပ်ငန်းတစ်ခုနှင့်တစ်ခု၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ ချိတ်ဆက်ဆောင်ရွက်ရပါသည်။

ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လောဘကြီးသောသူအချို့ကိုလည်း တွေ့ရသည်။ ရှားပါးလှသော ကမ်းခြေရိယာများ၊ ရေချိုထွက်ကျွန်းများကို လက်ဦးမှုရယူ၍ လိုအပ်သည်ထက် ဧကထောင်ချီကျယ်ဝန်းစွာရယူပိုင်ဆိုင်ဖို့ ကြိုးစားနေကြသည်။ ဟိုတယ်နှင့်အပန်းဖြေစခန်း တည်ဆောက်ရန် လိုအပ်သည့် မြေဧရိယာမှာ ဧက ၅၀ ခန့်၊ အများဆုံး ဧက ၁၀၀ ခန့်ဖြင့် လုံလောက်သော်လည်း အဆမတန်ပိုမိုရယူထားကြသဖြင့် အခြားသူများ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အခွင့်အလမ်းမရှိတော့ချေ။ ပို၍ဆိုးသည်က ကျွန်းများပေါ်တွင် မူလနေထိုင်လာကြသော လူမျိုးနွယ်၏ နေထိုင်မှု၊ သောက်သုံးရေ ရယူမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများပါ ထိခိုက်ခံစားစေမှုတို့ကို ဖြစ်ပေါ်စေပါသည်။

သို့အတွက် ကမ်းခြေရိယာများနှင့် ဆက်စပ်သော မြေဧရိယာပေါင်းများစွာကို အခြားနည်းဖြင့် သုံးစွဲခွင့်ရရှိရေး လျှောက်ထားလာကြရာတွင်လည်းကောင်း၊ ကျွန်းများပေါ်ရှိ မြေဧရိယာပေါင်းများစွာအား လုပ်ပိုင်ခွင့် လျှောက်ထားလာကြရာတွင်လည်းကောင်း ဝန်ကြီးဌာနသို့ သဘောထားတောင်းခံလာရာတွင် ဟိုတယ်အပန်းဖြေစခန်း တည်ဆောက်ရန်လိုအပ်သည့် မြေဧရိယာအပေါ်တွင်သာ သဘောထား ပြန်ကြားပေးလေ့ရှိသည်ကို သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများအနေဖြင့် သတိပြုသင့်ပါသည်။

**အတုယူသင့်**

ထို့အတူ ဌာနတစ်ခုနှင့် တစ်ခု ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ ဌာနအလိုက် လုပ်ထုံး လုပ်နည်း၊ မူဝါဒများ တရားသေကိုင်ဆွဲထားခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို တုံ့ဆိုင်းစေပါသည်။ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသော ကျွန်းများပေါ်တွင် ပုလဲမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း၊ ပုလဲမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေသော ကျွန်းများပေါ်သို့ ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်ခွင့်မပြုခြင်း၊ ကမ်းခြေသဲသောင်ပြင်ရှေ့ ရေပြင် (Public Area) ကိုပင် ဝင်ရောက်ခွင့်၊ ဖြတ်သန်းခွင့် မပြုခြင်းများသည် မော်ကင်း (ခေါ်) ဆလုံလူမျိုးများ၊ ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ပုလဲမွေးမြူရေးလုပ်ငန်းရှင်များ၊ ငှက်သိုက်မွေးမြူရေး လုပ်ငန်းရှင်များအကြား ပွတ်တိုက်မှုများကို ဖြစ်ပေါ်စေပါသည်။

ခရီးသွားလုပ်ငန်းအပေါ် နားလည်သော ပုလဲလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာတွင် ပုလဲမွေးမြူရေးနှင့် ပုလဲထုတ်လုပ်ရေးလုပ်ငန်းများအား ကမ္ဘာလှည့်ခရီးသည်များသို့ ပြသကာ ဘေးတိုက်အကျိုးစီးပွားဖြစ်ထွန်းရရှိမှုကို အတုယူ၍ Win Win Situation ဖြစ်စေသည့် လုပ်ဆောင်မှုမျိုးကို ပြင်ဆင်လာကြသည်။ ပုလဲမွေးမြူရေးလုပ်ငန်းအား မထိခိုက်စေသည့် စည်းကမ်းသတ်မှတ်ချက်များကို ချမှတ်၍ ခရီးသွားဧည့်သည်များ လေ့လာလည်ပတ်စေခြင်းဖြင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူနှင့် ပုလဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတို့ နှစ်ဦးနှစ်ဖက်အကျိုးခံစားမှုကို ရရှိစေပါသည်။

**ကမ္ဘာတည်သရွေ့**

အထူးသဖြင့် ခရီးသွားလုပ်ငန်းသည် လူတန်းစားအလွှာအသီးသီးအပေါ်တွင် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအသီးသီးအပေါ်တွင် လည်းကောင်း၊ အကျိုးရလဒ်များ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်ရရှိသဖြင့် သဘာဝကပေးအပ်ထားသော အရင်းအမြစ်များကို မျှဝေခံစားကြရန်နှင့် ခရီးသွားဒေသရပ်ဝန်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းသွားကြရန်လိုအပ်ပါသည်။ ကမ္ဘာကြီးနှင့် လူသားများ တည်ရှိနေသရွေ့ ခရီးသွားလုပ်ငန်းသည် တည်ရှိနေမည်ဖြစ်ပါသည်။ တစ်ဦးတည်း၊ တစ်ယောက်တည်းမှ အုပ်စိုးချုပ်ကိုင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းမျိုးတွင် ခရီးသွားလုပ်ငန်း မပါဝင်သဖြင့် ခရီးသွားလုပ်ငန်းအပေါ် စိတ်ဝင်စားသူမည်သူမဆို ဆောင်ရွက်နိုင်ပါသည်။ အတွေ့အကြုံ၊ ဖန်တီးမှု၊ ဝန်ဆောင်မှု ကောင်းမွန်ခြင်းတို့ကသာ ရေရှည်တွင် အောင်မြင်မှု ရောက်ရှိသွားမည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနတို့၏ ညှိနှိုင်းဆောင်ရွက်မှုကြောင့် ပုလဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားသော ကျွန်းစခန်းပေါင်း ၁၂ ခုရှိသည့်အနက် ဘုတ်ပြင်းမြို့နယ်ရှိ ပုလဲကျွန်း၊ ကျွန်းစုမြို့နယ်ရှိပုလဲတံခွန်စခန်း၊ ကော့သောင်းမြို့နယ်ရှိ ရွှေကျွန်းစခန်း၊ ငလုံးလဖယ်စခန်း၊ ဂျလန်းကျွန်းစခန်း စသည့် ပုလဲမွေးမြူရေးစခန်း ငါးခုသို့ စည်းကမ်းသတ်မှတ်ချက်များဖြင့် ခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်စေခဲ့သဖြင့် ခရီးသွားလုပ်ငန်းနှင့် ပုလဲမွေးမြူရေးလုပ်ငန်းတို့ ပူးပေါင်းမျှဝေခံစားမှုကို မြင်တွေ့နေရပြီဖြစ်ပါသည်။ ကျန်ပုလဲမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသော ကျွန်းစခန်းများကိုလည်း ဤကဲ့သို့ စည်းကမ်းသတ်မှတ်ချက်များချမှတ်၍ လည်ပတ်ခွင့်ကို ခွင့်ပြုပေးပါက ခရီးစဉ်အသစ်များ ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

**ခရီးသွားလုပ်ငန်းအား ဝန်ဆောင်မှုပေးသော စီးပွားရေးလုပ်ငန်းဟု ခေါ်ဆိုသတ်မှတ်ကြသကဲ့သို့ နိုင်ငံ၏ထုတ်ကုန်တစ်ခုအနေဖြင့်လည်း သတ်မှတ်ကြပါသည်။ ဝန်ဆောင်မှုလုပ်ငန်းဖြစ်၍ ဧည့်သည် (တစ်နည်းအားဖြင့်) စားသုံးသူများ၏ စိတ်ကျေနပ်မှုကို ရရှိစေရန်အတွက် သမားရိုးကျပုံစံများဖြင့် ဝန်ဆောင်မှုပေးနေခြင်းအစား တီထွင်ဆန်းသစ်သော အတွေးအခေါ်၊ ဖန်တီးမှုများဖြင့် ခရီးသွားပုံစံအမျိုးမျိုးကိုဖော်ထုတ်ကာ ဝန်ဆောင်မှုပေးနိုင်ရန်လိုအပ်ပါသည်။ ထို့အတူ ထုတ်ကုန်ပစ္စည်းတစ်ခုအဖြစ် စားသုံးသူ ကမ္ဘာလှည့်ခရီးသည်များမှ ဝယ်ယူသုံးစွဲကြမည်ဖြစ်ရာ ဝယ်ယူစားသုံးသူ၏ ပေးချေသော တန်ဖိုးနှင့် ထိုက်တန်သည့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းတစ်ခုလည်းဖြစ်ရန် လိုအပ်**

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး အင်ဒိုနီးရှားသမ္မတနှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံဆွေးနွေး

**ဂျကာတာ နိုဝင်ဘာ ၂**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့၌ ကျင်းပပြုလုပ်သော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် သီးခြားတွေ့ဆုံခဲ့ရာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ရာသီဥတုပြောင်းလဲမှုပြဿနာနှင့် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများအရေး စသည်ဖြင့် အချက်လေးချက်ကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကာကွယ်ဆေး၊ အသက်ရှူအထောက်အကူပြုကိရိယာနှင့် အခြားဆေးဘက်ဆိုင်ရာကိရိယာများ ထောက်ပံ့ပေးခြင်း အပါအဝင် အမေရိကန်၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အင်ဒိုနီးရှားက ချီးကျူးခဲ့ကြောင်း ဂျိုကိုဝီဒိုဒိုက မှတ်ချက်ပြုခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အား ဖိတ်ခေါ်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံခေါင်းဆောင်တို့သည် လတ်တလောဖြစ်ပွားနေသော နိုင်ငံတကာကိစ္စရပ်များနှင့် ပတ်သက်၍လည်း အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေဇီ**






# ၂၀၇၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံက ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိ လျှော့ချသွားမည်

**နယူးဒေလီ နိုဝင်ဘာ ၂**

၂၀၇၀ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုည ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီက စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့၌ ယမန်နေ့က ကျင်းပသော ကုလသမဂ္ဂရာသီဥတုပြောင်းလဲရေးဆိုင်ရာညီလာခံ၌ ပြောကြားသည်။

ယခုကဲ့သို့ အိန္ဒိယနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုည ရာခိုင်နှုန်းအထိ လျှော့ချသွားရန် ရည်မှန်းချက်သည် ပထမဆုံးအကြိမ်ချမှတ်ခဲ့သော ရည်မှန်းချက်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချသွားမည်ဖြစ်ပြီး နိုင်ငံ၏လိုအပ်သော စွမ်းအင်ပမာဏ၏ ထက်ဝက်အား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ရယူအသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသော အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံနှင့် အမေရိကန်ပြီးနောက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု တတိယအများဆုံးနိုင်ငံဖြစ်သည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သော ဂျပန်နှင့် အမေရိကန်တို့သည် ၂၀၅၀ ပြည့်နှစ်၌ မိမိတို့နိုင်ငံများ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုည ရာခိုင်နှုန်းအထိ လျှော့ချသွားရန် ဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ကန်ဒေါ်လာ တစ်ထရီလီယံ ထည့်ဝင်ကြရန် မိုဒီက တောင်းဆိုခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၄၇ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၂၆ ဦးရှိခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၂၄၇၆၂၆၈ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၂၆ ဦးအနက် ၄၆၂၀ သည် ပြည်တွင်း၌ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ခြောက်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၃ ဦး ထပ်တိုးလာသဖြင့် သေဆုံးသူပေါင်း ၂၈၉၇၅ ဦးရှိလာကြောင်း သိရသည်။

အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၂၉၉ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၃၈၀၀၆၀ ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၆၇၂၃၃ ဦးရှိကြောင်း၊ ယင်းတို့အနက် ၅၆၉ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၃၀၁ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများလိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၇၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံက Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် အတည်ပြု

**ဂျကာတာ နိုဝင်ဘာ ၂**

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် အမေရိကန် ဇီဝနည်းပညာကုမ္ပဏီ Novavax က ထုတ်လုပ်သည့် Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုမည့် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ယနေ့တွင် ဂျပန်သတင်းဌာန အင်န်အိတ်ချ်ကေနှင့် တွေ့ဆုံမေးမြန်းရာတွင် အင်ဒိုနီးရှားကျန်းမာရေးတာဝန်ရှိသူများက အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် Novavax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ကမ္ဘာပေါ်တွင် အရေးပေါ်အသုံးပြုရန် ပထမဆုံး အတည်ပြုပေးခဲ့သည့်နိုင်ငံဖြစ်ကြောင်း Novavax ကုမ္ပဏီက ပြောကြားသည်။ ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အလုံအလောက်ဝယ်ယူရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။




အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် သို့မဟုတ် လူဦးရေ သန်း ၂၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရန် ရည်ရွယ်လျက်ရှိပြီး လက်ရှိတွင် နိုင်ငံလူဦးရေ၏ ၃၆ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် အမေရိကန် ဇီဝနည်းပညာကုမ္ပဏီ Novavax က ထုတ်လုပ်သည့် Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အလုံးရေ သန်း ၁၅၀ အထိဝယ်ယူရန် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင်၌ ဘတ်စ်ကားပြေးဆွဲရေးလုပ်ငန်းနှင့် အငှားမော်တော်ဘုတ်ပြေးဆွဲခြင်းလုပ်ငန်း ပြန်လည်စတင်

**ဖနောင်ပင် နိုဝင်ဘာ ၂**

ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်ဆိုင်းထားခဲ့ရသော ဘတ်စ်ကားပြေးဆွဲရေးလုပ်ငန်းနှင့် အငှားမော်တော်ဘုတ်ပြေးဆွဲခြင်းလုပ်ငန်းကို ယနေ့တွင် ပြန်လည်စတင်ပြေးဆွဲခဲ့ကြောင်း ဖနောင်ပင်မြို့တော် ဘတ်စ်ကားပြေးဆွဲရေးလုပ်ငန်းအာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူး အန်ဆော့ဟင်က ပြောကြားသည်။

ယခုစတင်ပြေးဆွဲသော အဆိုပါဘတ်စ်ကားနှင့် အငှားမော်တော်ဘုတ်များအား နိုဝင်ဘာ ၂ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ အခမဲ့စီးနင်းခွင့်ပြုသွားမည်ဖြစ်ကာ နိုဝင်ဘာ ၈ ရက်မှစတင်၍ ယာဉ်စီးခ ပြန်လည်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဘုန်းတော်ကြီးများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကျောင်းသားများ၊ အထည်ချုပ်စက်ရုံဝန်ထမ်းများ၊ အားကစားသမားများနှင့် ဆရာ ဆရာမများအား အခမဲ့စီးနင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မော်တော်ယာဉ်များနှင့် မော်တော်ဘုတ်များတွင် လိုက်ပါစီးနင်းသည့်ခရီးသည်များအနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာမှုခံယူခြင်းနှင့် မိုဘိုင်းဖုန်းများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်အက်ပလီကေးရှင်း "Stop COVID QR Code" ကို ထည့်သွင်းထားခြင်း စသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း အန်ဆော့ဟင်က ပြောကြားသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများနှင့် အဆိုပါရောဂါကြောင့် သေဆုံးမှုများ ကျဆင်းလျက်ရှိပြီး နိုင်ငံလူဦးရေ ၁၃ ဒသမ ၇၄ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် လူဦးရေ ၁၃ ဒသမ ၀၈ သန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး လူဦးရေ ၁ ဒသမ ၈၈ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံက ထုတ်လုပ်သော Sinovac နှင့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာ၌ အများဆုံး သုံးစွဲလျက်ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၈၇၇၂ ဦး၊ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာ လာသူပေါင်း ၁၁၅၀၁၇ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၀၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■

# ဂျပန်နိုင်ငံ၌ ဒီဇင်ဘာလမှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးမည်

**တိုကျို နိုဝင်ဘာ ၂**

ဂျပန်နိုင်ငံသည် ဒီဇင်ဘာလမှစတင်၍ နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားကြရန် ဒေသန္တရအစိုးရများအား ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ညွှန်ကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူများအား ၎င်းတို့၏ဆန္ဒအပေါ် မူတည်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသည့်ကာလ အနည်းဆုံး ရှစ်လပြည့်သည့်သူများအား အပိုဆောင်းထိုးနှံမှုခံယူရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ဒီဇင်ဘာလမှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးသွားမည်ဖြစ်ပြီး ၎င်းအုပ်စုနောက်တွင် သက်ကြီးရွယ်အိုများအား ထိုးနှံပေးသွားရန် စီစဉ်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံရာ၌ ကာကွယ်ဆေးအလုံအလောက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သုံးစွဲနိုင်ရေးအတွက် နိုဝင်ဘာ ၁၀ ရက်တွင် ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်သည်။

ထို့ပြင် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း ယခုအစီအစဉ်တွင် အသုံးပြုနိုင်ရေး သက်ဆိုင်ရာကုမ္ပဏီမှ တင်သွင်းလာပါက ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်သွားမည်ဟု သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# ယူအေအီးက အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအတွက် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြု

**ဒူဘိုင်း နိုဝင်ဘာ ၂**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)သည် အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအတွက် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ယခင်ကမူ အာရပ်စော်ဘွားများ ပြည်ထောင်စုသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက်သုံးနှစ်မှ ၁၇ နှစ်အရွယ်ရှိသူများအား ထိုးနှံပေးရန် အတည်ပြုခဲ့ပြီး Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုမူ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများကို ထိုးနှံပေးရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။




အာရပ်စော်ဘွားများပြည်ထောင်စုသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူများအား တတိယအကြိမ် အပိုဆောင်းထိုးနှံပေးရန်အတွက် အသုံးပြုခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၃၂ ဦးရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၃၂ ဦးရှိခြင်းကြောင့် လက်ရှိတွင် ကူးစက်ခံရသူပေါင်း ၃၄၂၉၆၂၃၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၄၃ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူပေါင်း ၄၅၈၈၈၀ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၅၃၇၇၆ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၅၀၂၂ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၃၃၆၈၃၅၈၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၈၀၀၀၇၃၉ | ဦး |
| သေဆုံးသူ | ၅၀၂၄၀၃၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၄၆၈၃၂၁၇ | ဦး |

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၀၀၈ ဦး ထပ်မံတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၂**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၀၀၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၈၅၉၃၂၀၀ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၇၈ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသူစုစုပေါင်း ၂၄၀၈၇၁ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၀၉၀၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၇၄၁၂၆၃၁ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၃၆ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကူးစက်ခံရသူပေါင်း ၁၈၃၀၂၃၀ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ နေ့စဉ် လူဦးရေ ၆၅၀၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ လက်ရှိတွင် ရုရှားနိုင်ငံသား ၅၈ ဒသမ ၅ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း ရုရှားကျန်းမာရေးဝန်ကြီး မီခေးလ်မူရာရှ်ကိုက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၀၃ ဦး ထပ်မံတွေ့ရှိ

**မနီလာ နိုဝင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၀၃ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၂၇၉၂၆၅၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ၁၂၈ ဦးမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူပေါင်း ၄၃၄၀၄ ဦးရှိလာကြောင်း သိရသည်။ လက်ရှိအချိန်၌ နိုင်ငံမြောက်ပိုင်းရှိ ဒေသနှစ်ခုမှအပ မနီလာမြို့ပြဒေသအပါအဝင် နိုင်ငံအတွင်းရှိ ဒေသအများအပြား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် ကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါဗေဒဗျူရိုမှ ညွှန်ကြားရေးမှူး အလက်သာ ဒီဂတ်စ်မန်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဒေသအများအပြား၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်အဆင့်-၂ အဖြစ်သာ သတ်မှတ်ထားကြောင်း သိရသည်။ နိုင်ငံအတွင်း စက်တင်ဘာလ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်းဖြစ်ပွားခဲ့ကြောင်း သိရသည်။ လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ လူဦးရေ ၂၁ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ရေကျော်ဈေးအနီး၌ အပြစ်မဲ့ အမျိုးသမီးငယ်တစ်ဦးအား သတ်ဖြတ်ခဲ့ပြီး ဒေါပုံမြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တရားခံ ၁၃ ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုအား မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီခန့်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ်နှင့် လှိုင်မြို့နယ်များတွင် အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော တရားခံများ သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် ဣစ္ဆာသယလမ်း သုမင်္ဂလာအိမ်ရာ ၃ လွှာ အခန်း (၃၀၁) တိုက်အမှတ်(၁)၌ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နိုင်ရဲထွန်း(၂၉)နှစ်၊ လင်းထက်ဆန်း (၃၁)နှစ်၊ နန္ဒအောင်လင်း(၂၃)နှစ်၊ ဇင်မင်းထက်(၁၈)နှစ်၊ မင်းဟိန်းခန့်(၁၉)နှစ်၊ ဆုမြတ်ထွေး (၂၃)နှစ်၊ ဇင်ကိုဟိန်း (၂၇)နှစ်၊ ရဲလင်းအောင်(၃၇)နှစ်၊ ဖန်မှူးအိမ် (၁၇)နှစ်တို့ ကိုးဦးအား ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဖန်မှူးအိမ်၏ ထွက်ဆိုချက်အရ မွန်းတည့် ၁၂ နာရီတွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းတောင်ရပ်ကွက် မိုးမခလမ်း ပထမထပ် တိုက်အမှတ်(၉)အား ဝင်ရောက်ရှာဖွေခဲ့ရာ FCG 9 သေနတ်တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၉ မမ ကျည် ၁၂ တောင့်၊ ပွိုင့် ၄၅ Colt's အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ငါးတောင့်၊ လက်လုပ်ဗုံး နှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

တရားခံ ဖန်မှူးအိမ်၏ ထွက်ဆိုချက်အရ မွန်းလွဲ ၂ နာရီတွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် ၈ လမ်း ၅ လွှာ တိုက်အမှတ် (၆)၌ ဆက်စပ်တရားခံ မောင်မျိုး(၁၉) နှစ်နှင့် ချစ်ပုံ(၁၈)နှစ်တို့နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ဖန်မှူးအိမ်၏ ထွက်ဆိုချက်အရ ည ၁၁ နာရီတွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ကျောက်တံတားမြို့နယ် ၉ ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း အမှတ်(၃၆၁)ရှိ ပြည်ကျော်လျှပ်စစ်ပစ္စည်း အရောင်းဆိုင်အား ဝင်ရောက်ရှာဖွေရာ ဆက်စပ်တရားခံ မျိုးသက်ထွေး (၄၀)နှစ်အား FCG 9 သေနတ် လေးလက်၊ ၎င်းကျည်အိမ် လေးခုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ဖန်မှူးအိမ်၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီတွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ရန်ကင်းမြို့နယ် မိုးကောင်းဘုရားလမ်း မိုးကောင်းဘုရားအနီးတွင် ဆက်စပ်တရားခံ အောင်နိုင်ဦး (၂၃)နှစ်အား FCG 9 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ပွိုင့် ၃၈ ကျည် ၂၀ တောင့်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။


ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ ကျား ၁၁ ဦး၊ မ နှစ်ဦး ပေါင်း ၁၃ ဦးအား FCG 9 သေနတ် ခြောက်လက်၊ ပွိုင့် ၄၅ Colt's ပစ္စတို သေနတ် တစ်လက်၊ ၉ မမ ကျည် ၁၂ တောင့်၊ ပွိုင့် ၄၅ ကျည် ငါးတောင့်၊ ပွိုင့် ၃၈ ကျည်အတောင့် ၂၀ ၊ FCG 9 ကျည်အိမ် ရှစ်ခု၊ ပစ္စတို ကျည်အိမ် တစ်ခု၊ လက်လုပ်ဗုံး နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ရဲလင်းအောင်နှင့် နိုင်ရဲထွန်းတို့ နှစ်ဦးသည် KNLA တပ်မဟာ(၇) နယ်မြေတွင် လည်းကောင်း၊ ဇင်မင်းထက်နှင့် ဆုမြတ်ထွေးတို့ နှစ်ဦးသည် KNLA တပ်မဟာ(၆) နယ်မြေတွင်လည်းကောင်း၊ နန္ဒအောင်သည် KNLA တပ်မဟာ(၃) နယ်မြေတွင်လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဇေယျာသော်(ဖမ်းဆီးရန်ကျန်)က ရန်ကုန်မြို့ အတွင်း အဖျက်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ပြည်သူလူထု ထိတ်လန့် ချောက်ချားစေရန် ရည်ရွယ်၍ မြို့နယ်အလိုက် အကြမ်းဖက် PDF အဖွဲ့ များ ဖွဲ့စည်းစေမှုအရ ၂၀၂၂ ခုနှစ် ဧပြီ ၁၉ ရက်တွင် ညိုဝင်းမောင် (ဖမ်းဆီးရန်ကျန်) (KNU နယ်မြေတွင်နေထိုင်သူ) က ဦးဆောင်၍ Pazundaung Botahtaung Youth Strike Committee (PBYSC)အား ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့တွင် သီဟကောင်းဆက်၊ ရဲမင်းဦး(ခ) ရဲကြီး၊ မင်းသစ္စာအောင်(ခ)ဗလ၊ ဝေယံထက်(ခ)ယံယံ၊ ဝေဇော်ဖြိုး (သေဆုံး)၊ ပိုးကျော့ကျော့ခန့်၊ မင်းဟိန်းခန့်၊ ချစ်ပုံ၊ ဝေဖြိုးအောင်၊ ဝေဝေမြင့်(ခ) မပန်းသီး(သေဆုံး)၊ စည်သူ၊ ကောင်းမင်းသန့်၊ မွန်ကြီး၊ ကောင်းဆက်တို့ဖြင့် ပါဝင်ခဲ့ပြီး ၎င်းအဖွဲ့မှ ရှစ်ဦး ဖမ်းဆီးခံရသဖြင့် ကျန်ရှိသူများဖြင့် အောက်တိုဘာ ၉ ရက်တွင် 44-st – UG အဖွဲ့အား ထပ်မံဖွဲ့စည်းကာ အကြမ်းဖက်အဖျက်လုပ်ငန်းများအား ဆက်လက် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံ နိုင်ရဲထွန်းနှင့် ရဲလင်းအောင်တို့မှာ BRF-

**ဒေါပုံမြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် အကြမ်းဖက်ဖောက်ခွဲလုပ်ကြံသတ်ဖြတ်ရေးနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တရားခံများ ဖမ်းဆီးရမိသည့် အခြေပြဇယား**




Burmese Revolution Force အဖွဲ့ဝင်အဖြစ်ပါဝင်၍လည်းကောင်း၊ လင်းထက်ဆန်း၊ ဇင်မင်းထက်နှင့် ဇင်ကိုဟိန်းတို့မှာ YADF- Yangon Anti-Dictatorship Force အဖွဲ့ဝင်အဖြစ် ပါဝင်၍လည်းကောင်း အဖျက်လုပ်ငန်းများအား လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံ ဆုမြတ်ထွေးနှင့် ဇင်ကိုဟိန်းတို့မှာ အွန်လိုင်းမှ ချိတ်ဆက်၍ အဖျက်လုပ်ငန်းများအတွက် ငွေကြေးအလှူခံမှုများ ပြုလုပ်ကာ အဖျက်လုပ်ငန်းဆောင်ရွက်နေသော ၎င်းတို့၏အဖွဲ့များ အား ထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့အား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးနှင့် ဖောက်ခွဲရေးလုပ်ငန်းများ ပြုလုပ်ရန်အတွက် လိုအပ်သော လက်နက်/ခဲယမ်းအား ကိုစိမ့် (ဖမ်းဆီးရန်ကျန်)(General Strike Committee-GSC အဖွဲ့)မှ ကောင်းဆက် (ဖမ်းဆီးရန်ကျန်)အား FCG 9 သေနတ် ငါးလက်၊ ပွိုင့် ၄၅ Colt's ပစ္စတိုသေနတ် တစ်လက်နှင့် ၎င်းကျည် ငါးတောင့်၊ ၉ မမကျည် ၁၂ တောင့်နှင့် လက်လုပ်မိုင်း နှစ်လုံး ပေးအပ်ခဲ့ရာ ၎င်းက မျိုးသက်ထွေးအား ထပ်ဆင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများအနေဖြင့် ဇူလိုင်လပထမပတ်တွင် အထက (၅) ဗိုလ်တထောင်အနီး Keypad ဖုန်းဖြင့် တွဲဆက်ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲမှုတွင် မင်းဟိန်းခန့်သည် Scout ကြည့်ရှုပေးခဲ့ပြီး ကောင်းဆက်က ဖောက်ခွဲခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင်လ စတုတ္ထပတ်တွင် မဟာဗန္ဓုလလမ်းပေါ်ရှိ အကောက်ခွန်အိမ် (Custom House)အား Keypad ဖုန်းဖြင့် တွဲဆက် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ဖောက်ခွဲမှုတွင် ရဲမင်းဦး(ခ)ရဲကြီး၊ မင်းဟိန်းခန့်၊ ချစ်ပုံ၊ ပိုးကျော့ကျော့ခန့်တို့ လေးဦးသည် Scout ကြည့်ရှု ပေးခဲ့ပြီး ညိုဝင်းမောင်က ကားမောင်းပို့ခဲ့ရာ မွန်ကြီး(ဖမ်းဆီးရန်ကျန်) နှင့် ကောင်းဆက်တို့ နှစ်ဦးသည် ဖောက်ခွဲရေးပြုလုပ်ခဲ့သော်လည်း ပေါက်ကွဲမှုမရှိခဲ့ကြောင်း သိရသည်။

အလားတူ ဩဂုတ် ၈ ရက်တွင် ပုဇွန်တောင်ဈေးအနီးတွင် ရီမုတ် လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှုတွင် ရဲမင်းဦး(ခ)ရဲကြီး၊ ပိုးကျော့ကျော့ခန့်၊ ချစ်ပုံ၊ မင်းသစ္စာအောင် (ခ)ဗလ၊ ဝေဖြိုးအောင်တို့ ငါးဦးသည် Scout ကြည့်ရှုပေးခဲ့ပြီး စည်သူနှင့် သီဟကောင်းဆက်တို့ နှစ်ဦးက မိုင်းဆင်ပေး ခဲ့သော ရီမုတ်လက်လုပ်မိုင်းအား မင်းဟိန်းခန့်၊ စည်သူ(ဖမ်းဆီးရန်ကျန်)၊ ကောင်းဆက်တို့သုံးဦးက ပုဇွန်တောင်ဈေးအနီး၌ ချထားခဲ့ပြီး ညိုဝင်း မောင်က ရီမုတ်ဖြင့်ဖောက်ခွဲခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၁၅ ရက်တွင် မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ Ocean Center အနီးတွင် လက်လုပ်ချိန်ကိုက်မိုင်း ဖောက်ခွဲရန် ထားရှိမှုနှင့် အောက်တိုဘာ ၂၂ ရက်တွင် ဒဂုံမြို့နယ် ပြည်လမ်း(အနောက်) ရပ်ကွက် ပြည်လမ်းနှင့် အလုံလမ်းထောင့်ရှိ CCTV Control Box အား လက်လုပ်မိုင်း ဖောက်ခွဲမှု ဖြစ်စဉ်များအား BRF-Burmese Revolution Force အဖွဲ့ဝင်များဖြစ်သော နိုင်ရဲထွန်းနှင့် ရဲလင်းအောင်တို့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၂၈ ရက်တွင် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာလမ်းကြား ကျောက်တံတားရဲစခန်းအနီး လက်လုပ်ဗုံး ဖောက်ခွဲမှုတွင် YADF- Yangon Anti-Dictatorship Force အဖွဲ့က ဇင်မင်းထက်၊ လင်းထက်ဆန်းနှင့် ဇင်ကိုဟိန်းတို့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၃ ရက်တွင် ညိုဝင်းမောင်(ဖမ်းဆီးရန်ကျန်၊ KNU နယ်မြေတွင် နေထိုင်သူ) က ကောင်းဆက်အား ပွိုင့် ၄၅ Colt's ပစ္စတိုသေနတ် တစ်လက်နှင့် ၉ မမ ကျည်တစ်ဘူးအား ပေးအပ်ခဲ့ရာ ၂၅ ရက်တွင် ၎င်းက မင်းဟိန်းခန့် အား ထပ်ဆင့်ပေးအပ်ခဲ့ပြီး မင်းဟိန်းခန့်က ၎င်းပစ္စတိုသေနတ်ဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ရေကျော်ဈေးအနီး၌ အပြစ်မဲ့အမျိုးသမီး ငယ်တစ်ဦးအား ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိအကြမ်းဖက်သမားများအနေဖြင့် ရေကျော်ဈေးအနီး ၌ အပြစ်မဲ့ အမျိုးသမီးငယ်တစ်ဦးအား ရက်စက်စွာလုပ်ကြံသတ်ဖြတ် ခဲ့သည့်ဖြစ်စဉ်အပါအဝင် ဒေါပုံမြို့နယ်နှင့် လှိုင်မြို့နယ်အတွင်း အကြမ်းဖက်ဖောက်ခွဲမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၀၀၂ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၇၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၀၀၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၁,၀၇၄)ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၃၀) ရာခိုင်နှုန်း**ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၉၁၁,၀၁၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၀၂,၀၂၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၇၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၇၀,၇၉၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၇၂၈) ဦးရှိပါသည်။


- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာခဲ့ပြီး လွန်ခဲ့သော (၇) ရက်အတွင်း ရောဂါပိုးတွေ့ရှိမှုနှုန်း (၅) ရာခိုင်နှုန်းအောက်အထိ လျော့နည်းကျဆင်းခဲ့ကြောင်းတွေ့ရှိရပါ၍ ရောဂါကူးစက်မှုအား ယခုထက် ပိုမိုလျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၈၂၃) ခု | (၄၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၉) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄၀) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၅) ခု | (၁၀၂) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၈) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၂၀) ခု | (၂၈) ဦး |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၈) ခု | (၄၄) ဦး |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၂၃၉) ခု | (၈၄၇) ဦး |
| စုစုပေါင်း | (၂၅,၀၀၂) ခု | (၁,၀၇၄) ဦး |

### မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ (၂၇-၅-၂၀၂၁ မှ ၁-၁၁-၂၀၂၁)




### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၉၃၁၂၈၄ | ၃၆၈၈၁၈၃၆ | ၇၆၇၄၃၆ |
| ၂။ | အိန္ဒိယ | ၃၄၂၉၆၂၃၇ | ၃၃၆၈၃၅၈၁ | ၄၅၈၈၈၀ |
| ၃။ | ဘရာဇီး | ၂၁၈၁၄၆၉၃ | ၂၁၀၀၃၁၀၅ | ၆၀၇၉၅၄ |
| ၄။ | ဗြိတိန် | ၉၀၉၇၃၁၁ | ၇၃၉၀၁၂၁ | ၁၄၀၆၇၂ |
| ၅။ | ရုရှား | ၈၅၉၃၂၀၀ | ၇၄၁၂၆၃၁ | ၂၄၀၈၇၁ |
| ၆။ | တူရကီ | ၈၀၆၁၆၆၆ | ၇၅၁၉၄၂၁ | ၇၀၈၂၈ |
| ၇။ | ပြင်သစ် | ၇၁၆၈၇၄၃ | ၆၉၄၅၈၂၂ | ၁၁၇၆၈၉ |
| ၈။ | အီရန် | ၅၉၄၄၅၉၉ | ၅၅၃၄၆၆၇ | ၁၂၆၆၁၆ |
| ၉။ | အာဂျင်တီးနား | ၅၂၈၉၉၄၅ | ၅၁၅၆၄၇၃ | ၁၁၅၉၈၉ |
| ၁၀။ | စပိန် | ၅၀၁၁၁၄၈ | ၄၈၆၄၃၁၈ | ၈၇၃၆၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၅၃၇၃ | ၄၀၉၀၂၈၇ | ၁၄၃၄၅၇ |
| ၂။ | ဖိလစ်ပိုင် | ၂၇၉၂၆၅၆ | ၂၇၀၈၄၆၆ | ၄၃၄၀၄ |
| ၃။ | မလေးရှား | ၂၄၇၆၂၆၈ | ၂၃၈၀၀၆၀ | ၂၈၉၇၅ |
| ၄။ | ထိုင်း | ၁၉၂၇၇၆၃ | ၁၈၀၉၉၈၁ | ၁၉၃၃၈ |
| ၅။ | ဗီယက်နမ် | ၉၃၂၃၅၇ | ၈၂၄၈၀၆ | ၂၂၂၀၅ |
| ၆။ | မြန်မာ | ၅၀၂၀၂၄ | ၄၇၀၇၉၃ | ၁၈၇၂၈ |
| ၇။ | စင်ကာပူ | ၂၀၀၈၄၄ | ၁၇၀၁၆၂ | ၄၂၁ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၈၇၀၂ | ၁၁၅၀၁၇ | ၂၈၀၀ |
| ၉။ | လာအို | ၄၁၈၂၉ | ၃၄၀၆၄ | ၇၀ |
| ၁၀။ | ဘရူနိုင်း | ၁၃၃၂၁ | ၁၁၇၂၃ | ၈၉ |

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၀-၁၀-၂၀၂၂ ရက်နေ့မှအဆက်)


## ရသေ့တစ်ထောင် ရဟန္တာဖြစ်၍ ရဟန်းပြုတော်မူခြင်း

ဘုရားရှင်သည် ဥရုဝေလကဿပရသေ့အား ဥရုဝေလတော၌ သုံးလနီးပါးမျှ တန်ခိုးအမျိုးမျိုး ၁၅၀၀ ခန့်ပြလေသည်။ ပါဠိတော်မှ တန်ခိုး(၁၆) ခုမျှပြကြောင်း ဖော်ပြထားပါသည်။ မည်သို့ပင်ဖြစ်ပါစေ ဥရုဝေလကဿပသည် ဣန္ဒြေရင့်ကျက်ပြီးသောကြောင့် ၎င်း၏မှားယွင်းစွာအကြံကို ဘုရားက ထုတ်ဖော်ပြလေသည်။ ထို့အပြင် ၎င်း၌မရှိသောအရာဖြစ်သည့် အရည်အချင်းကြောင့် ရဟန္တာမဖြစ်ဘဲနေသည်ကို ရှင်းပြလေသည်။

ဘုရားရှင်သည် ထိုရသေ့အား (၁) အာသဝေါကုန်ခန်း ရဟန္တာမဟုတ်ကြောင်း၊ (၂) အရဟတ္တဖိုလ်ရကြောင်း၊ ဉာဏ်အမြင်မရှိကြောင်း၊ (၃) အရဟတ္တဖိုလ်ရောက်ရန် အကျင့်လည်းမရှိကြောင်း ဆုံးမလေသည်။ ထိုအခါ ဥရုဝေလကဿပသည် အမှန်အတိုင်း သူ့ကိုယ်သူမြင်၍ ဘုရားရှင် ခြေတော်ရင်း၌ ဝပ်ဆင်းကာ ဘုရားရှင်အား ရဟန်းပြုခွင့်တောင်းသည်။ ထိုအခါ ဘုရားရှင်က ၎င်းအား သူ့တပည့်ရသေ့ငါးရာကို ခွင့်တောင်းပြီးမှ ခွင့်ပြုမည်ဟုဆိုလေသည်။ ထို့ကြောင့်ရသေ့ကြီးလည်း သူ့တပည့်ရသေ့ငါးရာကို အကျိုးအကြောင်းရှင်းပြ၍ ခွင့်ပြုချက်တောင်းသောအခါ ရသေ့ငါးရာက သူတို့လည်း ဘုရားရှင်ထံတွင် ရဟန်းပြုလိုကြောင်း၊ သူတို့သည် ဘုရားရှင်က နဂါးမင်းကို ချွတ်သည့် အချိန်မှစ၍ ဘုရားရှင်ကို လေးစား၍ ယင်းစိတ် ဖြစ်ကြောင်း ပြောလေသည်။

သို့ဖြစ်၍ ဥရုဝေလကဿပနှင့် သူ့တပည့်ငါးရာတို့သည် ရသေ့တို့၏ ပရိက္ခရာဖြစ်သော ဆံကျစ်ဒေါက်ခြာ၊ ခြင်းတောင်း စသည်တို့ကို နေရဉ္ဇရာ (အင်္ဂါမြစ်-ကျီးသဲ) မြစ်ထဲသို့ မျှောလိုက်လေသည်။ ယင်းမျှောပြီးနောက် သူတို့အား ရဟန်းပြုပေးရန် ဘုရားရှင်အား လျှောက်ထားကြပါသည်။ ဘုရားရှင်က "ဧဟိဘိက္ခု" ဟု ခေါ်လိုက်သည်နှင့်တစ်ပြိုင်နက် သူ့တပည့်ငါးရာနှင့်အတူ ရဟန်းအသွင်ရောက်ကြလေသည်။

ထိုအခါ ဥရုဝေလကဿပ၏ ရသေ့ပရိက္ခရာနှင့် ရသေ့ငါးရာတို့၏ရသေ့ပရိက္ခရာတို့သည် မြစ်ထဲမျောသွားရာ မြစ်အောက်နေသော ၎င်း၏ညီဖြစ်သူ "နဒီကဿပ" သည် ယင်းရသေ့ပရိက္ခရာတို့ကိုမြင်သော် သူ၏နောင်တော် အန္တရာယ်တစ်ခုခု ကျရောက်နေမည်ထင်သည်။ ထို့ကြောင့် နဒီကဿပနှင့် သူ့တပည့်ရသေ့သုံးရာတို့သည် အစ်ကိုကြီးထံသို့သွားရာ ဘုရားနှင့်တွေ့သည်။ ၎င်းတို့လည်း ဥရုဝေလကဿပနောင်တော်ကြီးကဲ့သို့ ဘုရားထံ ရဟန်းပြုခွင့် တောင်းကြလေသည်။ ဘုရားရှင်က "ဧဟိ ဘိက္ခု" ခေါ်လိုက်သည်နှင့်တစ်ပြိုင်နက် ၎င်းတို့လည်း ရဟန်းအသွင်သို့ ပြောင်းသွားလေသည်။




ထို့အတူ မြစ်အောက်ကွေ့၌နေသော ညီငယ်ရသေ့ "ဂယာကဿပ" သည် မျောလာသည့်ရသေ့ပရိက္ခရာများကိုမြင်၍ နောင်တော်ကြီး ရသေ့နှစ်ဦးထံသို့ သူ့တပည့်ရသေ့နှစ်ရာနှင့်အတူ လာကြပါသည်။ ထိုအခါ အစ်ကိုတို့၏ပြုကျင့်သည့်အတိုင်း ဘုရားထံ၌ ရဟန်းပြုခွင့် တောင်းခံသည်။ ဘုရားရှင်ကလည်း ၎င်းရသေ့တို့အား ရှေ့နည်းတူ "ဧဟိဘိက္ခု" ဟု ခေါ်လိုက်သည်။ ထိုအခါပင် ရဟန်းအသွင်သို့ ရောက်သွားကြလေသည်။

ဘုရားရှင်သည် ထိုရဟန်းတစ်ထောင်ခြံရံလျက် ဥရုဝေလတောမှ ထွက်ခွာ၍ ကြွတော်မူသည်။ ထို့နောက် "ဂယာ" ရွာသို့ ရောက်လေသည်။ ထိုအခါ ယင်းရွာအနီးရှိ "ဂယာသီသ" ကျောက်ဖျာပေါ်၌ ရဟန်းတစ်ထောင်နှင့်တကွ ထိုင်တော်မူသည်။

ဘုရားရှင်သည် ၎င်းတို့အား အာယတန ၁၂ ပါးနှင့် မီးလျှံ ၁၁ ပါး လောင်ကျွမ်းပုံ အဖန်ဖန်တလဲလဲ ဖြစ်ပုံကို ဖော်ပြပြီး "အာဒိတ္တပရိယာယသုတ္တန်" ဒေသနာတော်ကို ဟောကြားလျှင် ထိုရသေ့တစ်ထောင်အားလုံးသည် ရဟန္တာဖြစ်မည် သိတော်မူသည်။

သို့ဖြစ်ပါ၍ ဘုရားရှင်သည် "ဒွါရ ၆ ပါး၊ အာရုံ ၆ ပါး၊ ဝိညာဏ် ၆ ပါး၊ ဖဿ ၆ ပါး၊ ဝေဒနာ ၁၈ ပါးနှင့် ရာဂ၊ ဒေါသ၊ မောဟ၊ ဥပါယာသ" စသော မီး ၁၁ ပါး တောက်လောင်ပုံအကျယ်ကို ညွှန်ပြသော "အာဒိတ္တပရိယာယသုတ္တန်" ကို ဟောကြားတော်မူသည်။ တရားအဆုံးတွင် ရဟန်းတစ်ထောင်တို့သည် ရဟန္တာများ ဖြစ်ကုန်ကြလေသည်။

## ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ဂယာရွာအနီး "ဂယာသီသ" ကျောက်ဖျာပေါ်မှ ပြုဖွယ်ကိစ္စများ ပြီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။ ဘုရားရှင်သည် ဘုရားမဖြစ်မီ တောထွက်စဉ် ဗိမ္ဗိသာရမင်း (ရာဇဂြိုဟ်ပြည့်ရှင်)က ကတိထားခဲ့ဖူးသည်။ ဘုရားဖြစ်လျှင် ဦးစွာရာဇဂြိုဟ်ပြည်သို့ကြွရန် တောင်းပန်ချက်ကြောင့် ယခုကဲ့သို့ ကြွလာခြင်း ဖြစ်ပါသည်။

ဘုရားရှင်သည် ရသေ့တစ်ထောင် ရဟန်းများခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွရာတွင် (ပြာသိုလပြည့်နေ့၌) မြို့အနီး ထန်းတောသို့ ရောက်သော် ထန်းတော၏အလယ်၌ရှိသည့် ညောင်ပင်ကြီး၌ သီတင်းသုံးတော်မူသည်။ ယင်းအကြောင်းကို ထန်းတောဉယျာဉ်မှူးက ဗိမ္ဗိသာရမင်းကြီးထံသို့ သွားရောက်သတင်းပို့ အကြောင်းကြားပါသည်။ ထိုအခါ ဘုရားသခင်အား ရှိခိုးဖူးမြော်ရန် ဗိမ္ဗိသာရမင်းသည် မှူးမတ်ပုဏ္ဏားများ၊ ခြွေရံတို့နှင့် ဘုရားထံသို့သွားကြပါသည်။ ထို့အတူ ဘုရားအား ကြည်ညိုသောပြည်သူအပေါင်းကလည်း လာကြပါသည်။ တချို့က ဘုရားရှင်အား သူ့မျိုးနွယ်ပြော၍ ဖူးမြော်ကန်တော့ကြပါသည်။ တချို့ဝမ်းမြောက်စွာဖြင့် လာရောက်ဖူးမြော်ကြပါသည်။

ယင်းသို့ လာရောက်ဖူးမြော်ကြသောသူအပေါင်းတို့သည် ဥရုဝေလကဿပသည် ရဟန်းဂေါတမထံ၌ တပည့်ခံ၍ ကျင့်သလော သို့မဟုတ် ရဟန်းဂေါတမသည် သူတို့၏ဆရာ ဥရုဝေလကဿပထံ၌ တပည့်ခံကျင့်သလောဟူ၍ ယုံမှားသံသယဖြစ်နေကြပါသည်။ ထိုသို့ ဖြစ်နေသည်ကို ဘုရားရှင်က သိတော်မူသည်။ ဘုရားရှင်သည် ပြည်သူအပေါင်းတို့၏ ယုံမှားသံသယကို ဖျောက်စေရန် ဥရုဝေလကဿပအား မေးခွန်းပေါင်းမြောက်မြားစွာမေးသည်။ ဘုရားမေးသည့်မေးခွန်းများ ကဿပကဖြေကြားပြီး ဘုရားရှင်၏ တပည့်အဖြစ် ဝန်ခံပြောဆိုသည်။ ကဿပသည် ကောင်းကင်သို့ပျံတက်၍ ပြန်သက်ဆင်းပြီး ဘုရားရှင်အား ကန်တော့ဦးချတော်မူသည်။ ဤသည်တို့ကို ပြည်သူအပေါင်းတို့က မြင်လေသော် ဘုရားရှင်အား ချီးကျူးကြကုန်၏။ မိစ္ဆာအလွန်ဖြစ်နေသည့်သူ၊ မိမိကိုယ်ကို ရဟန္တာပါဟု မာန်မာနရှိသည့်သူကို ချွတ်နိုင်သည့်အတွက် အံ့ဩချီးကျူးကြခြင်းဖြစ်ပါသည်။

ဘုရားရှင်က မဟာနာရဒကဿပဇာတ်တော်တွင် ဘုရားက နာရဒမည်သော ဗြဟ္မာမင်းကြီးဖြစ်ပြီး ယင်းကဿပအလောင်းသည် မိစ္ဆာကိုယူပြီး မိုက်မဲနေသောအင်္ဂတိမင်းကြီးဖြစ်စဉ်က ယင်းမိစ္ဆာအယူကို ပယ်ဖျောက်၍ ဟောခဲ့ဖူးကြောင်း ဆိုလေသည်။

ထို့နောက် ဘုရားရှင်သည် "ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ၊ ကာမနံအာဒီနဝကထာ၊ နေက္ခမ္မအာနိသံသကထာ" ဟူသော ဒေသနာအစဉ်အတိုင်း ဟောတော်မူသည်။ သစ္စာလေးပါးကိုလည်း အထွတ်တပ်၍ ဟောကြားလေသည်။ ဤသို့ ဟောကြားခြင်းကြောင့် ဗိမ္ဗိသာရမင်းနှင့်တကွ မှူးမတ်ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ပြည်သူအပေါင်းတို့သည် သောတာပန်ဖြစ်ကြကုန်သည်။

**ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ကျောင်း လှူဒါန်းခြင်း**

ဗိမ္ဗိသာရမင်းကြီးသည် မဂဓတိုင်းကို အစိုးရသောမင်းဖြစ်သည်။ သူအိမ်ရှေ့မင်းဖြစ်စဉ်က စိတ်တွင် အောက်ပါအတိုင်း ချင်ခြင်းငါးပါးကို ဖြစ်စေခဲ့ပါသည်။

(၁) ငါသည် မင်းဖြစ်ရမူ ကောင်းလေစွ။
(၂) ငါ၏နိုင်ငံတော်သို့ ဘုရားရှင်ကြွလာပါမူ ကောင်းလေစွ။
(၃) ငါသည်ဘုရားရှင်အား ဆည်းကပ်ရပါမူ ကောင်းလေစွ။

စာမျက်နှာ ၁၇ သို့ ✧

**ဘုရားရှင်သည် ပြည်သူအပေါင်းတို့၏ယုံမှားသံသယကို ဖျောက်စေရန် ဥရုဝေလကဿပအား မေးခွန်းပေါင်းမြောက်မြားစွာမေးသည်။ ဘုရားမေးသည့်မေးခွန်းများ ကဿပကဖြေကြားပြီး ဘုရားရှင်၏တပည့်အဖြစ် ဝန်ခံပြောဆိုသည်။ ကဿပသည် ကောင်းကင်သို့ပျံတက်၍ ပြန်သက်ဆင်းပြီး ဘုရားရှင်အား ကန်တော့ဦးချတော်မူသည်။ ဤသည်တို့ကို ပြည်သူအပေါင်းတို့က မြင်လေသော် ဘုရားရှင်အား ချီးကျူးကြကုန်၏။ မိစ္ဆာအလွန်ဖြစ်နေသည့်သူ၊ မိမိကိုယ်ကို ရဟန္တာပါဟု မာန်မာနရှိသည့်သူကို ချွတ်နိုင်သည့်အတွက် အံ့ဩချီးကျူးကြခြင်းဖြစ်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် နိုဝင်ဘာ ၂**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) ၁၃၈၃-၈၄(၂၀၂၁-၂၀၂၂)ခု၊ ပညာသင်နှစ်အတွက် သာသနတက္ကသီလဓမ္မာစရိယတန်း (ပထမ)နှစ်သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀) ဝါအောက်ရှိရမည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယ ဘွဲ့တစ်ခုခုရရှိပြီး သက်တော် (၃၅) နှစ်၊ သိက္ခာ(၁၅) ဝါအောက်ရှိ အရှင်မြတ်များ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမ)နှစ် ဝင်ခွင့်လျှောက်ထားသော ရဟန်း/ သာမဏေများသည် အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်းဆိုင်ရာ (၅) ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ (၅) ပုစ္ဆာ၊ မေးခွန်းလွှာ တစ်ခု၊ ပါဠိဆိုင်ရာ (၅) ပုစ္ဆာနှင့် အထွေထွေဗဟုသုတ (၅) ပုစ္ဆာ၊ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်းနှစ်ရက် ဖြေဆိုကြရမည်ဖြစ်သည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမ)နှစ် ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယတန်း (စတုတ္ထနှစ်)နှင့်ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ) အဓိပ္ပါယတ္တ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် (၁၀) ပုစ္ဆာဖြေဆိုရမည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနတက္ကသီလဝင်ခွင့် လျှောက်ထားလွှာများကို ၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၄ ရက် (ကြာသပတေးနေ့) မှ စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၁၃၈၃ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၃ ရက် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၆ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသော အချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း - ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း- ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

✧ စာမျက်နှာ ၁၆ မှ

(၄) ဘုရားရှင်က ငါ့အား နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောပါမူ ကောင်းလေစွ။

(၅) ငါသည် ထိုဘုရားရှင်ဟောသော တရားများကို ပိုင်းခြားသိမြင်ရပါမူ ကောင်းလေစွ။

ဟူသော ချင်ခြင်းကြီးငါးခုကို တောင်းတခဲ့ပါသည်။ ယခုအခါ ဤငါးမျိုးစလုံး ပြည့်စုံပြီဖြစ်ကြောင်း ဘုရားရှင်အား လျှောက်ထားသည်။ မင်းကြီးသည် ဘုရားရှင်အား ယခုမှစ၍ သူ့အား ဥပါသကာဟု အသိအမှတ်ပြုတော်မူရန် လျှောက်ထားပြီး မနက်ဖြန်ကြွ၍ ဆွမ်းဘုဉ်းပေးရန် လျှောက်ထားပြန်ပါသည်။

နောက်နေ့နံနက်၌လည်း ဆွမ်းဘောဇဉ်တို့ကို ပြင်ဆင်ပြီးသော် တစ်ဖန်လူလွှတ်၍ ဘုရားရှင်အား ဆွမ်းဘုဉ်းပေးရန် ပင့်လေသည်။ ဘုရားရှင်ကလည်း သံဃာတစ်ထောင်ခြံရံလျက် တင့်တယ်စွာဖြင့် ကြွတော်မူသည်။ သိကြားမင်းကလည်း အလွန်လှပသော လုလင်အသွင်ဖန်ဆင်း၍ ဘုရားကြွရာလမ်း၌ ရှေ့မှဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသော ဘုန်းတော်ဘွဲ့ဂါထာများ သာယာနာပျော်ဖွယ်ရွတ်ဆိုကြွေးကြော်သည်။ လူအပေါင်းတို့ကို နှိုးဆော်ခြင်းဖြစ်ပါသည်။

လူတို့ကလည်း ဤသို့ကြွေးကြော်ရွတ်ဆိုသောလုလင်သည် လှပ၏၊ ချော၏ဟု ချီးကျူးကြကုန်၏။ ထိုအခါ သိကြားမင်းသည် သူသည် သိကြားမင်းဖြစ်ကြောင်း၊ အံ့ဖွယ်ဂုဏ်ထူးနှင့်ပြည့်စုံသော ဘုရားရှင်၏ အလုပ်အကျွေးဒကာဖြစ်ကြောင်း ပြောကြားလေသည်။ ဘုရားရှင်သည် မင်းကြီးကပ်သောဆွမ်းများ ဘုဉ်းပေးသည်။ မင်းကြီးကလည်း သူကိုယ်တိုင် ကပ်ပါသည်။ မင်းကြီးသည် ဘုရားရှင်အား "ဝေဠုဝန်" ဥယျာဉ်တော်ကို သီတင်းသုံးနေရန် လှူဒါန်းပါသည်။ ရေစက်သွန်းချလှူဒါန်းသည်။ ကမ္ဘာမြေကြီးကလည်း ယင်းရေစက်ချသည်နှင့်တစ်ပြိုင်နက် လှုပ်လေသည်။ ကောင်းချီးပေးခြင်းဖြစ်ပါသည်။ ဘုရားရှင် တရားအနုမောဒနာ ဟောကြားပြီးနောက် ဝေဠုဝန်ဥယျာဉ်သို့ကြွလေသည်။ ဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူကြောင်းကို ပဉ္စဝဂ္ဂီငါးဦးမှ အကျုံးဝင်သော အရှင်အဿဇိ၊ ဘဒ္ဒဝဂ္ဂီ၊ အရှင်ယသ စသောမထေရ်များသည် လာရောက်ကုန်၏။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ နှစ်လတိုင် နေတော်မူသည်။

**အဂ္ဂသာဝကလောင်းနှစ်ဦးနှင့် သိဉ္စည်းဆရာကြီး**

ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးတွင်ရှိသော အရပ်၌ "နာလန္ဒ" မည်သောရွာကြီးရှိသည်။ ထိုရွာအနီးတံခါးဝတွင် "တိဿ" မည်သော ရွာရှိသည်။ ယင်းရွာ၌ အလွန်ကြွယ်ဝချမ်းသာသော ဝင်္ကန္တ ပုဏ္ဏားနှင့် ရူပသာရီမည်သောပုဏ္ဏားမတို့ ဇနီးမောင်နှံတွင် သားတစ်ယောက်ရှိသည်။ ၎င်းမှာ "ဥပတိဿ" အမည်ရှိသည်။ ၎င်းရွာနှင့်နီးသော "ကောလိတ" မည်သောရွာကြီးရှိသည်။ ၎င်းရွာ၌ သုဇာတပုဏ္ဏားနှင့် မောဂ္ဂလီပုဏ္ဏားမတို့ ဇနီးမောင်နှံသည် နေကြကုန်သည်။ ၎င်းပုဏ္ဏားဇနီးမောင်နှံတွင်လည်း သားတစ်ယောက်ရှိသည်။ ၎င်းကား "ကောလိတ"ဖြစ်ပါသည်။ ဥပတိဿသည် အရှင်သာရိပုတ္တရာလောင်းဖြစ်သည်။ "ကောလိတ" သည် မောဂ္ဂလ္လာန်လောင်းဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးသည် အရွယ်ရောက်၍ ပညာသင်ကြားရာတွင် ဗေဒင်အတတ်နှင့်တကွ ယောက်ျားတို့တတ်အပ်သော ပညာများ တတ်ကြပါသည်။ ၎င်းတို့နှစ်ဦးမှာ အလွန်ချမ်းသာသည်။ မိဘများကလည်း ၎င်းတို့သည် ပညာတော်သူများဖြစ်၍ မြှောက်စားခြင်းခံရပါသည်။ ၎င်းတို့အခြွေအရံခြံရံလျက် လူ့စည်းစိမ်ကို ခံစားနေကြသူများဖြစ်ပါသည်။ ရာဇဂြိုဟ်ပြည်တွင် ပြည်သူအပေါင်းတို့သည် နှစ်စဉ်ပျော်ပါးနေကျဖြစ်သော "တောင်ထွတ်သဘင်"ကို ၎င်းတို့နှစ်ဦး သွားကြပါသည်။ ဥပတိဿသည် လူ့ဘဝကြီးသည် အနှစ်မရှိ။ ချမ်းသာခြင်းကင်း၏ ငြီးငွေ့ဖွယ်ရာသာဖြစ်သည်ဟု စိတ်တွင် ဖြစ်နေသည်။ ယင်းအချက်ကို "ကောလိတ" က မေးသည်။ ဥပတိဿကလည်း သူဖြစ်ပေါ်သည့် အခြေအတိုင်းပြောပြသည်။ ၎င်းတို့နှစ်ဦးသည် တိုင်ပင်၍ မိဘများအား ခွင့်ပန်ကာ အခြွေအရံ ၂၅၀ တို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ ထွက်ခဲ့ပါသည်။ ၎င်းတို့သည်အလွန်ထင်ပေါ်ကျော်ကြားသော သိဉ္စည်းအမည်ရှိ ပရိဗိုဇ်ထံသို့သွား၍ ရဟန်းပြုကြပါသည်။

၎င်းသိဉ္စည်း ပရိဗိုဇ်ကြီးကလည်း တပည့် ၂၅၀ နှင့်နေပါသည်။ ၎င်းဆရာကြီးထံတွင် နည်းခံသင်ကြားပါသည်။ ယင်းပရိဗိုဇ်သည် ၎င်းတို့အား သူ၏အယူဝါဒကို သင်ပေးသည်။ နှစ်ရက်၊ သုံးရက်နှင့် အကုန်တတ်သွားကြပါသည်။ ဆရာကြီးအား ၎င်းတို့နှစ်ဦးက သူပေးသည့် ပညာနည်းနာကုန်ပြီလား မေးသည်။ ဆရာကြီးက သူသိတတ်တာ ဒါပဲရှိကြောင်း၊ သိကြောင်း ဖြေကြားလေသည်။ ထိုအခါ "ဥပတိဿ" သည် ဤဆရာကြီးပညာသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မမြင်နိုင်ချေဟု "ကောလိတ"ကို ပြောပြီး ဆက်လက်၍ ဆရာရှာကြပြန်ပါသည်။ တစ်ဦးနှင့်တစ်ဦး သဘောတူညီချက်ယူကြသည်။ ထူးခြားသည့်တရားတွေ့လျှင် တွေ့သည့်သူက မတွေ့သေးသူကိုပြောရမည်ဟု ကတိပြုပြီး ရှာကြလေသည်။ ၎င်းတို့နှစ်ဦးသည် ပညာရှာကြရာ တွေ့သည့် ရဟန်းပုဏ္ဏားများကို မေးသည်။ သူတို့မေးသည်ကို မဖြေနိုင်ကြချေ။ သူတို့က မေးသည်။ သူတို့နှစ်ဦးက ဖြေကြားနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတို့နှစ်ဦးသည် ဆရာကြီးထံသို့ ပြန်သွားလေသည်။

**အဂ္ဂသာဝကနှစ်ဦးနှင့် အရှင်အဿဇိ**

ဘုရားရှင်သည် ဝေဠုဝန်ကျောင်းကို အလှူခံပြီးနောက် သုံးရက်မြောက်သောနေ့တွင် အရှင်အဿဇိသည် နံနက်စောစော ရာဇဂြိုဟ်မြို့တွင်းသို့ လှည့်လည်ဆွမ်းခံရန်ထွက်သည်။ ၎င်းသည် သင်္ကန်းကို သပ်ရပ်စွာဝတ်ရုံ၍ သပိတ်ကိုပိုက်လျက် တည်ငြိမ်သောဣန္ဒြေဖြင့် ဆွမ်းခံထွက်သည်။

ထိုအခါ၌ "ဥပတိဿ" ပရိဗိုဇ်သည် မြို့တွင်းမှ ဆွမ်းစားပြီးအပြန်၌ အရှင်အဿဇိမထေရ်သည် ဆွမ်းခံကြွနေသည်ကို မြင်လေသည်။ ဥပတိဿသည် အရှင်အဿဇိကိုကြည့်ပြီး ဝေဖန်သုံးသပ်နေသည်။ ဤသူသည် ဣန္ဒြေလည်းရှိသည်။ တည်ငြိမ်လျက်ရှိသည်။ ရဟန္တာဖြစ်မည့်သူဖြစ်မည်။ သူ့ထံမှ နည်းနာခံရမည်။ သူ့ဆရာ မည်သူလဲမေးမည်ဟု စိတ်အကြံဖြစ်ပြီး မနီးမဝေးအရှင်အဿဇိနောက်သို့ လိုက်လေသည်။

အရှင်အဿဇိသည် ဆွမ်းခံ၍ပြီးသောအခါ ဆွမ်းဘုဉ်းပေးရန် ဇရပ်တစ်ခုသို့ဝင်ရာ နောက်မှ ကပ်လိုက်လာသော ဥပတိဿသည် နေရာထိုင်ခင်းများလုပ်ပေးသည်။ ရေပေးသည်။ ဆွမ်းစားမည့် ကိစ္စအဝဝကို လိုက်ဆောင်ရွက်ပေးသည်။ အရှင်အဿဇိဆွမ်းဘုဉ်းပေးပြီးသောအခါ ပဋိသန္တာရစကားများ ပြော၍ဆက်ဆံသည်။ သူမေးမည်ကြံသောဥပတိဿသည် အရှင်အဿဇိအား မေးမြန်းစုံစမ်းလေသည်။

အရှင်အဿဇိသည် လောကတွင် အတုမရှိသော သာကီနွယ်ဝင်မင်းသား ဘုရားရှင်အား ရည်မှန်းကြောင်း၊ ၎င်းကိုအကြောင်းပြု၍ ရဟန်းပြုကြောင်း၊ ဤပုဂ္ဂိုလ်သည် ငါ၏ဆရာဖြစ်ကြောင်း၊ သူဟောကြားသောတရားများ နှစ်သက်၍ ဩဝါဒခံယူကြောင်း စသည်ဖြင့် ပြောကြားလေသည်။ ထို့အပြင် အရှင်အဿဇိသည် သာသနာတော်၏ ကျယ်ပြန့်ပုံ၊ နက်နဲပုံတို့ကို မဟောကြားနိုင်သေးပါ။ သူသည် ရဟန်းဖြစ်သည်မှာ မကြာသေးကြောင်း၊ ယခုဟောကြားမည့်တရားသည် အနည်းငယ်မျှဖြစ်ကြောင်း ဆိုလေသည်။

ဥပတိဿကလည်း အရှင်ဟောပါ၊ ပြောပါ။ သူသည် တပည့်အရာ၌ ကျွမ်းကျင်လိမ္မာသူတစ်ဦးဖြစ်ကြောင်း၊ အရှင်ဟောကြားသည့်တရားတို့ကို သူ့ဉာဏ်ဖြင့် ချဲ့ထွင်ကြည့်မည်ဖြစ်ကြောင်း ပြောပါသည်။ အရှင်အဿဇိသည် အကျဉ်းဟောကြားသည်မှာ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ၊ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော" ဟူ၍ ဟောကြားသည်။ အဓိပ္ပာယ်မှာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့သည် တဏှာလောဘအကြောင်းကြောင့် သမုဒယဖြစ်ကုန်၏။ ယင်းဒုက္ခနှင့် သမုဒယတို့ ချုပ်ငြိမ်းရာ နိရောဓသစ္စာဖြစ်ကြောင်း၊ ထိုနိရောဓသစ္စာ ဖြစ်ပေါ်စေရန် မဂ္ဂသစ္စာဖြင့် သွားရသောလမ်းစဉ်တို့ကို ဟောကြားပြသလေသည်။ ထို့နောက် အရှင်အဿဇိက သူ၏ဆရာသည် ဤသစ္စာတရားတို့ကို ပိုင်းခြားသိမြင်သူဖြစ်သည်ဟု ပြောကြားလေသည်။ ဥပတိဿသည် ဉာဏ်ပညာရှိသူဖြစ်သဖြင့် သောတာပန်ဖြစ်သွားလေသည်။ သောတာပတ္တိမဂ် ဆိုက်ရောက်သောကြောင့်ဖြစ်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

## ကျွန်းစုမြို့နယ်၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် အသိပညာပေးသင်တန်း ဖွင့်လှစ်

**မြိတ် နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices – GAqP) ပညာပေးသင်တန်းကို ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု မစမ်းပါးကျေးရွာအနီးရှိ ခိုင်ဇင်ယော်ရေငန်ပုစွန်မွေးမြူရေး စီမံကိန်းကုမ္ပဏီ၌ အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် GAqP ကျင့်စဉ်တွင် လိုက်နာရမည့် အခြေခံမှုများကို အသိပညာပေးပို့ချခြင်း၊ ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးညီညီလင်းထွဋ်က GAqP နှင့် ပတ်သက်၍ အသိပညာပေးပို့ချခဲ့ကြပြီး လက်တွေ့ကွင်းဆင်း လေ့လာပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ ခိုင်ဇင်ယော် ကုမ္ပဏီမှ ဝန်ထမ်း ၃၁ ဦး တက်ရောက်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

**ပေါင်းတည် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လ (အောက်တိုဘာလမှ မတ်လအထိ) ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးအလိုက် စီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

“ကျေးငှက်သံလေးတွေက ချိုသာလိုက်တာ”

“ချိုမြိန်တယ်ဆိုရင် ပိုပြည့်စုံတာပေ့ါပူစူးမရယ်။ ဒီကျေးငှက်လေးတွေက အသံချိုချိုလေးတွေနဲ့ ဒီနေ့ နံနက်ခင်းကို ကြိုဆိုလိုက်တာပဲပေ့ါ”

“ဟုတ်တယ်နော် ဘိုးလေး။ သူတို့အသံလေး တွေ ကြားရတာ ရင်ထဲကိုအေးသွားတာပဲ”

ဘိုးလေးကြွက် ပြန်ပြောလိုက်သည့်စကားကို ပူစူးမ က ထောက်ခံစကားဆိုလိုက်သည်။

“ဟုတ်တယ်မြေးတို့ရဲ့။ ငှက်ကလေးတွေက ချိုသာတဲ့စကားကိုပြောလို့ အသံလေးတွေက ချိုမြိန်တာပေ့ါ။ တို့လူသားတွေကလည်း စကား ပြောတဲ့အခါ ချိုချိုသာသာပြောကြရင် ချိုသာတဲ့အသံ တွေထွက်လာမှာပေ့ါ။ ဒါကြောင့် စကားပြောတဲ့အခါ ချိုချိုသာသာ၊ ညင်ညင်သာသာ ပြောရမယ်ဆိုတဲ့ ဆုံးမစကားတွေ ရှိနေတာပေ့ါ”

“ဟုတ်ကဲ့ ဘိုးလေး”

“မြေးတို့လည်း ချိုသာတဲ့အသံပိုင်ရှင်ဖြစ်အောင် စကားပြောတဲ့အခါ ချိုချိုသာသာ၊ ညင်ညင် သာသာ ပြောကြရမယ်နော်”

“ဟုတ်ကဲ့ဘိုးလေး မြေးတို့ကတိပေးပါတယ်”

မောင်ထူး၊ကိုဦးနှင့် ပူစူးမတို့သုံးဦးသား ပြိုင်တူ ပြောလိုက်ကြခြင်းဖြစ်သည်။

“သာဓုကွယ် သာဓုသာဓု။ မြေးတို့က နားလည် လွယ်ကြပါပေတယ်။ နာခံမှုလည်းရှိကြပါပေတယ်။ မှတ်သားမှု ရှိ၊ မရှိကိုတော့ မေးခွန်းလေးမေးကြည့် ရဦးမယ်”

“မေးပါဘိုးလေး မေးပါ”

ဘိုးလေးကြွက်၏စကားအဆုံးမှာ မောင်ထူးက ချက်ချင်းဝင်ပြောသည်။

“ဟို- ရှေးပိုင်းတုန်းက ဘိုးလေးပြောခဲ့တဲ့အထဲ က ဝစီကံလေးပါးကို မှတ်မိကြသေးလား”

“မှတ်မိပါတယ် ဘိုးလေး”

“ပူစူးမတစ်ယောက်ပဲဖြေတော့ ကျန်နှစ်ယောက် က မမှတ်မိကြဘူးနဲ့တူတယ်”

“ဟို- ဟို- မှတ်မိပါတယ် ဘိုးလေး”

မောင်ထူးနှင့် ကိုဦးတို့က ပျာပျာသလဲ ပြန်ပြော လိုက်သည်။ “အေးအေး- ဒါဆို ဝစီကံလေးပါးကို ပြောကြပါဦး”

“ဝစီကံလေးပါးက မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာနဲ့ သမ္ဖပ္ပလာပတို့ပါ ဘိုးလေး”

“မှတ်မိကြသားပဲ။ မြေးတို့က မှတ်ဉာဏ်

# ယဉ်ကျေးလိမ္မာအစပြု ဝစီကံယဉ်ကျေးမှု(၄)

ဦးမင်းဟန်(ဘီအေ)

ကောင်းသားပဲ၊ ဒါနဲ့ အဓိပ္ပာယ်တွေကော သတိရ သေးလား ပြောကြည့်ပါဦးကွယ်”

“ဟုတ်ကဲ့ မှတ်မိပါတယ်ဘိုးလေး”

မောင်ထူး၊ကိုဦးနှင့်ပူစူးမတို့သုံးဦး တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ပြိုင်တူပြောလိုက် ကြသည်။

“မဟုတ်မမှန်စကား၊ မုသားစကားပြောဆိုမှုကို မုသာဝါဒ၊ ကုန်းတိုက်စကား၊ သွေးခွဲစကားပြောဆိုမှု ကို ပိသုဏဝါစာ။ ကြမ်းတမ်းတဲ့စကား၊ယုတ်ညံ့တဲ့ စကားပြောဆိုမှုကို ဖရုသဝါစာ။ အကျိုးမဲ့တဲ့စကား၊ အနှစ်မဲ့တဲ့စကား ပြောဆိုမှုကိုတော့ သမ္ဖပ္ပလာပ လို့ခေါ်ပါတယ်”

“ဝိုး- တယ်တော်ကြပါလားမြေးတို့ရဲ့။ မှတ်မိ ကြတာ ဝမ်းသာတယ်ကွယ်။ လိမ္မာလိုက်ကြတာ။ ဒီလောက် တော်တဲ့မြေးတို့ကို ဆုချီးမြှင့်ရမှာပေ့ါ”

ဘိုးလေးကြွက်က ပြောပြောဆိုဆို ဘောလ်ပင် တစ်ချောင်းကမ်းပေးသည်။ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့က ခန္ဓာကိုယ်ကိုကိုင်းကာ လက်နှစ်ဖက်ဖြင့် ရိုရိုသေသေလှမ်းယူကြသည်။

“ဝစီကံလေးပါးမှာ မုသာဝါဒကိုကျူးလွန်တဲ့ အခါ ခံစားရတဲ့အပြစ်တွေတော့မြေးတို့သိပြီးပြီနော်။ အခုတော့ ပိသုဏဝါစာ အလှည့်ပေ့ါကွယ်”

“ဟုတ်ကဲ့ ဘိုးလေး”

“ပိသုဏဝါစာဆိုတာ ချစ်ခင်ရင်းနှီးကြသူတွေ အတူတကွစည်းလုံးညီညွတ်မှုရှိနေတာကို မညီ မညွတ်နဲ့ အချင်းချင်းမတည့်တော့အောင်၊ သွေးကွဲ သွားအောင် ကုန်းတိုက်စကားပြောဆိုတာ၊ သွေးခွဲ တာလို့ အဓိပ္ပာယ်ဖွင့်လို့ ရပါတယ်”

“ဟုတ်ကဲ့ဘိုးလေး မှတ်သားထားပါ့မယ်”

“ဘုရားဟောဇာတ်တော်တွေကတော့ ရှိတာ ပေ့ါ။ သိပ်ရှည်နေရင် မြေးတို့မှတ်သားရတာ ခက်နေ မှာမို့ အတိုချုပ်နဲ့ အနှစ်ချုပ်သဘောပဲ မြေးတို့ နားလည်မှတ်မိလွယ်အောင် ပြောချင်တယ်”

“မြေးတို့ကတော့ မှတ်စုစာအုပ်နဲ့ အကုန်လိုက် မှတ်မှာပါဘိုးလေး”

“မှတ်တာကောင်းပါတယ်မောင်ထူးရာ မှတ်ပါ။ ဘိုးလေးပြောမှာက တကူးတကမှတ်စရာကို မလို အောင်၊ မြေးတို့ နားထဲစွဲသွားအောင် ပြောမှာ။ ဆိုပါတော့- မြေးတို့သုံးယောက်ရှိတယ်နော်။ ပူစူးမ က ဘိုးလေးကိုတိုင်တယ်။ မောင်ထူးက ဘိုးလေး ကွယ်ရာမှာ ဘိုးလေးမကောင်းကြောင်းတွေ ပြောတယ်တဲ့။ ဘိုးလေးက လက်ဖက်တွေစား၊ ချင်းသုပ်တွေစား၊ ငှက်ပျောသီးတွေစား၊ ရေနွေး ကြမ်းတွေ သောက်ပြီး စားကောင်းသောက်ကောင်း အောင် ဟိုပြောဒီပြောတွေ ပြောနေတာတဲ့”

“ဟာ- မပြောရပါဘူး ဘိုးလေးရာ၊ ပူစူးမ နင်မဟုတ်တာတွေမပြောနဲ့၊ မြေးက ဘာဆိုဘာမှ မပြောဘူးဆိုတာ ကိုဦးသိပါတယ်”

“ပူစူးမက ဆက်တိုင်ထားတာရှိသေးတယ်။ ကိုဦးနဲ့မောင်ထူးက တစ်ကျိတ်တည်း တစ်ဉာဏ် တည်းတဲ့”

“ဟုတ်လားဘိုးလေး-မောင်ထူးနဲ့မြေးကို ပူစူးမ က ကုန်းတိုက်တာပေ့ါ။ မြေးတို့က အဲဒီလိုတွေ မပြောရပါဘူး၊ မဟုတ်ရပါဘူး ဘိုးလေးရာ”

ကိုဦးနှင့်မောင်ထူးတို့က ပူစူးမကို မျက်လုံး စိမ်းနှင့်ကြည့်ကာ အံတကြိတ်ကြိတ်ဖြစ်နေကြ၏။ ပူစူးမကလည်း မျက်စိမျက်နှာ ပျက်နေတော့၏။ တစ်ခုခုပြန်ပြောရန် ပါးစပ်တပြင်ပြင် ဖြစ်နေ သည်။

“ကဲ- အခုလိုကြားရတော့ မောင်ထူးနဲ့ကိုဦးက ပူစူးမကို မကျေနပ်တော့ဘူးပေ့ါ။ ပူစူးမကို မခေါ်ချင် မပြောချင်တော့ဘူးပေ့ါ။ အချင်းချင်းတွေ မတည့်ကြ တော့ဘူးပေ့ါ။ စိတ်ဝမ်းကွဲကြတော့တာပေ့ါ။ ချစ်ခင် နေကြတဲ့ သူငယ်ချင်းသုံးယောက် သွေးကွဲမှုဖြစ်ရော လေ၊ ဟုတ်တယ်မဟုတ်လား”

“ဟုတ်ပါတယ် ဘိုးလေး။ မြေးက ဘိုးလေးကို တိုင်တာ တောတာလည်း မရှိဘဲနဲ့၊ ဒီလိုစကား ကြားတော့ မောင်ထူးနဲ့ကိုဦးက မြေးကို စိမ်းစိမ်းကြီး ကြည့်ပြီး အံတကြိတ်ကြိတ်ဖြစ်နေကြတာ။ စိတ်မကောင်းဖြစ်ရတယ်။ ဝမ်းလည်းနည်းတာပေ့ါ။ ဟီး ဟီး ဟီး”

ပူစူးမက ပြောပြောဆိုဆိုငိုကြွေးတော့သည်။ ဘိုးလေးကြွက်မှာ ပူစူးမကို အတော်ပင်ချော့မော့ လိုက်ရသည်။ ပူစူးမကို မျက်ရည်သုတ်ပေးကာ ချော့မော့ရင်း ဘိုးလေးကြွက်က ဆက်ပြောသည်။

“ကဲကဲ- အငိုတိတ်ပါတော့မြေးရယ်။ အဲဒါပဲ မြေးတို့ရဲ့။ ကုန်းတိုက်စကား၊ ကုန်းချောစကား ဆိုတာ သိပ်ကြောက်စရာကောင်းတယ်။ မြေးတို့ တောင် တဒင်္ဂအတွင်းမှာ အချင်းချင်းမတည့်တော့ဘဲ သွေးကွဲလာပြီ မဟုတ်လား။ ဒါက မျက်စိရှေ့မှာ ဖြစ်တာနော်။ မမြင်ကွယ်ရာမှာသာ တစ်ယောက်ကို တစ်မျိုး လှည့်ပတ်ပြီး ကုန်းတိုက်ပြောဆိုမယ်ဆိုရင် စေ့စပ်ဖျန်ဖြေလို့တောင် မရနိုင်လောက်ဘူး။ အချင်းချင်း ပြန်အစေးကပ်ဖို့ဆိုတာ မလွယ်တဲ့ အခြေအနေဖြစ်တော့မှာပေ့ါ။ ဒီအဖြစ်အပျက်ကို မြေးတို့မှတ်သားကြပေတော့”

“တော်သေးတာပေ့ါ ဘိုးလေးရာ။ စိတ်ထဲမှာ တစ်မျိုးကြီးကို ဖြစ်သွားရတာ။ ငိုလည်းငိုချင်၊ ပူစူးမကိုလည်း ဒေါသဖြစ်တာပေ့ါ။ ဘိုးလေး ပြောသလိုပါပဲ ပိသုဏဝါစာအကြောင်းကတော့ တကူးတကကိုမှတ်စရာ မလိုတော့ပါဘူး။ နားထဲ မှာရော စိတ်ထဲမှာပါ စွဲသွားပါပြီ။ အခုမှ ဟင်းချ နိုင်တော့တာ။ စကားတွေက တကယ်မဟုတ်လို့ တော်သေးတာပေ့ါ ဘိုးလေးရာ။ ဟင်း ဟင်း ဟင်း”

ကိုဦးက စကားအဆုံးမှာ ရယ်မောလိုက်ရာ ဘိုးလေးကြွက်အပါအဝင် မောင်ထူးနှင့် ပူစူးမပါ ရယ်မောလိုက်ကြသည်။


“ဘိုးလေးကို ခွင့်လွှတ်ကြပါကွယ်။ ကုန်းတိုက် ကုန်းချောစကားမျိုးနဲ့ပတ်သက်တဲ့ ဆိုးကျိုးကို မြေးတို့ ရင်ထဲ၊ စိတ်ထဲစွဲသွားအောင်၊ အမြဲမှတ်မိ သွားအောင်လို့ ဘိုးလေးက ဇာတ်လမ်းဆင်ပြီး ပြောလိုက်တာပါ။ လက်တွေ့သင်ခန်းစာပေ့ါကွယ်”

“ဟုတ်ကဲ့ပါ ဘိုးလေး- မြေးရဲ့ ရင်ထဲကိုရော စိတ်ထဲကိုရော ချက်ချင်းရောက်ပြီး၊ အသည်းစွဲသွား တာပေ့ါ”

“ပူစူးမပြောတာ မှန်တယ်။ မြေးလည်း အဲဒီလို ခံစားရတယ်။ ကုန်းတိုက်ကုန်းချောစကားက အတော်ဆိုးတယ်နော်”

မောင်ထူး၏စကားကို ဘိုးလေးကြွက်က နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးပြုံးကြီးလုပ်နေတော့သည်။ ။

# မုသားရှောင်ခြင်း ယဉ်ကျေးမှု (၄)




“မောင်သီလ ....”

“အမိန့်ရှိပါ ... ဘဘ”

“လူစုံရောက်ရောပေ့ါ...”

“ဟုတ်ကဲ့ပါ ... စုံလောက်ပါပြီ၊ ခင်စိန်မသာ မလာသေးတာ….."

“ဘာ ... မလာသေးတာလဲ၊ အခု လာတာ နင်မမြင်ဘူးလား အောင်ဘု ..”

“မြင်တော့မြင်သား၊ ငါလည်း ထင်တယ် နင်ပဲလို့”

“ဒီကောင်နော်၊ ငါ .... ခေါက်ထဲ့လိုက်ရ”

“အေးကွယ် ... မခင်စိန်တို့ မောင်နှမ ကဖြင့် မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ စကြနောက်ကြပဲ၊ အတော် ခင်တာပဲနော်”

“ဟုတ်ကဲ့ပါ... ဘဘ၊ ကျွန်တော် တို့က ဘယ်လိုစစ နာကြတာ မဟုတ်ဘူး။ အိမ်မှာဆို ဒီထက်ဆိုးတယ်”

“အေး ..အေး၊ ကိုယ့်အချင်းချင်းတွေပဲ ဘာလို့ စိတ်ဆိုး စိတ်ခုရှိရမှာလဲ၊ ပျော်ပျော် ပဲပေ့ါ”

“ဒါနဲ့ ဒီနေ့ မင်းတို့ထဲမှာ မိဘရဲ့ အချီးကျူးခံရတဲ့သူ မရှိဘူးလား ...”

“ရှိပါတယ်...ဘဘ၊ ကျွန်တော်ပါ ...”

“ဟေ ... မောင်သီလကိုး၊ ဘယ်သူက ချီးကျူးတာလဲ”

“မေမေပါ”

“ဘာမို့လဲကွ”

“ညက ညီမလေး ယဉ်မေ ကိုယ်လေး နွေးပြီး ဘာအစားမှားလဲ မသိဘူး။ အော့အန်တယ် ... ဘဘ၊ အဲဒါ မေမေတို့က မခိုင်းဘဲနဲ့ ကျွန်တော့်ဘာသာ ကျွန်တော် ကျုံးပြီးသွန်ပစ်တယ်။ ကြမ်းကိုလည်း ရေဆေးပြီး အဝတ်စုတ်နဲ့တိုက်တယ်။ အဲဒါကို အမေက ချီးကျူးတာ”

“နို့ ... ဘယ်လိုချီးကျူးလဲ”

“ငါ့သားလေး လိမ္မာလာပြီ၊ ခိုင်းစရာ မလိုဘဲ ကိုယ့်ဘာသာကိုယ်တာဝန်သိတယ် တဲ့၊ အဲဒါ မဂ္ဂက်ထော်တောင်သိတယ်”

“ဟုတ်တယ် ... ဘဘ၊ သမီးက သူတို့အိမ်မှာ ဒီတုန်းက ရောက်နေတာ”

“အေး ... မင်းတို့ အကြားနော်၊ မောင်နှမချင်းဆိုတာ မေတ္တာ၊ ကရုဏာ ထားကြရတယ်၊ ချစ်ခင်ရမယ်၊ သနားရ မယ်၊ လုပ်စရာရှိရင် နင်လုပ်ငါလုပ်နဲ့ တွက်ကတ်မနေရဘူး။ နိုင်တဲ့ ဝန်ဆို ဦးသူ က ထလုပ်လိုက်ရတာ၊ ဒါမှ တစ်အိမ် သားလုံး စိတ်ချမ်းသာရမှာ၊ နို့မဟုတ်ရင် လား၊ လူကြီးတွေက မလုပ်ရကောင်းလား ဆိုပြီး မြည်တွန်တောက်တီးရင် ဘယ် ကောင်းမလဲ၊ ကိုယ်လည်း စိတ်ဆင်းရဲရ၊ သူလည်း စိတ်ဆင်းရဲကြရနဲ့ဟာ”

“ဒါကြောင့် မနက်လင်းလို့ မျက်စိ နှစ်လုံးပွင့်လာတာနဲ့ ကိုယ့်အသိဉာဏ်ကို ရှေ့တန်းတင်ပြီး ဆင်ခြင်စဉ်းစားနေထိုင် ကြရမှာနော်”

“ဟုတ်ကဲ့ပါ . . . ဘဘ”

“နို့ ... အောင်ဘုကကော”

“အတိုင်းတိုင်းပဲ ... ဘဘ”

“ဟဲ့ .. မင်းဟာက ဘာအတိုင်းတိုင်း လဲ”

“ဆူလဲမဆူ၊ ရိုက်လဲမရိုက်၊ မချီးလည်း မချီးမွမ်းမို့လို့ပါ”

“ဟား... ဟား၊ လက်စသတ်တော့ အောင်ဘုအတိုင်းတိုင်းက ဒါပဲကိုး၊ ဟုတ်လား မခင်စိန်”

“ဟုတ်ပါတယ် . . . ဘဘ၊ သူက ပြောမထူး ဆိုမထူးသမားမို့ပါ။ တစ်ခါက ကြီးကြီးက သူ့ကို ချီးကျူးဖူးတယ်”

“ဘယ်လို ချီးကျူးလဲ”

“အောင်ဘုက ဘာခိုင်းခိုင်း ဇောက်ထိုး မိုးမျှော်သမားတဲ့..”

“ဟား ... ဟား ... ဟုတ်လား အောင်ဘု”

“ဟုတ်ပါတယ် ... ဘဘ”

“နို့ ... မင်းက ဘယ်လိုလုပ်လို့လဲ”

“သမီး ပြောမယ်ဘဘ၊ မနေ့က မနက်မှာပေ့ါ၊ ကြီးကြီးက ဟင်းအိုးကြီး ချက်မလို့ တန်းလန်းနဲ့မို့တဲ့၊ ဟဲ့... အောင်ဘု သားလေး ငရုတ်သီးအစိမ်းမှုန့် တစ်ထုပ် ပြေးဝယ်စမ်းခိုင်းတာ ဝယ်လာ တော့ အကျက်မှုန့်ကြီးရယ် ဘဘ”

“ဟုတ်လားကွ ... ”

“ဟုတ်ပါတယ်”

“နို့ ... မင်းက အစိမ်းမှုန့်ဆိုတာ မကြားလို့လား”

“ကြားတော့ ကြားတယ်၊ ကစားရင်း တန်းလန်းနဲ့ ငရုတ်သီးပဲမှတ်ပြီး ဆိုင်ကို ပြေးဝယ်တာ၊ ကိုယ့်ဟာကိုယ် ငါးဆယ် တန် တစ်ထုပ်နှိုက်ပြီး ပြန်ပြေးလာတာကိုး ဘဘရ...”

“အံ့ပါကွာ...၊ မိဘခိုင်းရင် နမော်နမဲ့ မလုပ်ရဘူး။ စာမျက်နှာ ၁၉ သို့ ❀

# ရဲရင့်သူတို့၏သတ္တိ

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ



"အပူအကြောင်းတွေကို ပြောပြမိခဲ့တာတွေ ရှိခဲ့ပါတယ်၊ အပူအမျိုးမျိုး၊ တစ်ဆင့်ထက်တစ်ဆင့် အပူအားသတ္တိကွာပုံ အမျိုးစုံရှိပါတယ်၊ အဓိကအားဖြင့် ပြောခဲ့တာကတော့ "စိတ်ကို ပူအောင်လုပ်တဲ့ ကိလေသာ" နောက်ပြီး "ကိလေသာကို ပူအောင်လုပ်တဲ့ ဝီရိယ" လို့ နှစ်မျိုးပါ။

အားလုံးသိထားကြတာကတော့ အပူတကာ့အပူဆုံးဟာကိလေသာလို့ပဲ အသိများကြပါတယ်။ ဟုတ်ပါတယ်၊ စိတ်နဲ့ပတ်သက်ရင် ကိလေသာမီးက အပူဆုံးပဲ။

အခုတစ်ခါအပူဆုံးဆိုတဲ့ကိလေသာကို ဝီရိယအပူနဲ့ ပြန်ငြိမ်းသတ်နိုင်လို့ ဝီရိယအပူအားက အပူဆုံးပါပဲ။ အာတာပီ - ကိလေသာကို လွန်စွာလောင်မြိုက် ပူလောင်စေတတ်သော လုံ့လဝီရိယလို့ ခေါ်ပါတယ်။

ကောင်းတဲ့စိတ်တွေကို တွန့်သွားအောင်အပူပေးနိုင်တာက ကိလေသာပါ အဲဒီလို တစ်ခါ မကောင်းတဲ့စိတ်၊ မကောင်းတဲ့ကိလေသာ ဓာတ်တွေကို ချက်ချင်းရပ်သွားအောင်၊ မကောင်းတဲ့ အစဉ် အမျှင်တန်းကြီးကို ပြတ်တောက်သွားအောင်၊ အပူပေးနိုင်တာက ဝီရိယ လုံ့လပါ။

"ဝီရိယမရှိသူရဲ့ စိတ်ဟာ ကိလေသာအပူရှိလို့ ပူလွန်းတယ်။

ဝီရိယရှိသူရဲ့ စိတ်ဟာ ကိလေသာ အပူကင်းလို့ အေးလွန်းတယ်"

"အရှင်ဘုရား ပြောပေးတာ လွယ်ပါတယ်။ ဒကာမကြီးက အချိန်ရရဲ့လားမေးပြီးတော့၊ အချိန်ရပါတယ်ဘုရား၊ ဝီရိယအကြောင်း ဆက်ပြီးမိန့်ပါဦး"

"ကဲ ကဲ ဒီလိုဆိုရင်လည်း ပြောရတာပေါ့။ ဝီရိယဆိုတာ သတ္တိတစ်မျိုးပါ။ ကြိုးစားမှု၊ အားထုတ်မှု၊ လုံ့လစိုက်မှု၊ မပျင်းရိမှု၊ စိတ်ပါလက်ပါရှိမှု စတဲ့ အဓိပ္ပာယ်မျိုးစုံ စကားလုံးမျိုးစုံ အသုံးပြုနိုင်ပါတယ်"

"တကယ်တန်းကတော့ အားအစွမ်းတစ်မျိုး၊ သတ္တိတစ်မျိုးပါ၊ စေတသိက်ဆိုတဲ့ ပင်ကိုသဘော ရှိပါတယ်၊ ဝီရိယစေတသိက်က စိတ်နဲ့ဖြစ်တူ၊ ပျက်တူ၊ အာရုံတူ၊ မှီရာအတူတူပါပဲ၊ ဒီလိုတွေပြောတော့ နားရှုပ်သွားပါဦးမယ်"

"လွယ်အောင်ပြောရင် ဝီရိယဆိုတာ စိတ်ဝီရိယနဲ့ ကိုယ်ဝီရိယလို နှစ်မျိုးရှိပါတယ်"

"စေတသိက်ဝီရိယအစွမ်းရှိနေတဲ့ စိတ်ကို စိတ်ဝီရိယ ရှိတယ်ခေါ်တယ်၊ ဒီဝီရိယရှိတဲ့စိတ်၊ မနောကံကို အကြောင်းပြုပြီး ဝစီနှုတ်ပယောဂ အပြောအဆို အားထုတ်လာနိုင်မှုကို နှုတ်ဝီရိယ၊ ကိုယ်ကာယ ပယောဂ အပြုအမူတွေ အားထုတ်လာနိုင်မှုကို ကိုယ်ဝီရိယလို့လည်း ခေါ်လာပြန်တယ်"

"မှန်ပါ့ဘုရား"

"ဒီ စိတ်ဝီရိယ၊ နှုတ်ဝီရိယ၊ ကိုယ်ဝီရိယ သုံးမျိုးဟာ အခေါ်အဝေါ်နားလည်အောင် သတ်မှတ်ပြောပြထားလို့သာပါ။ တကယ်က အခြေခံဝီရိယ စေတသိက်ကသာ ဝီရိယအစစ်ပါ၊ ဒီဝီရိယအစစ်နဲ့ ပေါင်းလို့ ကိုယ်၊ နှုတ်၊ စိတ်ဝီရိယတွေရှိတယ် ပြောရတာ"

"ကိုယ်အမူအရာ လှုပ်ရှားခိုက် စိတ်မှာ ဝီရိယ စွမ်းအားရှိတယ်၊ နှုတ်အမူအရာပြောတဲ့အခိုက် စိတ်မှာ ဝီရိယ စွမ်းအားရှိတယ်၊ စိတ်အမူအရာ ကြံစည်သိခိုက် စိတ်မှာ ဝီရိယစွမ်းအားရှိတယ်"

"အရှင်ဘုရားပြောတာတွေ အသေးစိတ်တွေ ဖြစ်လာတယ်နော်"

"ဟုတ်တယ်၊ ဒကာမကြီး၊ အသေးစိတ်တွေ ဖြစ်လာတယ်။ ဘာလို့ ဒီလောက်ထိ ပြောရတာလည်းလို့ မေးခဲ့ရင် ဝီရိယအကြောင်းကို ဂဃနဏမှ မသိဘဲ။ ကိလေသာကိုသတ်နိုင်တဲ့ အာတာပီ ဝီရိယဆိုတာဘယ်မှာ သိလာနိုင်မလဲ၊ အဲဒီလို မသိရင်လည်း ကိလေသာကို မနိုင်တော့ဘဲ၊ ကိလေသာက ကြိုးဆွဲပြီး ကခိုင်းလို့ ကနေရတဲ့ ဝီရိယလောက်ကိုပဲ အဟုတ်ကြီးထင်ပြီး အကျေနပ်ကြီးကျေနပ်လို့ အရှုံးကြီးရှုံးနေကြမှာပေါ့"

"အမယ်လေး အရှင်ဘုရားပြောမှပဲ ကိလေသာကိုလည်း ကြောက်လာတယ်၊ တပည့်တော်တို့တွေ လုပ်နေတဲ့ ဝီရိယဆိုတာ ကိလေသာရဲ့ အခိုင်းခံနေရတာတွေပါလားလို့လည်း မြင်မိတယ် ဘုရား"

"ဒီလိုဆိုတော့ တပည့်တော်တစ်ခု လျှောက်ပါရစေဦးဘုရား"

"လျှောက်ပါ အကျိုးရှိမယ်ဆိုရင် တစ်ခုမကဘူး ကြိုက်သလောက်သာ လျှောက်ပါ ကဲ လျှောက် •• လျှောက်"

"မှန်ပါ့ဘုရား၊ အခုအရှင်ဘုရားပြောတာတွေကို တပည့်တော်မက နားလည်ပါတယ်ဘုရား၊ တပည့်တော်က တရားလည်းနာ၊ တရားလည်း အားထုတ်ဆိုတော့ တရားနဲ့နီးစပ်တယ် ပြောရမှာပေါ့။ တခြားတရားနဲ့မနီးစပ်တဲ့ သူတွေအတွက်လည်း နားလည်အောင် ပြောပေးပါဦး ဘုရား"

"သာဓု သာဓု ဒကာမကြီး သာဓု၊ ပြောပေးပါမယ်၊ အခုပြောတဲ့အထိတော့ နားလည်ရဲ့လား"

"နားလည်ပါတယ်ဘုရား"

"ကဲ ဒီလိုဆိုဆက်ပြောမယ်၊ ဝီရိယဆိုတာ စိတ်မှာရှိတဲ့ဝီရိယ၊ ဒါပေမယ့် စိတ်ကိုကောင်းအောင်၊ စိတ်ကို မကောင်းအောင် လုပ်နိုင်တဲ့ဝီရိယလို့ နှစ်မျိုးအရင်မြင်ထားပါ"

"ဝီရိယဆိုတာ အားထုတ်မှုသဘောပါပဲ၊ ရဲရင့်သူတို့ရဲ့အစွမ်း၊ သတ္တိအားပါ၊ ရဲရင့်သူတို့ရဲ့ အလုပ်၊ အပြော၊ အကြံအစည်၊ ဒီအလုပ် အပြော အကြံတွေကို ဖြစ်လာစေတဲ့ အခြေခံအားပါ"

"ရဲရင့်သူဆိုတာက လုပ်စရာရှိတာကို လုပ်ဝံ့သူ၊ ပြောစရာရှိတာကို ပြောဝံ့သူ၊ စဉ်းစားစရာ၊ သိစရာရှိတာကို သိဝံ့သူလို့ ခေါ်ပါတယ်၊ အရပ်ပြော ပြောရရင် ဘယ်သူကိုမှ ဂရုမစိုက်ဘဲ လုပ်ဝံ့၊ ပြောဝံ့သူတွေရဲ့ သဘောလိုပေါ့"

"မှန်ပါ့ဘုရား"

"အဲ.. ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ လုပ်ဝံ့သူ ပြောဝံ့သူဆိုတာကလည်း မဟုတ်တာ မမှန်တာ၊ မကောင်းတာကို လုပ်ဝံ့သူ၊ မကောင်းတဲ့ ရဲရင့်သူ၊ နောက် ဟုတ်တာ၊ မှန်တာ၊ ကောင်းတာကိုသာ လုပ်ဝံ့သူ ကောင်းတဲ့ ရဲရင့်သူလို့ နှစ်မျိုးရှိတယ်"

"တပည့်တော်သဘောပေါက်လာပါပြီဘုရား"

"အဲ ... ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဖြင့် စိတ်ဝီရိယအကြောင်း ဆက်ပြောကြမယ်ဆိုတော့ လူတိုင်း လူတိုင်း ကိုယ့်စိတ်ကို ကိုယ်ပြန်ပြီး သတိထားတဲ့ အလုပ်၊ ကိုယ့်စိတ်အကြောင်းကို နားလည်အောင်ပြန်ကြည့်တဲ့ အလုပ်ကိုတော့ နည်းနည်းလုပ်မှ ဖြစ်မယ်"

"မှန်ပါဘုရား"

"ဒါမှ မဟုတ်ရင်လည်း ကိုယ့်စိတ်တွေ ညစ်ဖူးတာ၊ ရှင်းနေဖူးတာ၊ ပူလောင်ဖူးတာ၊ အေးချမ်းဖူးတာ၊ တင်းကျပ်ဖူးတာ၊ ပြေလျော့ဖူးတာ စတဲ့ ဒီလိုဖြစ်နေတတ်တဲ့ စိတ်အကြောင်းကိုတော့ သိဖူးကြမှာပါပဲ၊ အဲဒီသဘောတွေကို ပြန်အာရုံပြုကြည့်ပေါ့။ အဲဒီလို ပြီးခဲ့တာကို အာရုံပြုချင်လည်းပြု၊ ဒါမှမဟုတ် အခုကိုယ့်စိတ်ကလေး၊ ဘယ်လိုဖြစ်နေသလဲဆိုတာ သိအောင်မမေးရဘဲ အဖြေသိအောင်နေတာမျိုးတော့ နေပေးစေချင်ပါတယ်"

"မှန်ပါဘုရား၊ အဲဒီလို ကိုယ့်စိတ်ကလေး ဘယ်လိုဖြစ်နေသလဲ ဆိုတာလောက်တော့ သိအောင်နေလို့ ရကြမှာပါဘုရား၊ အခုတောင် တပည့်တော်မစိတ်တွေ အေးအေးဆေးဆေးပါပဲ၊ အရှင်ဘုရား ဆက်ပြောမယ့် စကားတွေ၊ တရားတွေကို နားထောင်ချင်စိတ်၊ နောက်စောင့်နေတဲ့စိတ် ဖြစ်နေတာကို သိနေပါတယ်ဘုရား"

"အဲ ...ဟုတ်ပြီ၊အဲဒီတရားနားထောင်ဖို့ အသိဉာဏ်တိုးစေမည့် အလုပ်ကို အာရုံပြုမိဖို့ နားထောင်ချင်စိတ်ထဲမှာ၊ စောင့်နေတဲ့ စိတ်ထဲမှာ ကြိုးစားမှု ဝီရိယအား ရှိ၊ မရှိ ပြောနိုင်မလား"

"သိပ်ပြီးမရှင်းသေးပါဘုရား"

"ကဲ ... ဒီလိုပြောမယ်၊ အခုအေးအေးဆေးဆေး တရားစကားနားထောင်နေတဲ့ စိတ်ဖြစ်နေတယ်၊ တကယ်လို့ ဒကာမကြီးက ဈေးဆိုင်ဖွင့်ချိန်ရောက်နေပြီ၊ ဈေးဝယ်လာနေပြီ၊ လာခေါ်နေလောက်ပြီ၊ ချက်ချင်းပြန်ချင်စိတ် ဖြစ်နေတယ်ဆိုပါစို့၊ စိတ်နှစ်မျိုးပေါ့"

"မှန်ပါဘုရား"

"ဒီအချိန်တစ်ခုတည်းမှာပဲ တရားစကား နားထောင်ချင်စိတ် ဖြစ်ဝံ့သူ၊ နားထောင်နေနိုင်သူနဲ့ ချက်ချင်းထပြန်ချင်စိတ်ဖြစ်ဝံ့သူ၊ ထပြန်သူလို့ နှစ်မျိုး ရှိတယ်ဆိုပါစို့၊ အဲဒီနှစ်ယောက်လုံးမှာ လုပ်ဝံ့တဲ့ သတ္တိ၊ ဝီရိယဆိုတဲ့စွမ်းအား ရှိကြတာချည်းပါပဲ"

"အော် . . . ဟုတ်ပြီဘုရား၊ ဟုတ်ပြီ၊ ဝီရိယက နှစ်မျိုးနော်၊ စိတ်ဝီရိယတစ်ခုတည်းကိုပဲ နှစ်မျိုးရှိတာပေါ့နော် ဘုရား"

"ဟာ... ဘယ်ဆိုးလို့လဲ၊ ဒီလိုဆိုရင် တကယ် သဘောပေါက်တာပဲ"

"ဟာ ... အရှင်ဘုရားကလည်း သဘောပေါက်ပါတယ်ဆိုမှ"

"ဟုတ်ပါပြီ . . . ဝီရိယက နှစ်မျိုးဆိုပေမယ့် သုံးမျိုး လေးမျိုးလို့လည်း ပြောရင်ရပါသေးတယ်၊ ဒါတွေတော့ ထားခဲ့ပါဦး"

"ကဲ ... အဲဒီတော့ တရားနာဝံ့သူနဲ့၊ မနာဝံ့သူ၊ ဈေးရောင်းလှည့်ပြန်ဝံ့သူနဲ့ မပြန်ဝံ့သူ၊ စိတ်အေးအေး နေဝံ့သူနဲ့ မနေဝံ့သူ၊ စိတ်ပူပူလောင်လောင်နေဝံ့သူနဲ့ မနေဝံ့သူလို့ တစ်ခုပြီးတစ်ခု စိတ်ထဲမှာရှိတဲ့ ကိုယ့်အသိဉာဏ်နဲ့ဝေဖန်ချိန်ဆပြီးသာ ဝီရိယအကြောင်းတွေကို သိလိုက်စမ်းပါတော့"

"ဟုတ်တယ်နော် . . . ဘုရား၊ ဒီလိုဆိုတော့လည်း တပည့်တော်မတို့တွေမှာ မဟုတ်တဲ့ဝီရိယတွေပဲ ရှိနေတာပေါ့။ မဟုတ်တာတွေကိုပဲ လုပ်ဝံ့နေကြတာ များတာကိုး"

"ဟုတ်တယ် . . . ဒကာမကြီး၊ ဒါနကုသိုလ်နဲ့ပတ်သက်လို့ ကိုယ့်စိတ်ဝီရိယကို ပြန်ကြည့်ပေါ့။ လှူဖို့စဉ်းစားမိတာနဲ့၊ လှူမယ့်စိတ်ဖြစ်လိုက်တာနဲ့ နောက်က ကပ်လျက်ပါလာတယ်၊ ဘာလဲဆိုတော့ နောင်ရေးကြည့်ဦး၊ သားရေးသမီးရေးကြည့်ဦး၊ ဒီလောက်ကြီး လှူမလို့လား။ အလှူဆိုတာ နည်းတာ များတာမဆိုင်ဘူးလို့ ကြားဖူးတယ်၊ များများလှူမယ်ဆို စဉ်းစားနော်၊ ဘယ်သူမှသိတာ မဟုတ်ဘူး၊ နောင်အခက်တွေ့ရင် နင်ပဲစိတ်ညစ်ရမှာ အို . . . စုံနေတာပါပဲ။ ကိလေသာက စဉ်းစားခိုင်းတဲ့ အကြံတွေ၊ ကိလေသာက ခိုင်းလို့ ဝီရိယက ကြိုးစားစိတ်က စဉ်းစား၊ လှူဝံ့တဲ့စိတ်ကလေးက တစ်စက္ကန့်တောင် မခံဘူး၊ ပျောက်သွား၊ မလှူဝံ့တဲ့စိတ်တွေပဲ ထပ်ကာထပ်ကာ ဖြစ်နေတာ၊ များသောအားဖြင့် လူတိုင်းလိုလိုပါပဲ" **(ဆက်လက်ဖော်ပြပါမည်)**

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ရဲရင့်သူတို့၏သတ္တိ စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

---

❀ **စာမျက်နှာ ၁၈ မှ**

မသေချာရင် ပြန်မေးကြည့်မှပေါ့၊ လေးလေးစားစားနဲ့ ဂရုတစိုက် လုပ်ရတာမျိုး၊ အခုလိုမင်းက တလွဲတချော် လုပ်တော့ မင်းမေမေခမျာ ဒေါသလဲဖြစ်ရ၊ အချိန်လည်း ကုန်ရနဲ့၊ ဟင်းချက် နောက်ကျရော၊ ဒီတော့ ဘုန်းကြီး ဆွမ်းခံလည်း ပျက်ရ၊ ထမင်းစားပြီးမှ အလုပ်သွားလုပ်မယ့်သူဆိုရင်လည်း ထမင်းစား နောက်ကျတော့ အလုပ်နောက်ကျပဲပေါ့"

"ဒါဟာ မင်းတစ်ချက်လေး သတိလွတ်သွားတာနဲ့၊ နမော်နမဲ့လုပ်တာနဲ့ အားလုံးအံချော်ကုန်တာ သိလား"

"ဟုတ်ကဲ့ပါ... ဘဘ၊ ကျွန်တော်ချည်း မကဘူး၊ ဂွတ်ထော်လည်း ဒီလိုပဲ"

"မဂွက်ထော်က ဘယ်လိုမို့လဲ" "ဟဲ့ ... အောင်ဘုငါက ဘာမို့လို့လဲ"

"ဟ ... မနက်ကပဲ ဒေါ်ဒေါ်က အသုပ်ဝယ်ခိုင်းတာ အချဉ်ရေ မတောင်းခဲ့လို့လေ"

"ဟုတ်လား ... မဂွက်ထော်"

"ဟုတ်ပါတယ်၊ မေမေက အချဉ်ရေပါ တောင်းခဲ့ဆိုတာ သမီးမေ့သွားပြီး ခေါက်ဆွဲသုပ်လေးလည်း ရရော သမီး ပြန်ထွက်လာလို့ပါ"

"နောက် ဒါမျိုး မဖြစ်စေရဘူး၊ သမီးတို့လည်း အမေ-အဖေ ခိုင်းလိုက်တဲ့အပေါ်မှာ စိတ်ကိုထားပြီး စဉ်းစားနေရမှာ၊ မောင်ညိုကြီး မင်းဦးလေး ဘုန်းကြီးစာ" .

"ဟုတ်ကဲ့ ..."

**"မအေမိဘ၊ မှာသမျှ၊ မှတ်ခဲ့ကြကွယ့် မမေ့နဲ့၊ လုပ်တဲ့အခါ၊ တိကျစွာ၊ လုပ်ပါလေကွယ့် တပည့်ရဲ့"**

"အင်း ... ကောင်းပါပေ့ကွာ၊ ဒါတွေဟာ လိမ္မာယဉ်ကျေးသူတွေရဲ့ လုပ်ထုံးပဲ၊ ကိုယ့်မိဘက တစ်ခုခုခိုင်းရင် ဘာခိုင်းတယ်လို့ မှတ်၊ မှတ်ပြီးတော့မလွဲမချော်ရအောင်လုပ်၊ ဒါမှလဲ မိဘတွေမှာ မင်းတို့ကို စိတ်ချရမှာကွ"

"ဘဘ...ဘုရားနဲ့ ကိုရင်ရာဟုလာတို့ အကြောင်း ပြီးပြီလား၊ မပြီးသေးဘူး မောင်သီလ ကျန်သေးတာ၊ နို့ပေမယ့် အခု အချိန်မရှိတော့ဘူး၊ နောက်တစ်ပတ်မှ ပြောကြတာပေါ့၊ ကဲ .. မင်္ဂလာပါ။"

"မင်္ဂလာပါ... ဘဘ"

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ဦးကောင်းမိုးသည် အံ့ဩသောအမူအရာဖြင့် မျက်စိများကို ပွတ်ရင်း ခင်ခင်ကြီးဘက်သို့ လှမ်းကြည့်လိုက်သည်။ သူသည် ခင်ခင်ကြီးအား ရုတ်တရက် မမှတ်မိ။

"ဆိုစမ်းပါဦး။ ဘာကိစ္စလဲ"

သူက ခင်ခင်ကြီးအား တိုက်ရိုက်မေးလိုက်သည်။

"ကျွန်မ ကိုမောင်မောင်ဦးနဲ့ ပတ်သက်ပြီး မေးချင်စရာရှိလို့ပါ"

ဦးကောင်းမိုးသည် ခင်ခင်ကြီး၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်လိုက်သည်။

"နေစမ်းပါဦးကွယ့်။ မင်းကြည့်ရတာ တစ်ယောက်ယောက်နဲ့ တူသလိုပဲ။ ဪ လက်စသတ်တော့ မင်းဟာ အောင်ခန့် မြလေးတို့သမီး ခင်ခင်ကြီး ဆိုတာ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

သည်တွင် ဦးကောင်းမိုး၏ မျက်နှာတွင် ထူးခြားသလို အပြောင်းအလဲ မြောက်မြားစွာ ဖြစ်ပေါ်သွားသည်။ ခင်ခင်ကြီးအား ပိုမိုစူးစိုက်စွာ ကြည့်လာသည်။ အံ့ဩသော အရိပ်အသွင်ကို မျက်နှာတွင် မြင်ရပါသည်။

ခင်ခင်ကြီးအနေနှင့် ယခုလို သူဘယ်သူဘယ်ဝါဖြစ်ကြောင်း ထုတ်ပြောလိုက်ရသဖြင့် ဝမ်းသာသည်။ သူ့အား သိမှတ်မိနေသည့်အတွက် အားတက်ရသည်။ သို့ရာတွင် သူ၏ တစ်သက်တာ၌ ဖေဖေအား "အောင်ခန့်" ဟု နင့်နင့်သီးသီး ခေါ်ဆိုခြင်းကို သည်တစ်ခါ ပထမဆုံးအကြိမ်အဖြစ် ကြားရသည်ဖြစ်၍ ရင်ထဲမှာ အနည်းငယ် အောင့်သွားမိသည် အမှန်ပင်။

"ကိုင်း ဆိုစမ်းပါဦး။ မောင်မောင်ဦးနဲ့ ပတ်သက်ပြီး ဘာမေးချင်လို့လဲဟင်"

"သူ ကျောင်းပိတ်ရက်မှာ မြို့ကို ပြန်မလာတော့ဘူးလား"

"အတပ်မပြောနိုင်ဘူးကွယ်"

"ဒါဖြင့် ပြန်လာချင် လာဦးမယ်ပေါ့"

"အေး"

"သူ အခု ဘယ်ရောက်နေသလဲရှင့်"

"မပြောတတ်ဘူးကွယ့်"

"ရှင်"

"ဟုတ်တယ်။ ကျောင်းပိတ်ရက်မှာ သူငယ်ချင်းတွေနဲ့ တစ်နေရာသွားမယ်လို့ စာရေးထားတယ်"

"ဘယ်သွားမယ်လို့ မပါဘူးလားရှင်"

"မပါဘူးကွယ့်"




ခင်ခင်ကြီးသည် အကြံအိုက်သွားသလို ရှိသည်။

"သူ မြို့ကို ပြန်လာဦးမယ်ဆိုတာ ကျိန်းသေပဲ့မလားဟင်"

"ဒါတော့ ငါလည်း အတပ်မပြောနိုင်ဘူး။ ဒီရက်တွေ ရောက်မှဆိုရင်တော့ လာချင်မှ လာမယ်ထင်တယ်"

ခင်ခင်ကြီး သက်ပြင်းရှိုက်သည်။

"ဒါထက် နေစမ်းပါဦး။ မင်းမှာ သူနဲ့ တွေ့စရာကိစ္စ အထွေအထူးရှိနေလို့လား"

ဦးကောင်းမိုးက ပြန်မေးသည်။ ခင်ခင်ကြီး ပျာပျာသလဲဖြေသည်။

"မရှိပါဘူးရှင်"

"ဒါနဲ့ ဘာလို့ သူမြို့ကို ပြန်လာ မလာ မေးရတာလဲ"

"သူနဲ့တွေ့ချင်လို့ပါ"

"ဘာအတွက် တွေ့ချင်ရတာလဲ"

"ဘာအတွက်ရယ်တော့ မဟုတ်ပါဘူး။ စကားတစ်လုံး နှစ်လုံး ပြောချင်စရာရှိလို့ပါ"

ဦးကောင်းမိုး၏မျက်ဝန်းမှာ ကျဉ်းမြောင်းလာသည်။ အကြည့်သည် ပိုမိုစူးရသည်။ မျက်လုံးအရောင်က ပိုမိုပြောင်လက်လာသည်။

"မှာစရာရှိရင် မှာခဲ့ပါလား"

"ကိစ္စမရှိပါဘူးရှင်"

"အတော်အရေးကြီးသလားဟင်"

"မကြီးလှပါဘူး"

ခင်ခင်ကြီးသည် ဦးကောင်းမိုးနှင့် ရင်ဆိုင်နေရသည်ကို စိတ်မှာ ကျဉ်းကျပ်လာသည်။ မိမိကိုယ်ကိုယ် မလုံမလဲ ရှိလာမိသည်။ ဦးကောင်းမိုး၏ မျက်နှာအနေအထားအတွက် စိုးရွံ့ရခြင်းကိုလည်း ခံစားရသည်။ ဦးကောင်းမိုးနှင့် သူတို့ ဆွေမျိုးနီးစပ်တော်သည်ဆိုသော်လည်း မိမိအပေါ် ရင်းနှီးမှုလိုပုံမရှိကြဟု ထင်သည်။ မျက်နှာထားမှာ တင်းမာခက်ထန်လှသည်ဟု တွေးမိသည်။

"ကျွန်မ ပြန်တော့မယ်၊ ခွင့်ပြုပါဦး"

"ကောင်းပြီ"

ခင်ခင်ကြီးက နှုတ်ဆက်စကားကို ခပ်တိုတိုဆိုသည်။

ဦးကောင်းမိုးက ခေါင်းကိုညိတ်ပြသည်။ ခင်ခင်ကြီးသည် ဦးကောင်းမိုးအား ကျောခိုင်းလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရမိသလို ပြန်လှည့်လိုက်သည်။

"တကယ်လို့များ ကိုမောင်မောင်ဦး မြို့သို့ပြန်ရောက်လာခဲ့ရင် ကျွန်မ လာမေးတယ်လို့ ကျေးဇူးပြုပြီး ပြောပေးပါရှင်"

"ဟုတ်ပြီ ပြောလိုက်မယ်"

သို့ဖြင့် ခင်ခင်ကြီး တစ်ဖက်သို့ လှည့်လိုက်သည်။ ဦးကောင်းမိုးအား ကျောခိုင်းလိုက်သည်။ အိမ်မှ တရွေ့ရွေ့ထွက်ခွာလာခဲ့ပါသည်။

ယင်းသို့လာခဲ့ရင်း လမ်းတစ်နေရာတွင် တစ်စုံတစ်ခုကို ခင်ခင်ကြီးသတိထားမိသည်။ အိမ်နှင့် ခြံပေါက်ဝသို့ ဆက်သွယ်ထားသည့် မြေနီလမ်းဘေးရှိ ပန်းချုံအစပ်မှ အရုပ်ကလေးတစ်ရုပ်ဖြစ်သည်။ ယင်းအရုပ်မှာ ပျက်စီးနေသည်။ ကျိုးပဲ့နေသည်။ ကိုယ်တခြား ခေါင်းတခြား ဖြစ်နေသည်။ သို့ပေမဲ့ ယင်းအရုပ်ကလေးကို ခင်ခင်ကြီး မှတ်မိသည်။ ပင်းဘုရားပွဲတော်ဈေးတန်းမှ ဝယ်ခဲ့သော ယမင်းရုပ်ကလေး ဖြစ်သည်။ မောင်မောင်ဦးက တောင်းသဖြင့် ပေးခဲ့သည်။ ထိုစဉ်က အသက်ထက်ဆုံး အမြတ်တနိုး သိမ်းဆည်းထားပါမည်ဟု ဆိုခဲ့သည်။ ယခုမူ လမ်းဘေးရှိ ချုံကြိုချုံကြားအတွင်း ရောက်နေပေပြီ။

သည်တော့လည်း ခင်ခင်ကြီး၏ရင်မှာ မကောင်းနိုင်။ စင်စစ် မောင်မောင်ဦး ဟူသည် လိုချင်မျက်စိရှိတတ်သူ၊ အလွယ်တကူ ကတိပေးတတ်သူ၊ ပြီးလျှင်မူ အလွယ်တကူ စွန့်ပစ်တတ်သော သဘောရှိသူပေပဲလား စဉ်းစားလာရသည်။ ထိုသူ၏ စိတ်သန္တာန်မှာ ယင်းသဘောဖြင့် ပြွမ်းတီးခြင်းရှိလေသလား တွေးတောလာရပါသည်။

ခြံအတွင်းမှ ထွက်ခဲ့လေလျှင် နေအရောင်အောက်သို့ ရောက်လာသည်။ နေသည်ပူလောင်ပြင်းပြလှချေသည်။ လူ၏အသားအရေကို ခြောက်ခန်းစေတော့မည်လား ထင်ရသည်။ ခေါင်းပေါ်မှာ မီးခဲရဲရဲရွက်ထားဘိသို့ ဆံပင်များပင် ကြွပ်ရွလာသည်။ သို့ပေမဲ့ ခင်ခင်ကြီးသည် ယင်းအပူကို သတိမရ။ ယင်းအပူသည် သူမအား ထိရောက်စေနိုင်ခြင်း မရှိတော့သည့်အသွင်။ အကြောင်းမူ မိမိရင်အတွင်းမှ အပူမီးတောက်သည် ပို၍ကြီးသည်ဟု ခင်ခင်ကြီး မှတ်ယူသည်။ ရင်တစ်ခုလုံးကိုပင် လောင်ကျွမ်းနေလေပြီလားထင်သည်။ နှလုံးသားသည် ပြာအထိ ဖြစ်ရလေပြီ ထင်ပါသည်။

မောသည်။ ပြီးတော့ နုံးသည်။ ခြေလက်များလေးလံနေသည်။

ခင်ခင်ကြီးသည် နေပူကျဲကျဲအောက်တွင် အဆောင်းအကာမပါဘဲ လျှောက်ခဲ့သည်။ ဝန်းကျင်ကိုလည်း ဂရုမထားမိ။ အရေးမစိုက်မိ။ မငိုမိဖို့အတွက် မနည်းပင် ချုပ်တည်းထားရသည်။ မျက်ရည်မကျစေရန် မနည်းပင် ထိန်းထားရသည်။ ရံခါတွင် မိမိကိုယ်ကို ဒေါသဖြစ်သည်။ အပြစ်တင်မိသည်။ "ဒီလောက်အတွဲမိန်းမ ခုလိုဖြစ်တာ ကောင်းတယ်" စသည်ဖြင့် မိမိကိုယ်ကိုပင် ဒေါမနဿ ဖြစ်ရသည်။ ရံခါတွင်လည်း ကမ္ဘာလောက၏ ကျယ်ဝန်းနက်ရှိုင်းခြင်းသာဓကကို မသိသေးမီ အမွေးအတောင် မစုံလင်မီ မိမိသိုက်မြုံမှ ပျံထွက်၍ အတောင်ကျိုးရသည့် ငှက်ငယ်ပုံပြင်ကို သတိရသည်။ "ခင်ခင်ကြီး ညည်းလည်း အတောင်ကျိုးပါပကော" ဟု ယူကျုံးမရစိတ်ဖြင့် ပြောနေမိသည်။

ခင်ခင်ကြီးသည် သတိမေ့လျော့နေသူအလား လမ်းအတိုင်း လျှောက်လာခဲ့သည်။ မြောင်အသွယ်သွယ်ကို ကျော်ခဲ့သည်။ လမ်းအသွယ်သွယ်ကို ဖြတ်ခဲ့သည်။ မည်သည့်နေရာ မည်သည့်အရပ်သို့ ရောက်ခဲ့သည်မသိ။ သည်လမ်းအတိုင်း လျှောက်ခဲ့လျှင် အိမ်သို့ရောက်မည်ဟူသောအသိဖြင့် လျှောက်ခဲ့ခြင်းသာ ဖြစ်သည်။

ခင်ခင်ကြီးသည် လူသူရှုပ်ထွေးသောနေရာသို့ ရောက်မှပင် မိမိရောက်ရှိနေသည်မှာ ဈေးဖြစ်ကြောင်း သိရသည်။ သူ၏ တူရှုပါမှ မြင်းရထားတစ်စီးလာနေသည်ကို မြင်သည်။ အစသော် မြင်းရထားစီး၍ ကျန်ခရီးကို ပြန်ရလျှင် ကောင်းလေမည်လား စဉ်းစားမိသေးသည်။ နောက်တော့ ရွှေကြာငုံနှင့် များစွာမဝေးတော့ကြောင်း တွေးမိသည်။ သည်အတိုင်းပင် ပြန်တော့မည်ဟုဆုံးဖြတ်ကာဆက်လက်လျှောက်လာခဲ့သည်။

မြင်းရထားသည် သူ့နံဘေးတွင် ရပ်လာသည်။ ရထားတံခါးပေါက်မှ ခေါင်းတစ်လုံး ထွက်လာသည်။ ဤသည်ကို ခင်ခင်ကြီး သတိမထားမိ။

"ခင်ခင်ကြီး"

ခေါ်သံကြားရမှ ဆတ်ခနဲ မော့ကြည့်မိသည်။

ထိုအခါ ခင်ခင်ကြီး တစ်ယောက်တည်းအဖို့ ကမ္ဘာလောကကြီးတစ်ခုလုံး အိုးထိန်းစက်သို့ ချာချာလည်သွားလေသလား ထင်မှတ်လိုက်မိပါသည်။

ရထားတံခါးပေါက်မှ ပေါ်ထွက်နေသည့် မျက်နှာကို ကြည့်ကာ အံ့အားသင့်လွန်းသဖြင့် ကြက်သေသေသွားရသည်။ တစ်ကိုယ်လုံးရှိအကြောစိုင်များ တုံ့ဆိုင်းသွားရသည့်နှယ်ပင်။ ခင်ခင်ကြီး၏ဝိညာဉ်မှာ လွင့်စဉ်သွားရသည့်နှယ်ပင်။

"ဘာငေးနေတာလဲ ညီမ"

စကားသံ ထပ်မံထွက်ပေါ်လာသည်။

မြင်းရထားတံခါး ပွင့်လာသည်။ သူမ၏လက်တစ်ဖက်ကို လှမ်းဆွဲလိုက်ခြင်း ခံရသည်။ ခင်ခင်ကြီးသည် အိပ်မက်မက်နေသူအလား မြင်းရထားပေါ်သို့ ရောက်လာသည်။ ယခုတိုင်အောင် သူ့မျက်နှာကို ခင်ခင်ကြီး မျက်တောင်မခတ်တမ်း ကြည့်နေမိသည်။ တကယ်လေလား အိပ်မက်လေလားဟု မခွဲခြားနိုင်သလို စူးစူးစိုက်စိုက် ကြည့်နေမိခြင်းဖြစ်သည်။

နောက်တော့ အသံသည် ခင်ခင်ကြီး၏လည်ချောင်းကို ဖြတ်သန်းထွက်ပေါ်လာသည်။

"အစ်ကို"

ခင်ခင်ကြီး ဘာတစ်ခုမျှ ဂရုမထားနိုင်တော့။ ဘာတစ်ခုမျှ အရေးမစိုက်နိုင်တော့။ မျက်ရည်ပေါက်ကြီးများ ပါးပြင်ပေါ်သို့ လိမ့်လျှောကျဆင်းလာလေတော့သည်။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**လမ်းတစ်နေရာတွင် တစ်စုံတစ်ခုကို ခင်ခင်ကြီးသတိထားမိသည်။**
**အိမ်နှင့်ခြံပေါက်ဝသို့ ဆက်သွယ်ထားသည့် မြေနီလမ်းဘေးရှိ ပန်းချုံအစပ်မှ**
**အရုပ်ကလေးတစ်ရုပ်ဖြစ်သည်။ ယင်းအရုပ်မှာ ပျက်စီးနေသည်။ ကျိုးပဲ့နေသည်။**
**ကိုယ်တခြား ခေါင်းတခြား ဖြစ်နေသည်။ သို့ပေမဲ့ ယင်းအရုပ်ကလေးကို ခင်ခင်ကြီး မှတ်မိသည်။**
**ပင်းဘုရားပွဲတော်ဈေးတန်းမှ ဝယ်ခဲ့သော ယမင်းရုပ်ကလေးဖြစ်သည်။**
**မောင်မောင်ဦးက တောင်းသဖြင့် ပေးခဲ့ . . .**




နေရောင်
အောက်က
သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို
ထိန်းသိမ်းစို့

❖ **ကွန်တီမှ**

ကွန်တီဟာ ပရီမီယာလိဂ်ရဲ့ လုပ်ခလစာ အမြင့်ဆုံးရရှိတဲ့ နည်းပြတွေထဲက တစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။

နည်းပြကွန်တီဟာ စီးရီးအေဆုဖလားကို ရယူပေးခဲ့ပြီးနောက် မေလအတွင်းက အင်တာမီလန်အသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့ပြီးချိန်ကတည်းက အသင်းလက်မဲ့ဖြစ်နေတာဖြစ်ပါတယ်။ ကွန်တီဟာ ချယ်လ်ဆီးအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဒါ့ပြင် ကွန်တီဟာ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ဂျူဗင်တပ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ရာမှာ အီတလီစီးရီးအေဖလားသုံးကြိမ်ရယူပေးနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ အီတလီနိုင်ငံလက်ရွေးစင်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း ဗီယက်နမ်ကို အရေးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၂**

အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု(I) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ကာဂျစ္စတန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဗီယက်နမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး ခြေစစ်ပွဲမအောင်မြင်ခဲ့ကြောင်း သိရသည်။

ပထမပိုင်းတွင် အပြန်အလှန်ကစားနိုင်သော်လည်း ထိရောက်သည့်ဂိုးသွင်းခွင့်မရသဖြင့် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းကဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၈ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ဟိုထရန်မင်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဗီယက်နမ်အသင်းအနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ကစားပုံနှင့် တိုက်စစ်ဆင်မှုများမှာ အားရစရာမရှိသောကြောင့် ဗီယက်နမ်ခံစစ် အလွယ်တကူထိန်းချုပ်နိုင်ခဲ့သည်။ ၇၉ မိနစ်တွင် မြန်မာနောက်ခံလူ အောင်ဝဏ္ဏစိုး ထုတ်ပယ်ခံခဲ့ရသည်။

ခြေစစ်ပွဲအုပ်စုပွဲစဉ်များအားလုံး ပြီးဆုံးသွားပြီဖြစ်ပြီး အုပ်စု(A)မှ ကာတာ၊ အုပ်စု(B)မှ အီရန်၊ အုပ်စု(C)မှ အီရတ်၊ အုပ်စု(D)မှ ကူဝိတ်၊ အုပ်စု(E)မှ ယူအေအီး၊ အုပ်စု(F)မှ ဂျော်ဒန်၊ အုပ်စု(G)မှ ဩစတြေးလျ၊ အုပ်စု(H)မှ တောင်ကိုရီးယား၊ အုပ်စု(I)မှ ဗီယက်နမ်၊ အုပ်စု(J)မှ မလေးရှားနှင့် အုပ်စု(K)မှ ဂျပန်အသင်းတို့ အုပ်စုပထမနေရာရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ အကောင်းဆုံးအုပ်စုဒုတိယနေရာရ လေးသင်းတွက်ချက်ရာတွင်မူ အုပ်စု(J)မှ ထိုင်းအသင်း၊ အုပ်စု(F) တာ့ခ်မင်နစ္စတန်အသင်း၊ အုပ်စု(D)မှ ဆော်ဒီအာရေဗျ၊ အုပ်စု(B)မှ တာဂျစ်ကစ္စတန်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ်သုံးမှတ်ဖြင့် အုပ်စုဒုတိယနေရာရခဲ့သော်လည်း အကောင်းဆုံးအုပ်စု ဒုတိယနေရာရအသင်းများ တွက်ချက်ရာတွင် အဆင့်(၆)နေရာသာရခဲ့သဖြင့် ခြေစစ်ပွဲမအောင်ခဲ့ခြင်းဖြစ်သည်။ **ကိုညီလေး**

မူးယစ်
ကို
ပစ်
ပန်း
တိုင်
သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

**စက်မှုဇုန်မြေကွက်နှင့် အဆောက်အအုံ အမြန်ရောင်းမည်**

အသေးစား၊အလတ်စား၊စက်ရုံ၊အလုပ်ရုံ၊ဂိုဒေါင်၊ လူနေရန်အလွန်ကောင်း၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ဇုန်(၅)၊ ဂန္ဓဝင်လမ်းနှင့်ရွှေဝါ(၃)လမ်းထောင့် ပေ(၆၀)ပတ်လည်၊နှစ်(၆၀)ဂရန်၊ နှစ်ထပ်အာစီ၊အာစီအမိုး၊အားလုံးကြွေပြားကပ်ပြီး (၄၄၀)ပါဝါမီတာပါ၊ အဝီစိရေကောင်း။ အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။ ဦးရာလူရမည်။ စိတ်ဝင်စားသူများ အမြန်ဆက်သွယ်ပါ။

စုံစမ်းရန်ဖုန်း - ၀၉-၅၀၀၀၆၇၃၊ ၀၉-၅၀၁၅၆၄၇

**ကွန်ဒိုမီနီယံတိုက်ခန်း**

**အထူးလျှော့ဈေးနှုန်းဖြင့် အမြန်ရောင်းမည်**

**စမ်းချောင်း၊ ဓမ္မကဝတီလမ်း၊ တတိယထပ် ၂၅ ပေ ၅၀ ပေ** အခန်းဖွဲ့ပြီး Air-con တပ်ဆင်ပြီး ဓါတ်လှေကားပါသည်။

သိန်း-၁၂၀၀ (ပါးပါးလျှော့မည်။)

**ဆက်သွယ်ရန်ဖုန်း - ၀၉-၅၀၀၀၆၇၃၊ ၀၉-၅၁၅၁၅၇၆**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၈၂၂/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်း (၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၂၂/ခ)၊ ရတနာပုံ(၂)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင် ဆိုင်သူ ဒေါ်လှလှဌေး(ဘ)ဦးဘညွန့် (၁၂/သကတ(နိုင်)၁၂၆၀၁၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၃၁.၁၀.၂၀၂၁) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာစာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ် တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မောင်ရှိ(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မတ်လအထိ) တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်-

(က) တော်တမတ်ချောင်းတံတားအထက်မှ တော်တမတ်ရေတံခါး Out fall channel အထိ ရေနုတ်မြောင်းတူးဖော်ခြင်း

(ခ) တော်တမတ်ချောင်းတံတားမှ ကျော်လှော်ရိုးရေတံခါး Out fall channel အထိ ရေနုတ်မြောင်းတူးဖော်ခြင်း၊

(ဂ) ငမိုးရိပ်ရေတံခါးရေဝင်မြောင်းတူးဖော်ခြင်းလုပ်ငန်း အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် | - | ၃-၁၁-၂၀၂၁ရက်(ရုံးချိန်အတွင်း) |
| ၃။ တင်ဒါပိတ်မည့်ရက်/အချိန် | - | ၄-၁၂-၂၀၂၁ ရက် (၁၆:၃၀)နာရီ |
| ၄။ တင်ဒါပေးသွင်းရမည့်နေရာ | - | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ |

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဖုန်း-၀၁-၅၇၇၅၅၃၊ ၀၁-၂၃၃၆၄၀၂ တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပြင်ဦးလွင်မြို့**

**ကန့်ကွက်လွှာခေါ်ယူခြင်း**

၁။ ပြင်ဦးလွင်မြို့၊ သီရိပဒေသာယာဉ်ရပ်နားစခန်းအတွင်းရှိ ဂိတ်ခန်းအမှတ်(B-11) မန်းရွှေမြို့တော်ဂိတ်ခန်းအား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးသန်းဦး[၉/မနတ(နိုင်)၀၀၀၉၄၆]မှ အောက်ဖော်ပြပါ ပိုင်ရှင်သို့ အပြီးတိုင်လွှဲပြောင်းရောင်းချပြီးဖြစ်သဖြင့် ပိုင်ရှင်အမည်ပေါက် ပိုင်ဆိုင်ခွင့်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါကမည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | ဂိတ်ခန်းအမှတ် |
|---|---|---|
| | ဦးစန်းအောင် [၉/မထလ(ဧည့်)၀၀၀၁၉] | B-11 |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ဂိတ်ခန်းပိုင်ရှင်အမည်လွှဲပြောင်းနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

**ရုံးအမှတ်(၁)၊ နေပြည်တော်**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| (က) ဒုတိယဦးစီးမှူး | (လစာနှုန်းကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၅)နေရာ |
| (ခ) ဒုတိယလက်ထောက်ဦးစီးမှူး | (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄)နေရာ |
| (ဂ) ယာဉ်မောင်း(၅) | (လစာနှုန်းကျပ်၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁)နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၂၂-၁၁-၂၀၂၁ ရက်နေ့တွင် အမှတ်စဉ်(က) ရာထူးအတွက် အသက်(၂၇)နှစ်ထက်မကျော်သူ၊ အမှတ်စဉ်(ခ)နှင့် (ဂ) ရာထူးအတွက် အသက်(၂၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၂၂-၁၁-၂၀၂၁ရက်နေ့တွင် အမှတ်စဉ် (က)၊ (ခ) နှင့် (ဂ)ရာထူးများအတွက် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(င) ရွေးချယ်ခြင်းခံရပါက နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူကို ဦးစားပေး ရွေးချယ်မည်ဖြစ်ပါသည်။

၃။ ခေါ်ယူမည့်ရာထူးအတွက် သတ်မှတ်ချက်များ

(က) ဒုတိယဦးစီးမှူးရာထူးနေရာအတွက်

- ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) B.A (English)၊ B.A (English)U.F.L၊ B.A (English for Professional Purposes)၊ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး) B.A (International Relations)၊ ဝါဏိဇ္ဇဘွဲ့B.Com၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့(B.B.A)၊ စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ(Eco)၊ ဖွံ့ဖြိုးရေးပညာဘွဲ့ B.Dev.S၊ ဥပဒေဘွဲ့(LL.B) ရရှိသူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံ ကျွမ်းကျင်ရမည်။

(ခ) ဒုတိယလက်ထောက်ဦးစီးမှူးရာထူး နေရာအတွက်

- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံ ကျွမ်းကျင်ရမည်။

(ဂ) ယာဉ်မောင်း(၅)ရာထူးနေရာအတွက်

- အခြေခံပညာအလယ်တန်း အောင်မြင်ပြီး ယာဉ်မောင်းလိုင်စင်(ခ) ရရှိသူဖြစ်ရမည်။

၄။ လျှောက်လွှာပုံစံကိုနိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်ယူနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲ ပေးပို့ရပါမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက်မူရင်း

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက် မူရင်း (လွန်ခဲ့သော တစ်လအတွင်း)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမား မှတ်ပုံတင်ကတ်ပြား မိတ္တူ

(စ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (လွန်ခဲ့သောခြောက်လခန့်)
(ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်)

၆။ လျှောက်လွှာများကို ဓာတ်ပုံအပို(၂)ပုံနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့ ၂၂-၁၁-၂၀၂၁ ရက်အရောက် ပေးပို့ရပါမည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနသို့ ၂၄-၁၁-၂၀၂၁ ရက် နောက်ဆုံးထား၍ပေးပို့ရပါမည်။

၈။ ရေးဖြေစာမေးပွဲကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတည်ရှိရာ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို ၂၇-၁၁-၂၀၂၁ ရက်တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၉။ အချက်အလက်မပြည့်စုံသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၁၀။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၂၅-၁၁-၂၀၂၁ ရက်နှင့် ၂၆-၁၁-၂၀၂၁ ရက်များတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသ၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ထုတ်ယူနိုင်သည်။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြေညာထားပါမည်။

၁၁။ သိရှိလိုသော အချက်အလက်များကို ရုံးအမှတ်(၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၇၁၅၂ ၊ ၀၆၇-၃၄၀၇၁၅၃ သို့ ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(B-2) ၊Studio Type၊ City Loft RC(၈)ထပ်တိုက်၏ အခန်းအမှတ်(၅၁၀)၊ (၅-လွှာ)၊ ဧရိယာ(၃၁၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြတ်ဆုမွန် [၁၂/မဂဒ(နိုင်)၁၄၂၄၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်ကျော်ဇောဆွေ [၁၂/စခန(နိုင်)၀၅၇၅၆၅]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်ကျော်ဇောဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph:09-421157856,09-798458627**
**Level (5,6,7,8),Tower(2),HAGL Myanmar Center Tower**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၂၈)မိုလ်ကုန်းရပ်၊ ဦးပိုင်(၃/၁)၊ မြေကွက်အမှတ်(၃၁/၅၉)၊ အကျယ်အဝန်း (၀.၁၈၄-ဧက)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၃၀)ဂရန်အမည်ပေါက်သူ ဦးစိန်ဝင်း[၈/ဂဂန(နိုင်)၀၅၀၅၅၆]နှင့် ဒေါ်မြင့်မြင့်ဌေး[၈/ပခက(နိုင်)၁၇၀၈၆၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လင်းသက်ချိုသွင်[၁၄/မမန(နိုင်)၁၄၇၉၁၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **LL.B,D.B.L,D.I.L,D.M.L.** | **LL.B,D.B.L,D.I.P.L.** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၄)** |
| **Hein Htet San Law Firm** | **ဖုန်း-၀၉-၅၅၀၄၂၆၅၊ ၀၉-၄၅၀၀၁၇၁၃၆၊ ၀၉-၄၂၈၀၂၀၃၆၉** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ သံသုမာလမ်းမ၊ အမှတ်(၅၇၉)၊ ဒုတိယထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း **(၁၉ ပေ × ၅၆ ပေ )**ရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်ယင်းကွန်ဒို တိုက်ခန်းနှင့် ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ **ဦးဇော်မင်းဟန် (၇/ပမန(နိုင်)၀၀၃၆၄၆)** ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက် စာတမ်း(မူရင်း) များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇)**ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ

| | | | |
|---|---|---|---|
| ဦးအောင်နိုင်ဦး(စဉ်-၄၂၇၂) | ဦးမျိုးညွန့်(စဉ်-၅၁၄၂) | ဒေါ်ခင်ဝင်းဖြူ(စဉ်-၉၂၈၄) | ဒေါ်ခင်သူဇာငြိမ်း(စဉ်-၁၂၄၀၁) |
| LL.B | LL.B,D.B.L | LL.B,D.B.L | LL.B |

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၂၅၀ ၃၇၃၇၁၆၊ ၀၉ ၄၄၃၁ ၆၅၆၅၆၊ ၀၉ ၄၄၃၀ ၂၉၆၉၆
E.mail : saikhungnoung1995@gmail.com

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၂

| | | |
|---|---|---|
| ဦးဖြိုးဝေလှိုင် | နှင့် | ဒေါ်ဥမ္မာ |
| (တရားလို) | | (တရားပြိုင်) |

**ဆွဲလဲချောင်း (ပေတရာ)၊ အုတ်တွင်းမြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီးနေ ဒေါ်ဥမ္မာ သိစေရမည်။**

သင့်အပေါ်၌ **တရားလို ဦးဖြိုးဝေလှိုင်က ငွေကျပ် ၂၀၀၀၀၀၀၀/-(သိန်းနှစ်ရာတိတိ)ရလိုမှု**ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်** (မွန်းမတည့်မီ ၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

**၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့**တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွှတ်
ငွေ------ရရှိပြီး

**(အောင်နေမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၄၆၉/ခ)၊ မြေကွက်တည်နေရာအမှတ် (၄၆၉/ခ)၊ တကောင်း(၇)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် [ဒေါ်ကျင်အေး (S/OKA-၀၁၇၃၃၁)]အမည်ပေါက် နှစ်(၆၀)မြေအား အမည်ပေါက် ဒေါ်ကျင်အေး(အစ်မ/အပျိုကြီး) ကွယ်လွန်သဖြင့် ဦးလှထွေး(ခ) ဦးလှထွန်း[၁၂/ဥကတ(နိုင်)၀၇၃၅၉၃]မှ တစ်ဦးတည်း သောမောင်တော်စပ်ကြောင်း ကျမ်းကျိန် လွှာ(၁၂/၉၇/၂၀၂၀)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**သစ် တော မှန် လျှင် အသုံး ဝင် အစဉ် ထာ ဝ ရ ထိန်း သိမ်း ကြ**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန်
## လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၂၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၅၄

ဒေါ်မြင့်စိန် **လျှောက်ထားသူ**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ အနောက်ဒရင်းအုပ်စု၊ စဥ့်ကူးကျေးရွာရပ်နေ အရွယ်မရောက်သေးသူ မလဝန်းအိမ်နှင့် မောင်အောင်စွမ်းပြည့်တို့ (၂)ဦးပိုင်သော ပစ္စည်းအကြောင်း ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ အနောက်ဒရင်းအုပ်စု၊ စဥ့်ကူးကျေးရွာရပ်နေ (၁) ဒေါ်မြင့်စိန်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူများ၏ အဘွားဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်၊ ပစ္စည်း၊ ကိုယ်နှင့်ပစ္စည်းကို (၁)အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန် အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက် (၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)နေ့တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်း(၂၀)မျိုးအား တင်ဒါခေါ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်လျှောက်လွှာရောင်းချမည့်ရက် | - | (၁-၁၁-၂၀၂၁)(တနင်္လာနေ့) |
| (ခ) | တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန် | - | (၃၀-၁၁-၂၀၂၁)(အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ |
| (ဂ) | တင်ဒါစိစစ်မည့်နေရာ | - | မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး(ဖုန်း-၀၉-၈၉၀၂၃၅၄၅၉၊ ၀၉-၇၉၆၃၅၇၆၆၀)သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**
**မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ရက်စွဲ၊ ၂၀၂၁၊ နိုဝင်ဘာလ (၂)ရက်**

## အထွေထွေကိုယ်စားလှယ်လွှဲစာ
## ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၄/ရပ်ကွက်၊ သုတ(၃)လမ်း၊ အမှတ်(၄၃၁)နေ ဦးကျော်မိုး(ဘ) ဦးစိန်ဟန်[၁၂/ဥကတ(နိုင်)၀၃၉၉၀၄]မှ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၈၅)နေ ဒေါ်သွယ်သွယ်ဝင်း(ဘ) ဦးစန်းဝင်း[၁၄/ဝခမ(နိုင်)၁၉၉၀၁၇]အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၉-၂-၂၀၁၆ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၆၀/၂၀၁၆)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်မိုး**
**[၁၂/ဥကတ(နိုင်)၀၃၉၉၀၄]**
**ဖုန်း-၀၉-၄၂၀၀၀၈၁၄၂**

## အများသိစေရန် ကြေညာချက်

၁။ ပုဇွန်တောင်မြို့နယ်၊(၅၁)လမ်း၊ အမှတ်(၇၆/၇၈) တွင် (၈°/၂)ထပ်တိုက် ဆောက်လုပ် ခွင့်ပြုမိန့်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ၏ ၁၂-၆-၂၀၁၅ ရက်စွဲပါ စာအမှတ် ၁၁၁၃/ ၁၁၁၄/ စည်ပင်-ယာ(အုံ) ပိုင်ရှင်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လိုင်စင်ရကန်ထရိုက်တာဦးစန်းမောင် (LC-၁၁၃) နှင့် လိုင်စင်ရအင်ဂျင်နီယာဒေါ်နှင်းဝေဝေ(LS-၄၁)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့သည်။

၂။ ယခုအခါအဆိုပါ(၈°/၂)ထပ်တိုက်အဆောက်အအုံ၏ ဆောက်လုပ်ခွင့်အား သက်တမ်းတိုး တင်ပြလာရာ မူလ လိုင်စင်ရကန်ထရိုက်တာဦးစန်းမောင်(LC-၁၁၃) မှာ ကွယ်လွန်သွားပါသဖြင့် လိုင်စင်ရကန်ထရိုက်တာဦးထွန်းထွန်းမြင့် (LC-၄၂၉)ဖြင့်ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန်မြေရှင် နှင့် လိုင်စင်ရကန်ထရိုက်တာတို့မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရခိုင်ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်၊ ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် မြို့ပြလုပ်ငန်းများကို ပုတ်ပြတ်(Turn Key)စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ တယ်လီဖုန်းအမှတ် ၀၉-၅၆၈၀၆၃၅၊ ၀၄၃-၂၀၂၂၅၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | -၃-၁၁-၂၀၂၁ရက် |
| (ခ) | တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက် | - ၂-၁၂-၂၀၂၁ရက် (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် | - ၃-၁၂-၂၀၂၁ရက် (၁၂:၀၀)နာရီ |
| (ဃ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ | -(ကမ်းနားလမ်းနှင့်အကောက်ရုံလမ်းထောင့်၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့) |

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၁)လမ်း အနောက်၊ မြေကွက်အမှတ် (၂၇၆/ခ)၊ အမှတ်(၂၇၆/ခ)၊ မြေကွက်အကျယ် (အလျားပေ၂၀xအနံပေ၆၀)ရှိ ဦးစန်း[၁၂/သကတ(နိုင်)၀၆၈၂၃၀]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဦးစန်း၏ အမွေဆက်ခံခွင့်ရှိသော သားသမီးများထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးမော်[၁၂/သဃက(နိုင်)၁၀၅၆၃၆]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးတင့်ဦး[၇/ညလပ(နိုင်)၀၈၂၅၆၈]၊ ဒေါ်မီမီလွင်[၇/ညလပ(နိုင်)၀၈၂၅၇၆]တို့မှလည်း ဝယ်ယူရန်သဘောတူညီသည့်အလျောက် (၂၈-၁၀-၂၀၂၁)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ခင်ဌေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၁၅)(၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဇမ္ဗူသီရိ(၁)လမ်း အနောက်၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ တိုက်အမှတ် (၃၀-အေ)၊ အခန်းအမှတ် (အေ-၆)၊ ဒုတိယထပ်၊ (၃-လွှာ)(ယာ)၊ အကျယ်အဝန်း (၁၇' x ၇၀')ရှိ ရေ၊ မီးစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ပိုင်ရှိသူ ဦးဇေယျာထွန်း (၇/ဒဥန(နိုင်) ၁၁၉၈၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သက်ယုဆွေ (LL.B, MBL, DIL, DML)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၂၂)
အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (B-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 263684144

## "အများသိစေရန် ကြေညာခြင်း"

Farmer Auto Trading Co.,Ltd အနေဖြင့် မော်တော်ယာဉ်များကို ဘဏ်များနှင့်ချိတ်ဆက်၍ အရစ်ကျ (အငှားဝယ်စနစ်)ဖြင့် ရောင်းချထားရာတွင် အောက်အမည်ပါပုဂ္ဂိုလ်များမှ အရစ်ကျပေးသွင်းရန်အတွက် ကာလကြာမြင့်စွာ ပျက်ကွက်လျက်ရှိပါသောကြောင့် ယာဉ်အရစ်ကျဝယ်ယူသူများအနေဖြင့်လည်းကောင်း၊ အောက်ဇယားပါယာဉ်များအား လက်ဝယ်ရှိသူများအနေဖြင့်လည်းကောင်း၊ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကုမ္ပဏီထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဆက်သွယ်၍ဖြစ်စေ အရစ်ကျငွေများပေးသွင်းခြင်း (သို့) ယာဉ်များလာရောက်အပ်နှံခြင်းကိစ္စရပ်များအား ပြုလုပ်ဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ခဲ့ပါက အောက်ဇယားပါ အရစ်ကျဝယ်ယူသူများနှင့် ယာဉ်လက်ဝယ်ရှိသူများအား ဥပဒေကြောင်းအရဆောင်ရွက်ခြင်း (သို့) ယာဉ်ပြန်လည်သိမ်းဆည်းခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

| စဉ် | ယာဉ်အရစ်ကျဝယ်ယူသူအမည် | မှတ်ပုံတင် | နေရပ် | ယာဉ်အမျိုးအစား | ယာဉ်နံပါတ် |
|---|---|---|---|---|---|
| ၁ | ဒေါ်မေဖြူဝင်းသိန်း | ၁၂/ဒဂတ(နိုင်)၀၂၆၇၁၁ | အမှတ်(၃/၁/၈)၊ (၂)လမ်း၊ စိုက်ပျိုးမွေးမြူရေး အမှတ်(၁)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။ | Mazda Demio | 3H/3137 |
| ၂ | ဦးအောင်သန်းဇော် | ၈/ဆဖန(နိုင်)၀၅၀၃၇၅ | အမှတ်(၁၂)၊ ရွှေဟင်္သာလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်။ | Isuzu Light Truck | 4G/4848 |
| ၃ | ဦးခိုင်လွင်အောင် | ၁၂/မရက(နိုင်)၁၁၅၄၈၃ | အမှတ်(၈၇၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ | Honda Fit Shuttle | 6N/5499 |
| ၄ | ဦးဟိန်းမြတ်စိုး | ၆/ကသန(နိုင်)၀၃၈၉၂၆ | အမှတ်(၃၁)၊ ၇လွှာ(B)၊ ဣန္ဒာသယလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။ | Starex | 1R/6182 |

**Farmer Auto Trading Co.,Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း(LL.B,D.B.L,WIPO-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၆၆)**
**ဖုန်း-၀၉-၄၂၀၀၅၃၂၇၂**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၂၁** ရက်နေ့မှ စတင်၍ **၃-၁၂-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၆ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄.၇ | ၂၁၁၉.၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄.၁ | ၂၁၈.၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃.၆ | ၅၉၁၀.၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆.၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁.၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးနှင့် ဥက္ကဋ္ဌတာဝန်လွှဲပြောင်းသည့် အခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ် ဗီဒီယိုမက်ဆေ့ ပေးပို့ မိန့်ခွန်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂**

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့(ASEANSAI)၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (6th ASEANSAI Summit) ကို ယနေ့နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အထူးဧည့်သည်တော်အဖြစ် ဗီဒီယိုမက်ဆေ့ပေးပို့ မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပါမောက္ခဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ASEANSAI ဥက္ကဋ္ဌရုံးခန်းမှ တက်ရောက်ကြပြီး ASEANSAI အဖွဲ့ဝင်နိုင်ငံများမှ စာရင်းစစ်ချုပ်များဖြစ်သည့် ဘရူနိုင်းနိုင်ငံ စာရင်းစစ်ချုပ် Dato Paduka Yusop Mahmud၊ ကမ္ဘောဒီးယားနိုင်ငံ စာရင်းစစ်ချုပ် Dr. Mrs. Som Kim Suor၊ အင်ဒိုနီးရှားနိုင်ငံစာရင်းစစ်ချုပ် Dr. Agung Firman Sampurna၊ ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ချုပ် Mr. Michael G. Aguinaldo၊ စင်ကာပူနိုင်ငံ စာရင်းစစ်ချုပ် Ms. Goh Soon Poh၊ ထိုင်းနိုင်ငံ စာရင်းစစ်ချုပ် Gen. Chanathap Indamra၊ စာမျက်နှာ ၅ ကော်လံ ၁ သို့ ○




အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့(ASEANSAI)၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (6th ASEANSAI Summit)ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပစဉ်။

## ကွန်တီကို စပါးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်

ပရီမီယာလိဂ်ကလပ် စပါးအသင်းဟာ ချယ်လ်ဆီးအသင်းနဲ့ အင်တာမီလန်အသင်း နည်းပြဟောင်း ကွန်တီကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်တယ်လို့ Eurosport အားကစားသတင်းတစ်ရပ်အရ သိရပါတယ်။



စပါးအသင်းဟာ နည်းပြအက်စ်ပီရီတိုဆန်းတို့စ်ကို နည်းပြအဖြစ် လေးလကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးချိန်မှာ အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်ခန့်အပ်ရေးနဲ့ စပ်လျဉ်းပြီး စပါးအသင်းဥက္ကဋ္ဌ ဒန်နီယယ်လီဗိုင်းနဲ့ အားကစားဒါရိုက်တာဖေဘီယိုပါရက်တီစီတို့ဟာ အီတလီနိုင်ငံသား နည်းပြကွန်တီနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

**မန်ယူအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့**

နည်းပြ အက်စ်ပီရီတိုဆန်းတို့စ်ဟာ စပါးအသင်းနည်းပြဘဝမှာ ပြိုင်ပွဲအရပ်ရပ် ၁၇ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အိမ်ကွင်းမှာ မန်ယူအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်အပြီးမှာ စပါးအသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

အန်တိုနီယိုကွန်တီဟာ စပါးအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ရန် ၂၀၂၃ ခုနှစ် ဇွန်လအထိ စပါးအသင်းမှာ ရှိနေမယ့် ၁၈ လကြာ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ချုပ်ဆိုခဲ့တဲ့ စာချုပ်အရ တစ်နှစ်လုပ်ခလစာပေါင်း ၁၅ သန်း ရရှိခဲ့တာကြောင့် စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

ရန်ကုန်ဘူတာကြီးမှ မီးရထားဝန်ထမ်း သတင်းနှင့်ပြန်ကြားရေးတွဲဖက် ဦးထိန်ဝင်း(ခ)ရန်ကင်းမောင်အား လုပ်ကြံပစ်ခတ်သတ်ဖြတ်ခဲ့သူ ၁၅ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ — စာ » ၁၀

ရေကျော်ဈေးအနီး၌ အပြစ်မဲ့ အမျိုးသမီးငယ်တစ်ဦးအား သတ်ဖြတ်ခဲ့ပြီး ဒေါပုံမြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တရားခံ ၁၃ ဦး ဖမ်းဆီးရမိ — စာ » ၁၄

ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း — စာ » ၁၆

ယဉ်ကျေးလိမ္မာ စာပဒေသာ — စာ » ၁၈၊ ၁၉